မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ်(၀၉၉)

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး အိမ်မဲမြို့နယ်၌ ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် တက်ရောက်

အိမ်မဲ ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ကရင်အမျိုးသားစာပေနှင့်ယဉ်ကျေးမှုဦးစီးကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို ယနေ့နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနိုင်သက်လွင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✱

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်အခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

"ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်က အလေးထား ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အပစ်အခတ်ရပ်စဲရေး၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တိုင်းတွင်လည်း အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် အတူတကွ ပူးပေါင်းရင်ဆိုင်ဖြေရှင်း"

ထူးခြားသည့် ညအပူချိန်များ ၇-၁-၂၀၁၉

ဟားခါးမြို့	-	-၁ ဒီဂရီစင်တီဂရိတ်	တီးတိန်မြို့	-	၄ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	-	၂ ဒီဂရီစင်တီဂရိတ်	တွန်းဇံမြို့	-	၄ ဒီဂရီစင်တီဂရိတ်
သီပေါမြို့	-	၄ ဒီဂရီစင်တီဂရိတ်	မချမ်းဘောမြို့	-	၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	-	၄ ဒီဂရီစင်တီဂရိတ်	ရမ်ကလောင်းမြို့	-	၆ ဒီဂရီစင်တီဂရိတ်

အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ခိုင်မာစေရေးဆောင်ရွက်ရန် ကုလသံတမန် မာတင်ဂရစ်ဖစ် ယီမင်သို့ရောက်ရှိ

စာ ၁ » ၁၄

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မျှတသော တရားစီရင်ခြင်း

ဒီမိုကရေစီဆိတ်သုဉ်းခဲ့သော နှစ်ပေါင်းများစွာအတွင်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးတို့ကို အထူးပင် လိုလား တောင့်တခဲ့ကြသည်။ ထိုသို့သော လိုလားတောင့်တကြသည့် အတိုင်း အခါအခွင့်အသင့်တိုင်း ထိုသဘောဆန္ဒကို ဖော်ထုတ်ပြသကြ သည်။ ထိုသို့ ဖော်ထုတ်ပြသမှုကြောင့် ရက်စက်စွာ ဖိနှိပ်ချိုးနှိမ်ခြင်းကိုလည်း ပြည်သူတို့ ခံစားခဲ့ကြရသည်။

သို့သော်လည်း ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေး လိုချင်ကြောင်း ဆန္ဒပြဖော်ထုတ်မှုမှာ ရပ်တန့်သွားသည်ဟုမရှိဘဲ ဖိနှိပ်မှုများကြားက တုံ့ပြန်တွန်းလှန်ခဲ့ကြသည်ချည်းသာ။

ယင်းကဲ့သို့ မမိုတ်မသုန်နှင့် ရပ်ဆိုင်းသွားခြင်းမရှိသော ပြည်သူ့တိုက်ပွဲ များကြောင့်ပင် ယနေ့ကာလတွင် ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားသော အစိုးရနှင့် ဝန်ကြီးဌာနများ၊ ပြည်သူ့ကိုယ်စားလှယ် အများစုဖြင့် ဖွဲ့စည်းထားသော လွှတ်တော်များတို့ကို ရရှိထားခြင်းဖြစ် သည်ဟု မြင်ပါသည်။

ယနေ့ ပြည်သူ့အရေးအရာတို့ ရှေ့တန်းရောက်လာသောခေတ် အပြောင်းအလဲဆီသို့ ဦးတည်လာခြင်းသည် ခေတ်အဆက်ဆက်က ပြည်သူ့ဒီမိုကရေစီတိုက်ပွဲများ၏ ရလဒ်ဟု ဆိုရပါမည်။

ပြည်သူတို့ အစဉ်အဆက် တိုက်ပွဲဝင်တောင်းဆိုခဲ့ကြသော ဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့်အရေးတို့နှင့်အတူ အစဉ်အမြဲ လိုလားခဲ့သည့် အရာတစ်ခု ရှိနေသေးသည်မှာ မျှတသော တရားစီရင်ရေးစနစ် ဖြစ်ပါ၏။ ဥပဒေစိုးမိုးရေး၊ ဥပဒေ၏ အရိပ်အောက်တွင် နိုင်ငံသူနိုင်ငံသားတိုင်း တန်းတူညီမျှရှိရေး စသည်တို့မှာ ပြည်သူ့ကြွေးကြော်သံများထဲမှာ အမြဲ လိုလို ပါဝင်ခဲ့ပါသည်။

ဥပဒေစိုးမိုးသည့်နိုင်ငံအဖြစ် ရောက်ရှိရမည်ဟူသော ပြင်းပြသည့် ဆန္ဒက ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တောင်ပြိုကမ်းပြို အနိုင်ရစေခဲ့သော အကြောင်းအချက်တစ်ရပ်လည်း ဖြစ်သည်ဟု ယုံကြည်ပါသည်။

ယနေ့ကာလကိုကြည့်လျှင် ဥပဒေစိုးမိုးမှုက အတော်ပင် ကြိုးစား ဆောင်ရွက်ရဦးမည့် အခြေအနေဟု ထင်မြင်မိပါသည်။ ဥပဒေစိုးမိုးမှု ဆိုရာတွင် တရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့နှင့်အတူ အုပ်ချုပ်ရေးကဏ္ဍတို့ကလည်း အင်တိုက်အားတိုက် ဝိုင်းဝန်းလုပ်ဆောင် ကြရန်လိုမည်ဟု မြင်ပါသည်။

အဂတိလိုက်စားမှုများ၊ အဖွဲ့အစည်းအဆင့်ဆင့်ရှိ လာဘ်ပေး လာဘ်ယူမှုများတို့ကို ထိထိရောက်ရောက် ကိုင်တွယ်နိုင်ရေးကလည်း ဥပဒေစိုးမိုးရေးအတွက် အခြေခံလိုအပ်ချက်များ ဖြစ်ပါမည်။

တရားရုံးများပေါ်ရှိ တရားစီရင်ရေးကဏ္ဍတွင်လည်း ခေတ်ဆိုး ခေတ်ကျပ်ကာလတုန်းက အမူအကျင့်များပပျောက်ရေးကလည်း အရေးပါ သော လိုအပ်ချက်ဖြစ်ပါမည်။ အထူးသဖြင့် တရားစီရင်ရေးကဏ္ဍတွင် သန့်ရှင်းမှု၊ ဘက်မလိုက်မှု၊ အဂတိကင်းမှုတို့က ဥပဒေစိုးမိုးရေးတွင် အရေးပါ ပါမည်။

“ဆုံးဖြတ်ရန်အမှုကို မျက်နှာလိုက်၍ မဟုတ်မမှန် ဆုံးဖြတ်သော သူသည် တရားရှိသော တရားသူကြီး မဟုတ်၊ ပညာရှိသည် အကြောင်း ဟုတ် မဟုတ် နှစ်ပါးစုံကို စုံစမ်းစစ်ဆေးရာ၏။

ဤသို့ စုံစမ်းစစ်ဆေးပြီးလျှင် မျက်နှာမလိုက်ဘဲ တရားကိုစောင့်လျက်၊ တရားလမ်းမှန်အတိုင်း တရားလို တရားခံတို့ကို အရှုံးအနိုင် ဆုံးဖြတ်သော ပညာရှိကို တရားရှိသော တရားသူကြီးဟု ခေါ်၏။” ဟူသည့် ဓမ္မပဒ ဓမ္မဋ္ဌဝဂ်၊ ဝိနိစ္ဆယ မဟာမတ္တကို ဆရာတော်အရှင်သေဋ္ဌိလ မြန်မာ ပြန်ဖွင့်ဆိုမှုကို သတိချပ်ရန်လိုကြောင်းကို တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက် ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ယမန်နေ့မှအဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသူ နိုင်ငံသားများကိုယ်စား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး အပေါ် အထူးအလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံ တည်ရှိရာဒေသအား ငြိမ်းချမ်း လုံခြုံ တည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်ရှိသည့် သာယာဝပြော တိုးတက်သောဒေသအဖြစ် မြင်တွေ့လိုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများ တိုးတက်သော ရည်မှန်းချက်များနှင့် မျှော်မှန်းချက်များကို ရရှိခံစားနိုင်ရန် မြန်မာနိုင်ငံနှင့် အတူတကွ ဆောင်ရွက်သွားလိုကြောင်း သန္နိဋ္ဌာန် ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပေါ်တူဂီသမ္မတနိုင်ငံ၊ သမ္မတ မာဆယ်လို ဟယ်ဘယ်လို ဒီ ဆိုဆာထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာပျော်ရွှင်၍ မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက် သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆလိုဗက်သမ္မတနိုင်ငံ၊ သမ္မတ အန်းဒရစ် ကစ္စကာထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆလိုဗက်သမ္မတနိုင်ငံ၊ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူပြည်သားများ တည်ငြိမ်အေးချမ်း၍ ကြွယ်ဝချမ်းသာပြီး ဒီမိုကရေစီလူ့အဖွဲ့အစည်း ပိုမိုတောင့်တင်း ခိုင်မာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့သည် အပြန်အလှန် အားရကျေနပ်မှုရှိစွာ ဆက်လက်ဖွံ့ဖြိုးတိုးတက် နေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကျူးဘားသမ္မတနိုင်ငံ၊ သမ္မတ မဂဲလ် ဒီရယ်ကယ်နယ် ဘာရယ်မူဒဲလ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာ စေရန် ဆန္ဒရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုပြည်သူ့လွှတ်တော်၊ သဘာပတိအဖွဲ့၊ ဥက္ကဋ္ဌ ကင်ယုံနမ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ အားလုံးထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်း တောင်းအပ် ပါသည်။

မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်း ရေးနှင့် သာယာဝပြောရေးအတွက် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆန္ဒပြု ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း အဆွေတော်နှင့် မြန်မာ ပြည်သူများအား ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကတည်းက မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သည့်ကာလမှစတင်၍ တည်ရှိခဲ့ သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ် မိမိအနေဖြင့် နှစ်ထောင်းအားရဖြစ်မိပါသည်။ နှစ်နိုင်ငံ လက်တွဲကြိုးပမ်း အားထုတ်မှုများမှတစ်ဆင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုခိုင်မာကျယ်ပြန့်လာပြီး နှစ်နိုင်ငံ ပြည်သူများမှာလည်း ပိုမိုကြွယ်ဝချမ်းသာလာမည်ဟု ယုံကြည်လျက် ရှိပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းဆောင်တာများတွင် ပိုမိုအောင်မြင်မှု ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ထောင်လွန်း ဆီဆုလစ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေ ဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရထံသို့ ဝမ်းမြောက်ဂုဏ်ယူ ကြောင်း ပြောကြားလိုပါသည်။

လာအိုနှင့် မြန်မာ နှစ်နိုင်ငံအကြားတွင်သာမက နိုင်ငံတကာနယ်ပယ်တွင် အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်မည်ဟု မိမိအနေဖြင့် လေးနက်စွာ ယုံကြည်ပါသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိပါသည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံ တကာနယ်ပယ်တွင် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန်လည်း ဆန္ဒရှိပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ငုယင်စွမ်းဖုထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စား၊ အဆွေတော်၊ မြန်မာ အစိုးရနှင့် ပြည်သူများထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သော ဆယ်စုနှစ် (၇) ခုအတွင်း မြန်မာနိုင်ငံနှင့် ပြည်သူများ၏ အောင်မြင် မှုများအတွက် ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာအစိုးရ၏ အုပ်ချုပ်မှု အောက်တွင် နိုင်ငံတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အောင်မြင်မှုများ ပိုမိုရရှိလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်မိပါသည်။ ထို့အတူ ဒေသတွင်းနှင့် ကမ္ဘာ့ အလယ်တွင်လည်း မြန်မာနိုင်ငံ၏အနေအထားကို ဆက်လက်မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

မကြာမီနှစ်များအတွင်းက ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အစဉ် အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုတို့သည် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့သဖြင့် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ အထူးသဖြင့် အဆင့်မြင့်ခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များ မကြာခဏ အပြန်အလှန်သွားလာနိုင်ခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများသည် အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို ပိုမိုခိုင်မာလာစေပြီး နှစ်နိုင်ငံအကြားနှင့် အပြည်ပြည် ဆိုင်ရာ မူဘောင်များအတွင်း ရှိရင်းစွဲ ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပို၍ ခိုင်မာလာစေခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအစိုးရ၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ် မှုများကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

အင်ဂျန်းယန်မြို့နယ်ရှိ ပညာရေးဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ပေးအပ်

အင်ဂျန်းယန် ဇန်နဝါရီ ၆

မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်ရှိ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် ဆန်၊ ဆီနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း မလိအင်မိုင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင်က အမှာစကားပြောကြားပြီး အလှူ ရှင်များကိုယ်စား ဦးနော်သန့်က လှူဒါန်းပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ ဖားကန့်မြို့စန္ဒာ ဗီဒီယိုပြသရေးမိသားစုက ဆရာ ဆရာမများအတွက် ပေးအပ်လှူဒါန်းသော ဆန်အိတ် ၄၄ အိတ်၊ ဆီပိဿာ ၆၀ နှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်း သုံးဗလာစာအုပ် ဒါဇင် ၃၅၀ တို့ကို သက်ဆိုင်ရာ ကျောင်း များအလိုက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

စိုးကျော်သူထွေး (မတ္တရာ)

မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

✽ *ရွှေဖုံးမှ*

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂါ့မိုးမြတ်မြတ်သူ၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုးနှင့် ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းတို့က အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားသည်။

အသိအမှတ်ပြု ပြဋ္ဌာန်းနိုင်ခဲ့

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဆိုသည်မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မြန်မာပြည် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့စဉ် ၁၈၈၁ ခုနှစ်တွင် “ဒေါကလု” ဆိုသည့် ကရင်အမျိုးသားအသင်းကြီး (Karen National Association)ပေါ်ပေါက်လာပြီး ကရင်အမျိုးသားတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး တိုးတက်မြင့်မားစေရန် ရည်သန်ကာ အသင်းကြီး၏ ကြိုးပမ်းမှုနှင့်အတူ အမြော်အမြင်ကြီးမားသည့် ဒေါက်တာတီသံပြာကဲ့သို့ ကရင်အမျိုးသားခေါင်းဆောင်များ၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် ၁၉၃၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့မူကြမ်းကို အင်္ဂလိပ်ခေတ် မြန်မာ့ပါလီမန်တွင် အသိအမှတ်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ပထမဆုံး နှစ်သစ်ကူးနေ့မိန့်ခွန်း

ပါလီမန်လွှတ်တော်အမတ်များ၏ ညီညီညွတ်ညွတ် ကြိုပမ်းအားထုတ်မှုကြောင့် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခံရသည့်အတွက် ပထမဆုံး ကရင်အမျိုးသားနှစ်သစ်ကူးနေ့မိန့်ခွန်းကို ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အသံလွှင့်ခဲ့ပါကြောင်း၊ အဆိုပါမိန့်ခွန်းတွင် “**ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သော မြန်မာနိုင်ငံအဖြစ်သို့ ပါဝင်ဆောင်ရွက် ကြိုးပမ်းကြမည်။**

စာမျက်နှာ ၄ သို့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီ အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂါ့မိုးမြတ်မြတ်သူ အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ကောက်သစ်စားပွဲတွင် ပါဝင်ဆင်နွှဲစဉ်။

စာမျက်နှာ ၃ မှ

ကျွန်ုပ်တို့ ကရင်အမျိုးသား ခေါင်းဆောင်များအနေဖြင့် ကိုယ်ကျိုးမဖက်၊ မကြောက်မရွံ့ဘဲ လူမျိုးရေးနှင့် ဘာသာရေး အာဃာတအလျဉ်းကင်းစင်သော စိတ်ထားဖြင့် တိုင်းပြည်၊ နိုင်ငံတော် အကျိုးစီးပွားကို ဆောင်ရွက်ကြမည်”ဟု ပါရှိပါကြောင်း။

အထင်အရှား တွေ့မြင်နိုင်

ယနေ့ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သတ်မှတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြသော ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင် ကြီးမားမှု၊ ကိုယ်ကျိုးမဖက်သည့်စိတ်ထား၊ လူမျိုးဘာသာမခွဲခြားဘဲ အာဃာတကင်းစင်သည့် စိတ်ဓာတ်များနှင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ဆန္ဒများရှိနေကြောင်းကို အသံလွှင့်မိန့်ခွန်းတွင် အထင်အရှား တွေ့မြင်နိုင်ပါကြောင်း။

ကရင်တိုင်းရင်းသားများသည် ရိုးသားကြကြောင်း၊ သစ္စာရှိကြောင်း၊ ကရင်အမျိုးသားများသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ ကောက်ပဲသီးနှံများ ပေါ်ထွန်းလာချိန်တွင် ကောက်သစ်စားပွဲများကျင်းပကာ ကွဲကွာနေသောမိသားစုများ၊ ဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းကြပြီး နှစ်သစ်ဆုမွန်များ တောင်းကြကြောင်း၊ စားကောင်းသောက်ဖွယ်များနှင့် တည်ခင်းဧည့်ခံကာ စည်းလုံးခြင်း၊ ပျော်ရွှင်ခြင်း၊ ပေါင်းစည်းခြင်း၊ အနာဂတ်ကို ယုံကြည်မျှော်လင့်ခြင်း များစွာဖြင့် ကောက်သစ်စားပွဲ နှစ်သစ်ကူးအခါဟုလည်း ဆိုနိုင်ပါကြောင်း။

အလေးထားဆောင်ရွက်နေ

ယနေ့ကဲ့သို့ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုဆိုလျှင် ၈၁ နှစ် ရှိခဲ့ပြီဖြစ်ပြီး စည်းလုံးညီညွတ်ခြင်း သက်သေဟု ဆိုနိုင်ပါကြောင်း၊ ပြည်ထောင်စုကြီး တစ်ခုလုံး ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အပစ်အခတ်ရပ်စဲရေး၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းတွင်လည်း အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် အတူတကွ ပူးပေါင်းရင်ဆိုင် ဖြေရှင်းကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကောက်သစ်စားပွဲတွင် ပါဝင်ဆင်နွှဲစဉ်။

နိဂုံးချုပ်အနေဖြင့် ကရင်အမျိုးသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေကြောင်း၊ ကရင်အမျိုးသားများသည် ပြည်ထောင်စုကြီးအတွက် ကြီးမားခိုင်မာသော အင်အားတစ်ရပ်ဖြစ်ပါစေကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးဆီသို့ အတူလျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုးက ကောက်သစ်စားပွဲသည် ယခုမှ ပြုလုပ်ကျင်းပခြင်းမဟုတ်ဘဲ ဘိုး၊ ဘေး၊ ဘီ၊ ဘင်လက်ထက်ကတည်းက ကျင်းပလာသည့် ကရင်ရိုးရာဓလေ့ဖြစ်ပါကြောင်း၊ ကျင်းပသည့်နေ့ရက်ကို သတ်မှတ်မထားသော်လည်း ဒေသအလိုက် အဖွဲ့အစည်းအလိုက် အခက်အခဲအမျိုးမျိုးကြားမှ ကောက်သစ်စားပွဲကို မဖြစ်မနေ ကျင်းပလာခဲ့ကြပါကြောင်း၊ ကရင်တိုင်းရင်းသားများအနေဖြင့် စွဲကိုင်ထားသည့် ရိုးရာဓလေ့များကို ဆက်ပြီး ကမ္ဘာတည်သရွေ့ကျင်းပသွားစေလိုပါကြောင်း ပြောကြားသည်။

ထူးခြားစည်ကားလှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကမ္ဘာတစ်ဝန်းတွင် ကောက်သစ်စားပွဲတော်များ ကျင်းပသည်ကို တွေ့ရပါကြောင်း၊ ကောက်သစ်စားပွဲကို ကောက်ရိတ်သိမ်းပွဲဟုလည်း ခေါ်ဆိုကြပါကြောင်း၊ မြန်မာနိုင်ငံတွင် တခြားတိုင်းရင်းသားများလည်း အလားတူပွဲများ ကျင်းပကြပါကြောင်း၊ ယနေ့ကျင်းပသည့် ကရင်အမျိုးသားများ၏ ကောက်သစ်စားပွဲတော်မှာ ထူးခြားစည်ကားလှသည်ကို တွေ့ရပါကြောင်း၊ ကောက်သစ်စားပွဲများသည် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုသမိုင်းတွင်ရှိသည့် ကနဦးအစ ယဉ်ကျေးမှုပွဲတော်များဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားများအနေဖြင့် ကောက်သစ်ပေါ်ချိန်တွင် ကောက်သစ်စားပွဲများကို မိသားစုဝင်များစုံညီစွာဖြင့် ပျော်ပျော်ပါးပါး ကျင်းပလာခဲ့သည့် အစဉ်အလာနှင့် ကိုက်ညီစွာ ယခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခါသမယတွင်လည်း ကရင်တစ်မျိုးသားလုံး ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ်အတွက် ကောင်းမွန်စွာ မျှော်လင့်ခြင်းများဖြင့် ပြည့်စုံပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း၊ ကရင်အမျိုးသားများသည် တခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲပြီး ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရရှိထားသည့် အစဉ်အလာကောင်းများနှင့်အတူ ဝန်းရံဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာနေရာတွင် ကောက်သစ်စားပွဲကို ကရင်ရိုးရာဓလေ့အတိုင်းကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးနှင့် တက်ရောက်လာသူများက ကရင်ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ကရင်စာပေနှင့် တူရိယာပစ္စည်းများ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်များနှင့် ကရင်လူမျိုးများ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

သတင်း - မင်းသစ် (MNA)
ဓာတ်ပုံ - နေလင်း၊ ခရိုင်(ပြန်/ဆက်)

ပြည်တွင်း ပြည်ပ ခရီးသွားများ ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ခင်းကျင်းပြသထားသည်များအား ကြည့်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ရွှေလုပ်ငန်းရှင် အသင်းအနေဖြင့် ရွှေလုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများအား ရေးဆွဲရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမှသာ ရွှေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ကဏ္ဍအသီးသီးမှ ရွှေလုပ်ငန်းလုပ်ကိုင်နေသူများ၏ လူနေမှုဘဝ လုံခြုံအေးချမ်းစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် မူဝါဒဘောင်အတွင်းမှနေ၍ အထောက်အကူပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းသူ အသင်းသားများအကြား ပေါင်းကူးဆက်နွယ်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အသင်းကြီးဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များအားလုံးကို ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်ထားသော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို တရားဝင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် လုပ်ကိုင်နိုင်ရန် စနစ်တကျဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အသင်းအဖွဲ့၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့ အစည်းအဝေးများပြုလုပ်ပြီး အားနည်းချက်၊ အားသာချက်များအား ဆွေးနွေးရန် လိုအပ်ကြောင်း၊ နိုင်ငံတကာမှ နည်းပညာ၊ အတတ်ပညာများ ရရှိအောင် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော အသင်းဖြစ်စေရေးအတွက် အသင်းအနေဖြင့် စည်းလုံးညီညွတ်ပြီး ရွှေကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဗဟန်းမြို့နယ် ကန်တော်ကြီး၊ မျှော်စင်ကျွန်းတွင် ကျင်းပလျက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသေးစားအလတ်စား ထုတ်ကုန်ပစ္စည်းများပြသသည့် Made in Myanmar ကုန်စည်ပြပွဲသို့ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖျာပုံမြို့နယ် ချောင်းဝကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ပြန်လည်ထူထောင်ရေးကိစ္စများ စီစဉ်ဆောင်ရွက်ပေး

ဖျာပုံ ဇန်နဝါရီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာရှိ မီးဘေးသင့်ပြည်သူများထံ သွားရောက်တွေ့ဆုံအားပေး၍ လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိရောက်သောစီမံမှုဖြင့်ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် ဇန်နဝါရီ ၃ ရက်က မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့သည့် အခြေအနေများကို သွားရောက်ကြည့်ရှုပြီး မီးဘေးသင့်ခဲ့ရသည့် အိမ်ထောင်စုများအတွက် လတ်တလောစားသုံးရန် ဆန်ရိက္ခာ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ၊ အိမ်ဆောက်ပစ္စည်း၊ အိမ်မိုးသွပ်နှင့် ဆိုလာမီးအိမ်များကို နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ခံစားခွင့်ရရှိမည့်သူများ အပြည့်အဝခံစားရရှိရန် ထိရောက်သောစီမံမှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ ပုဂ္ဂလိကအလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မီးဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၂၀၀၀၀၀၊ အဘိုးအဘွား ၁၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၁၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၆၀၀၀၀၊ မိခင်ဝိုင်းတစ်ဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၅၁၀၀၀၀၊ အိမ်ဆောက်ပစ္စည်းဝယ်ယူရန် ငွေကျပ် ၁၉၃၅၀၀၀၀၊ အိမ်မိုးသွပ်အချပ် ၇၂၀၀၊ ပြောင်သွပ်အချပ် ၃၆၀၊ ကျားလုံးချည် ၃၇၅ ထည်၊ မလုံချည် ၃၇၅ ထည်၊ ခြင်ထောင် ၇၀၈ လုံး၊ ချည်စောင် ၇၀၈ ထည်၊ ကျောင်းဝတ်စုံ ၁၅၄ စုံ၊ ဗလာစာအုပ် ၁၅၄ ဒါဇင်၊ ဆိုလာမီးအိမ်အလုံး ၂၅၀၊ ပစ္စည်း ၁၆ မျိုးပါ မိသားစုသုံးကယ်ဆယ်ရေးပစ္စည်း ၁၇၈ ပုံးတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ချောင်းဝကျေးရွာ သာသနာ့တံခွန် ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သက်သေခံကတ်အသစ်ဆောင်ရွက်ပေး

မီးဘေးသင့်ပြည်သူများ ခေတ္တခိုလှုံရာ သာသနာ့တံခွန်ဘုန်းတော်ကြီးကျောင်းတွင် ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်သော ပြည်သူ့ထံအရောက် ရွှေ့လျားဝန်ဆောင်မှုအဖွဲ့က လိုအပ်သော မီးဘေးသင့်ပြည်သူများအတွက် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် ရေလုပ်သားသက်သေခံကတ်ပြားများကို အသစ်ပြန်လည်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်ပေးခြင်း၊ တပ်မတော်နယ်လှည့် အထူးကုဆေးခန်းဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုရေးပင်စင်ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် သမိန်ထောကျေးရွာသို့ရောက်ပြီး ကုန်းတန်းဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဖြစ်သော သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း၊ မသန်စွမ်းသူများကို ထောက်ပံ့ခြင်း၊ မိခင်ဝိုင်းငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မိခင်ဝိုင်းများတွင် ကလေးများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း လက်တွေ့အမိုက်စွန့်ပစ်ခြင်း သရုပ်ပြဆောင်ရွက်ခဲ့ပြီး အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ဝေငှပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ စုစုပေါင်းမှာ ၇၉၉၃၀၄၄၃ ကျပ်နှင့် ဖျာပုံမြို့နယ်ရှိ ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ထောက်ပံ့ငွေကျပ်စုစုပေါင်းမှာ ၄၄၇၈၀၀၀ ဖြစ်ကာ ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းမှာ ၁၂၄၇၁၈၅၄၃ ကျပ်ဖြစ်ပြီး ခရီးစဉ်တွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

✽ *ကျောဖုံးမှ*

ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

ကြိုတင်သတိပြုရှောင်ရှားကြရန်

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် မြိတ်မြို့၌ ဥပဒေအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

မြိတ် ဇန်နဝါရီ ၆

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၅ ရက် နေ့လယ်ပိုင်းက မြိတ်ခရိုင် ဥပဒေရုံး အစည်းအဝေးခန်းမတွင် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ မှာကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က နိုင်ငံတစ်ခု တည်ဆောက်ရာတွင် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ကိစ္စရပ်အားလုံးကို စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြသည်ကို ဥပဒေအရာရှိများသာမက ဝန်ထမ်းများပါ သိရန် လိုကြောင်း၊ ဥပဒေအကြံပေးရာတွင် ဥပဒေနှင့်အညီ ဖြစ်ရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက ခရိုင်နှင့် မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးစိုးမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်တို့က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ရုံးများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဒုတိယရှေ့နေချုပ်သည် မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ဥပဒေရုံးတို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး (မြိတ် ပြန်/ဆက်)

ကယားပြည်နယ်နေ့နှင့် ကယားပြည်နယ်

ဆန်းနွေဦး

ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ပါဝင်သော ကယားပြည်နယ်သည် ရှေးအစဉ်အဆက် ရာဇဝင်ဒဏ္ဍာရီလာ သုခနေမင်းသားနှင့် ဒွေးမယ်နော်တို့ ပျော်စံရာ ငွေတောင်ပြည်ဟု ထင်ရှားပြီး မြန်မာဘုရင်များ လက်ထက်ကတည်းက တည်ရှိ၍ ကန္တရဝတီဟုလည်း ခေါ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပြည်နယ်နှင့် တိုင်းများ ဖွဲ့စည်းတည်ထောင်ရာ၌ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ကရင်နီပြည်နယ်တွင် "ကရင်နီ" အစား ကယားအဖြစ် ပြောင်းလဲခေါ်ဆိုရန် ကယားအမျိုးသားခေါင်းဆောင်များ၏ အဆိုပြုတင်ပြချက်ကို ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ တိုင်းပြည်ပြုလွှတ်တော် ဒသမညီလာခံ အစည်းအဝေးတွင် တင်သွင်းခဲ့ပါသည်။

ထို့ကြောင့် ၁၉၅၀ ပြည့်နှစ် မတ်လ ၁ ရက် နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရတရားဌာန (ဥပဒေပြုဌာနခွဲ)က ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကော်မရှင်တွင် အောက်ဖော်ပြပါ လူကြီးမင်းများ ပါဝင်ခဲ့ကြသည်ကို တွေ့ရသည်-

(က) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်နှင့် နိုင်ငံခြားရေး ဌာနဝန်ကြီး (သဘာပတိ)
(ခ) ဗိုလ်ခင်မောင်ကလေး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနဝန်ကြီး
(ဂ) ဦးတင် (မြန်အောင်) ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ပါလီမန်အတွင်းဝန်
(ဃ) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး
(င) စောနော်တင်ဘွား၊ ကရင်ရေးရာကောင်စီ သဘာပတိ
(စ) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်
(ဆ) မဟာသရေစည်သူ ကပ္ပတိန် မန်းတုံးနုံး၊ ချင်းရေးရာဝန်ကြီး၏ ပါလီမန်အတွင်းဝန်
(ဇ) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်
(ဈ) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေး အရာရှိ
(ည) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီးဌာန အတွင်းဝန် (အတွင်းရေးမှူး)

ထိုအထူးစုံစမ်းရေးကော်မရှင်က မေးခွန်းများ မေးမြန်းခြင်း ကရင်နီပြည်နယ်သို့ သွားရောက်၍ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ပြီးတွေ့ရှိချက်များအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေကြမ်းကို စိစစ်ရန် ရွေးချယ်ခန့်ထားသော ကော်မတီက စစ်ဆေးခဲ့ပါသည်။ ကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(က) ဦးစံထွန်းအောင် (စစ်တွေကျေးလက် အလယ်ပိုင်း) သဘာပတိ
(ခ) ဝန်ကြီး မန်းဘဆိုင် (ဟင်္သာတကျေးလက် ကရင်အမျိုးသား)
(ဂ) ဝန်ကြီး စပ်ဝဏ္ဏ (နယ်စပ်ဒေသ ကရင်နီပြည်နယ်)
(ဃ) ဗိုလ်ခင်မောင် (ပဲခူးကျေးလက်မြောက်ပိုင်း)
(င) ဗိုလ်ကျော်သန်း (ကျိုက္ခမီကျေးလက်အရှေ့ပိုင်း)
(စ) ဝါဘော်ဇော်ရစ် (နယ်စပ်ဒေသ၊ ကချင်ပြည်နယ်)
(ဆ) တောင်ပိုင်း စော်ဘွားကြီး (နယ်စပ်ဒေသ၊ ရှမ်းပြည်နယ်)
(ဇ) ကပ္ပတိန် မန်းတုံးနုံး (နယ်စပ်ဒေသ၊ ချင်းဝိဒေသတိုင်း)
(ဈ) ဦးသန်းညွန့် (မန္တလေး ကျေးလက်တောင်ပိုင်း)
(ည) စောအောင်ပ (ဟင်္သာတ ကျေးလက်၊ ကရင်အမျိုးသား)
(ဋ) စောဘရင် (သထုံကျေးလက်၊ အနောက်ပိုင်း၊ ကရင်အမျိုးသား)
(ဌ) စောဂျွန်ဆင် ဒီဖိုးမင်း (တောင်ငူကျေးလက်၊ ကရင်အမျိုးသား)
(ဍ) ဆရာ ဆာထူး (အင်းစိန်ကျေးလက်၊ တောင်ပိုင်း ကရင်)
(ဎ) ဦးစိန် (နယ်စပ်ဒေသ ကရင်နီပြည်နယ်)
(ဏ) နိုင်ငံတော်ရှေ့နေချုပ်
(တ) အတွင်းရေး ဦးနန်းနွယ် (လက်ထောက်အတွင်းဝန်)

ထို့နောက် ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) စတုဒသညီလာခံက အများသဘောတူ ဆုံးဖြတ်ခဲ့ပါသည်။ ကယားတိုင်းရင်းသားများနှင့် ကယားအမျိုးသားခေါင်းဆောင်များ၏ ကြိုးပမ်းအောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ကို ကရင်နီပြည်နယ်အစား ကယားပြည်နယ်သို့ အမည်ပြောင်းလဲ သတ်မှတ်ခေါ်တွင်သည့် နာမကရဏမင်္ဂလာပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ကယားပြည်နယ်နေ့ကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် (၆၇) ကြိမ်မြောက် ရှိပြီဖြစ်၍ ယခင်နှစ်များအတိုင်း ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲ၊ စတိတ်ရှိုး၊ အငြိမ့်ဇာတ်ပွဲများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ပြခန်းများဖြင့် အပြိုင်အဆိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကယားပြည်နယ်အချက်အလက်များ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအရ ကယားပြည်နယ်၏ လူဦးရေမှာ ၂၈၆၆၂၇ ဦး ရှိပါသည်။ ကယားပြည်နယ်တွင် ခရိုင် နှစ်ခုရှိပြီး မြို့နယ်ခုနစ်မြို့နယ်နှင့် မြို့သုံး မြို့ရှိသည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့နယ် ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် ရှားတောမြို့နယ်တို့ ပါဝင်ပြီး ဘော်လခဲခရိုင်တွင် ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်တို့ ပါဝင်၍ မြို့များမှာ ရွာသစ်၊ နမ့်မယ်ခုံနှင့် လွိုင်လင်လေးမြို့တို့ ဖြစ်ကြပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး ပြည်နယ် ခုနစ်ခုအနက် အသေးငယ်ဆုံးဖြစ်သည်။ ဧရိယာ ၄၅၂၉ ဒသမ ၅၆ စတုရန်းမိုင် သို့မဟုတ် ၁၁၇၃၁ ဒသမ ၅၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ ကယားပြည်နယ်တွင် ကယားမျိုးနွယ်စု တိုင်းရင်းသားကိုးမျိုးဖြစ်သော ကယား၊ ကယန်း(ပဒေါင်)၊ ယင်းဘော်၊ ဂေခို၊ လထ (ဇယိန်း)၊ ကယော၊ ဂေဘား၊ ယင်းတလဲနှင့် မိုနု(မနုမနော်) တို့အပြင် အခြားတိုင်းရင်းသားများဖြစ်သော ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ကရင်၊ အင်းသား၊ လီရှော တို့လည်း ပျံ့နှံ့နေထိုင်ကြပါသည်။

တိုင်းရင်းသား ရိုးရာပွဲတော်များ

ကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်မှာ ကယားတိုင်းရင်းသားတို့၏ ရိုးရာကိုးကွယ်မှု ပူဇော်ပွဲဖြစ်ပြီး နှစ်စဉ်တန်ခူးလနှင့် ကဆုန်လများတွင် ကျင်းပကြသည်။ နှစ်သစ်ကူးပွဲတော်လည်း ဖြစ်၍ ဤကဲ့သို့ ကျင်းပခြင်းဖြင့် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ပေါများမည်ဟု ယုံကြည်ကြသည်။ ကယားတိုင်းရင်းသားတို့၏ အလွန်အရေးပါအရာရောက်သော ပွဲတော်ဖြစ်သည်။ ရှေးအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း ရွာစဉ်အလိုက် ကျင်းပသောပွဲတော်ဖြစ်သည်။ ပွဲတော်ကျင်းပရာ၌ ၃၅-၄၅ ပေမျှ ရှည်သော တိုင်တစ်တိုင်ကို အချောကိုင်ပြီး ကေ့ထျိုးဘိုးတိုင်၏ ထိပ်တွင် ထီးတော်သဏ္ဌာန်ပြုလုပ်ကာ တိုင်ထူ၍ တိုင်တည်ဆုတောင်းသည့်ပွဲဖြစ်သည်။ တိုင်ထောင်ပြီးနောက် တိုင်ပတ်လည်တွင် ဖားစည်၊ မောင်းများတီး၍ ပျော်ရွှင်စွာ ကခုန်ကြသည်။

အဲဒိုပေါ်မီ (ခေါ်) ဒီးကူ (ခေါ်) ကောက်ညှင်းထုပ်ပွဲတော်မှာ ကယားတိုင်းရင်းသားတို့၏ ဒုတိယအကြီးကျယ်ဆုံးပွဲတော်ဖြစ်၍ လယ်ယာလုပ်ငန်း စိုက်ပျိုးပြီးစီးသည့် တော်သလင်း၊ သီတင်းကျွတ်လများတွင် ကျင်းပပြုလုပ်သည်။ ကောက်ညှင်းများကို ဒီးကူရွက်များဖြင့် ထုပ်ကာ သုံးခုလျှင် တစ်စည်း နှီးဖြင့် စည်းထားပြီး မိသားစု၊ ဆွေမျိုးသားချင်း မိတ်ဆွေများအတွက် အမှတ်အသားပြုထားခြင်း ဖြစ်သည်။

ဒီးဆ (ခေါ်) ကောက်သစ်စားပွဲသည်လည်း ကယားတိုင်းရင်းသားတို့၏ ပူဇော်ပွဲတစ်ခုဖြစ်ပြီး နတ်တော်၊ ပြာသိုလများတွင် တစ်အိမ်တစ်လှည့်ကျ ကျင်းပကြသည်။ ကြက်သား (သို့မဟုတ်) ဝက်သား တစ်မျိုးမျိုးနှင့် ချင်း၊ ဂျုံးမြစ်၊ ထမင်းများနှင့် ရောနှောကာ ထောင်းခြင်းဖြစ်သည်။ ထမင်းထောင်းကို ရွာအတွင်းရှိ မိတ်ဆွေနှင့် ဆွေမျိုးများအိမ်သို့ ပေးပို့ကြသည်။

မိုနု (မနုမနော) တိုင်းရင်းသားတို့သည် လယ်ဂါပူဇော်ပွဲတော်ကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပကြသည်။ လယ်ဂါဆိုသည်မှာ ဂါဘိုကဲ့သို့ ပတ်လည် တီးမှုတ်ကခုန်ခြင်းဖြစ်သည်။ ဂါဘိုဆိုသည်မှာ တံခွန်တိုင်ကဲ့သို့ ရွာစတင် တည်စဉ်က ပြုလုပ်သောအမှတ်အသား ဖြစ်သည်။ ဂါဘိုကို ကြည့်ရှုထိန်းသိမ်းရသော အကြီးအကဲအသစ်ကို ရွေးချယ်သောအခါ မိုးလေဝသ ဖောက်ပြန်၍ ငတ်မွတ်ခေါင်းပါးခြင်းဖြစ်သောအခါ ရောဂါဘယတစ်ခုခုကျရောက်သောအခါတို့တွင် ကျင်းပသည်။

ကေ့ (ခေါ်) တောလိုက်ပွဲကို ကယားတိုင်းရင်းသားတို့က ကျင်းပရခြင်း ရည်ရွယ်ချက်မှာ မိမိတို့ပိုင် ရပ်ရွာ၊ နယ်မြေ၊ ဒေသအစရှိသည်များ မပျက်စီးဘဲ တည်မြဲစေရန် ရေ၊ မြေ၊ ရပ်ရွာ၊ တောတောင်စောင့်နတ်များက ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရန်အတွက် ပူဇော်ပသခြင်း ဖြစ်သည်။

ဂေဘားတိုင်းရင်းသားတို့သည် စပါးစူးထိုးပွဲကို နှစ်စဉ်ကဆုန်လတွင် စုပေါင်းကျင်းပကြသည်။ စပါးများများ လယ်ကွင်းထဲသို့ ရောက်ရှိရန်နှင့် အသီးအနှံများ ဖွံ့ဖြိုးစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

အထင်ကရနေရာများ

လွိုင်ကော်မြို့ပေါ်ရှိ သာယာလှပသော မြင်ကွင်းများနှင့် တောင်ကွဲစေတီ၊ မြကလပ်၊ ရွှေလက်ဝါး၊ တောင်ပေါ်ဘုရားများကို ကျောက်တောင်များပေါ်တွင် သပ္ပာယ်စွာဖူးမြော်မြင်တွေ့နိုင်ပြီး ခရီးသွားများ မကြာခဏ လာရောက်ဖူးမြော်လည်ပတ်ကြသည်။

ကန်ခုနစ်ဆင့်သည် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဒေါတငူရွာနှင့် တနီးလာလဲရွာ၏ အရှေ့ဘက်တွင်ရှိသော သဘာဝရေကန်များ ဖြစ်သည်။ ဆိုရိုးများအရ ကိန္နရီညီအစ်မခုနစ်ဖော် ရေကစားရာ ရေကန်များဖြစ်သည်။

ထီးပွင့်ကန်သည် ကန်ခုနစ်ဆင့်သို့ သွားရာလမ်း ငွေတောင်ဆည်အနီးတွင် တည်ရှိသည့် သဘာဝရေကန်အတွင်း လပြည့်ရက်များတွင် ကန်ထဲမှသဲများ ရေပြင်ပေါ်သို့ ထီးပွင့်သဏ္ဌာန် တဖြည်းဖြည်း ဖြစ်ပေါ်လာသည်။ အကြီးအသေး အရွယ်အစားအမျိုးမျိုးတွေ့နိုင်သည်။

ငွေတောင်ဆည်သည် လွိုင်ကော် - ဒီးမော့ဆို ကားလမ်း ၁၀ မိုင်ခန့်အနီးတွင် ရှိသည်။ ငွေတောင်ဆည်သည် ကယားပြည်နယ်၏ ကျော်ကြားသောနေရာတစ်ခု ဖြစ်ရုံသာမက မရှိမဖြစ် အကျိုးပြုသော နေရာတစ်ခုဖြစ်သည်။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်ဟူသော တောင်သုံးလုံးကို နောက်ခံပြုကာ သဘာဝရှုခင်းမြင်တွေ့ရပြီး အနောက်ဘက်ရှိ လွိုင်နန်းဖ (လွယ်နန်းဖ) တောင်ကြီးကြောင့်လည်း သာယာလှပသော နေရာဖြစ်သည်။

လောပိတခတ်အားပေးစက်ရုံနှင့် လောပိတရေတံခွန်သည်လည်း ထင်ရှားသောနေရာတစ်ခုဖြစ်သည်။ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ လောပိတရွာအနီးတွင် တည်ရှိသည်။ ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံက တည်ဆောက်ပေးခဲ့ပြီး ယခုအခါ စက်ရုံသုံးရုံ တည်ရှိသည်။

ကြတ်ဂူသည် ထူးခြားသော သဘာဝလိုဏ်ဂူဖြစ်ပြီး လွိုင်ကော်-ရှားတောကားလမ်းမအနီး လွိုင်ကော်မြို့၏အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ လူသေသစ်သားအခေါင်းများကို လိုဏ်ဂူအတွင်း လူမတက်ရောက်နိုင်သော မြင့်မားသည့်နေရာတွင် တင်ထားခဲ့ကြသဖြင့် ထူးဆန်းအံ့သြဖွယ် လိုဏ်ဂူတစ်ခုဖြစ်သည်။

ထီးပရူနူလိုဏ်ဂူသည် ဖရူဆိုမြို့နယ်အတွင်း တည်ရှိသည်။ လွိုင်ကော်-ဖရူဆို ကားလမ်း ၂၁ မိုင် ကွာဝေးပြီး ဖရူဆိုမြို့ အနောက်ဘက် ဟိုယာဘီယာကားလမ်း ၉ မိုင်ခန့်အကွာ မော်သီဒိုရွာအနီးတွင် တည်ရှိ၍ တောင်ကျရေများ စီးဆင်းနေသော လှပသည့်သဘာဝလိုဏ်ဂူ ဖြစ်သည်။ မော်သီဒိုရွာမှ ၃ မိုင်ခန့် ဆက်လက်သွားလျှင် ဆင်ဖြူတောင်သို့ ရောက်ရှိပြီး တောင်ထိပ်မြက်ခင်းပြင်နှင့် သာယာလှပသော သဘာဝရှုခင်းများ တိမ်တောင်တိမ်လိပ်များနှင့် ရောယှက်နေသော တောင်စွယ်တောင်တန်းများကို ရှုမောဖွယ်ရာ မြင်တွေ့ရသည်။

တနန်းလော့လိုဏ်ဂူသည် ဖားဆောင်းမြို့နယ်အတွင်း တည်ရှိသည်။ လွိုင်ကော်-ဖားဆောင်း ၇၅ မိုင်ကွာဝေး၍ ဖားဆောင်း-မော်ချီး ကားလမ်းအတိုင်း ၇ မိုင်ခန့်အကွာ၌ တနန်းလော့ ရွာသွားလမ်းအတိုင်း ၂ မိုင်ခန့်တွင် ကျောက်ခက်ပန်းဆွဲများဖြင့် ကြီးမားလှပသော သဘာဝလိုဏ်ဂူကြီးကို တအံ့တသြ မြင်တွေ့ရသည်။ လူသူအရောက်အပေါက် နည်းပါးသေးသဖြင့် သဘာဝအတိုင်း မပျက်မယွင်း မြင်တွေ့နိုင်သည်။

ထီးစဲခါးရေတံခွန်သည် လွိုင်ကော်-ဆီဆိုင်ကားလမ်းအတိုင်း လွိုင်လင်လေးမြို့အလွန်တွင် တည်ရှိသည်။ လွိုင်ကော်မြို့မှ ၁၆ မိုင်ခန့်ကွာဝေးပြီး ရှမ်း-ကယားနယ်စပ်တွင်ရှိသည့် နန့်တဘက်ချောင်းပေါ်မှ လှပသော ရေတံခွန်ဖြစ်သည်။ အပန်းဖြေ လာရောက်လည်ပတ်ကြသော ခရီးသွားများဖြင့် စည်ကားသည်။

ကယားပြည်နယ်အတွင်း ထိုင်းနယ်စပ်အထိ ကတ္တရာလမ်းဖောက်လုပ်ထားပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် လာရောက်လည်ပတ်သင့်သော ပြည်နယ်တစ်ခုဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ။

"ငွေတောင်ဆည်သည် လွိုင်ကော် - ဒီးမော့ဆို ကားလမ်း ၁၀ မိုင်ခန့်အနီးတွင် ရှိသည်။ ငွေတောင်ဆည်သည် ကယားပြည်နယ်၏ ကျော်ကြားသောနေရာတစ်ခု ဖြစ်ရုံသာမက မရှိမဖြစ် အကျိုးပြုသော နေရာတစ်ခုဖြစ်သည်။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်ဟူသော တောင်သုံးလုံးကို နောက်ခံပြုကာ သဘာဝရှုခင်းမြင်တွေ့ရပြီး အနောက်ဘက်ရှိ လွိုင်နန်းဖ (လွယ်နန်းဖ) တောင်ကြီးကြောင့်လည်း သာယာလှပသောနေရာဖြစ်သည်"

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လက်ပန်မြစိမ်းရောင်ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံလူဦးရေ အများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ၏ ဘက်စုံဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသနေပြည်သူများ၏ စုစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ခြင်းသည် များစွာအရေးပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအဆောက်အအုံများ တည်ဆောက်ခြင်းအတွက် မြေယာအသုံးချမှုတွင်လည်း စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရေးနှင့် သတ်မှတ်ထားသော ဥပဒေနည်းဥပဒေများနှင့်အညီ ဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် လက်ပန်မြစိမ်းရောင်ကျေးရွာ ရပ်မိရပ်ဖများ၊ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (အောက်ပုံ)

တွေ့ဆုံပွဲအခမ်းအနားတွင် ကျေးရွာရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်တို့က ဖြည့်စွက်ဆွေးနွေးကြကာ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ပန်ကျေးရွာ ကိုးသိန်းရှင်ရန်ပြေစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး သာသနာ့နယ်မြေအတွင်း လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် လက်ပန်မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆိုင်ရာများကိုတင်ပြပြီး လက်ပန်မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်စွာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုတ်ဖိုကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OTOP) စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ အုတ်ဖိုကျေးရွာမှ စီမံကိန်းကော်မတီဝင်များက ဦးစားပေးလုပ်ငန်းအလိုက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမြေများ အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး တွဲဖက်လုပ်ကိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကွင်းဆင်းလေ့လာကာ ဒေသနှင့် လိုက်လျောညီထွေစွာအကျိုးဖြစ်ထွန်းစေနိုင်မည့် အစီအမံများအကောင်အထည်ဖော် ဆောင်ရွက်ပေးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများ တွေ့ကြုံရမှုအပေါ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက လိုက်နာကျင့်သုံးရန် လိုအပ်သည့် နည်းပညာရပ်ဆိုင်ရာများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးကျော်လင်း မြင်းခြံ-တလုတ်-ဆီမီးခုံ-နွံ့သာလှိုင်-ဒုံဒင်းလမ်း၊ ငါန်းဇွန်-ငါန်းမြာလမ်း၊ ငါန်းဇွန်-မြို့သာလမ်းရှိ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဇန်နဝါရီ ၅ ရက်က မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်မှ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနမှတာဝန်ရှိသူများနှင့် မြို့နယ်များအတွင်းရှိ လမ်းတံတားလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းနှင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းဦးစီးဌာန မြင်းခြံခရိုင်ရုံးတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည် ။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မြင်းခြံ-တလုတ်-ဆီမီးခုံ-နွံ့သာလှိုင်-ဒုံဒင်းလမ်းနှင့် ငါန်းဇွန်-ငါန်းမြာလမ်းတို့တွင် ကတ္တရာလမ်းခင်းခြင်းနှင့် လမ်းချောမွေ့စေရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယဝန်ကြီးက လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်စေရေးအတွက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော ငါန်းဇွန်-မြို့သာလမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ရာ မိုင်တိုင် (၈/၂)မီးပွိုင့်ချောင်းရှိ မန်ကျီးကုန်းရေကျော်နေရာကို ၁၂ ပေ × ၅ ခန်းတွဲ သံကူကွန်ကရစ်ရေနိမ့်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းများ အရည်အသွေးကိုက်ညီမှုရှိစေရန်နှင့် တံတားအရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ယင်းနောက် BOT စနစ်ဖြင့် ဆောင်ရွက်နေသော မြင်းခြံ-မြို့သာ-တံတားဦးလမ်း (မြို့သာ-တံတားဦး) အပိုင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၉)

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်း ၄ ခုအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် A.A သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးခဲ့ပြီး ၉ ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် ဒေသခံပြည်သူများ အသက်အိုးအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ အိမ်မွေးတိရစ္ဆာန်များ သေဆုံးမှုများရှိခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိနေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကြောင့် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဆုံးရှုံးစေကာ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့်အပြင် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း များစွာထိခိုက်မှု ဖြစ်စေနိုင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

စက်စက်ယိုကျေးရွာ စာကြည့်တိုက်သို့ သုတရသ စာအုပ်စာစောင်များနှင့် နေ့စဉ်ထုတ်သတင်းစာများ ပေးအပ်လှူဒါန်း

မန္တလေး ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စက်စက်ယိုကျေးရွာ စာကြည့်တိုက်သို့ ဘာသာရေးနှင့် သုတရသစာအုပ်စာစောင်များ၊ နေ့စဉ်ထုတ်သတင်းစာများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၆ ရက်က အဆိုပါကျေးရွာရှိ စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲသို့ စက်စက်ယိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အလှူရှင် ဦးတင်မောင်သွင်-ဒေါ်စန်းစန်းအေး မိသားစု မန္တလေးမြို့မှ လာရောက်လှူဒါန်းသည့် ဘာသာရေးနှင့် သုတ ရသ စာအုပ်စာစောင် ၁၀၀ နှင့် ဒီဇင်ဘာလအတွင်း ထွက်ရှိခဲ့သည့် နေ့စဉ်ထုတ်သတင်းစာမျိုးစုံ အစောင် ၁၀၀ ကျော်တို့အား ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ယခုလှူဒါန်းသည့် စာအုပ်စာစောင်များကို ဖတ်ရှု၍ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် စာဖတ်ဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ကာ အကျိုးရှိစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင် ဒေါ်စန်းစန်းအေးကလည်း ဆံရစ်ဝိုင်းယဉ်ကျေးမှုဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်နေသည့် အဆိုပါဒေသရှိ မိဘပြည်သူများနှင့် ကလေးငယ်များ ဘာသာရေးအခြေခံကောင်းများရရှိကာ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်များ ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်စက်ယိုကျေးရွာရှိ ဒေသခံပြည်သူများ အတွေးအမြင် ဗဟုသုတများ ကြွယ်ဝစေရန် ကျေးရွာစာကြည့်တိုက်အား ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အလှူရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် သုတရသ စာပေမျိုးစုံနှင့် ဘာသာရေးစာအုပ်များအပြင် ကလေးငယ်များ နှစ်သက်သဘောကျသည့် ကာတွန်းစာအုပ်များလည်း စဉ်ဆက်မပြတ် ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိကြောင်း ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးသန်းမောင်က ပြောကြားခဲ့သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Eco - Green City စီမံကိန်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်) အပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် တံတားများ၏ ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းစခန်းကြီးကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဝဲ/ယာ မိုင်တိုင်အမှတ် (၃/၀) နှင့် (၅/၄)ကြားရှိ Eco - Green City စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က စီမံကိန်းဆောင်ရွက်မည့်အခြေအနေ၊ စီမံကိန်းမျှော်မှန်းချက်၊ မြေအသုံးချမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စီမံကိန်းရေိယာအတွင်း စစ်ဆေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက Eco - Green City စီမံကိန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့အဝင်တွင် တည်ရှိသည့်အတွက်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး စီမံကိန်းရေိယာအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယခုဆောင်ရွက်မည့် Eco-Green City စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းမျှော်မှန်းချက်အနေဖြင့် JICA မှ ရေးဆွဲခဲ့သည့် Yangon Vision (2040) တွင် ပါဝင်သည့် အနာဂတ်မြို့သစ်စီမံကိန်း တစ်ခုအကောင် အထည်ဖော်ရန်၊ ဝင်ငွေနည်းပြည်သူများအတွက် လိုအပ်သည့် အငှားအိမ်ရာများ၊ တန်ဖိုးနည်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ လူမှုဘဝမြင့်မားလာစေရန် မျှော်မှန်းချက်ထားရှိပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၇/၁) နှင့် (၃၇/၂)ကြားရှိ စစ်ပင်ဆိပ်တံတား (အသွား/အပြန်)

တွင် တံတားတိုင်များ ရေတိုက်စားမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တံတားဦးစီးဌာန၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)မှ မိုင်တိုင်အမှတ်(၁၄၅/၀) နှင့် (၁၄၅/၃) ကြားရှိ ခပေါင်းတံတားအား Pilot Canal တူးဖော်ခြင်း၊ ကမ်းပြိုကာကွယ်ခြင်းနှင့် တံတား အထက်/အောက် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ မိုင်တိုင်အမှတ်(၁၆၅/၁)နှင့် (၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား ရေတိုက်စား၍ Settlement ဖြစ်သွားသော Pier No. 5 , 6 , 7 တို့အား Bored Pile တူး၍ အားဖြည့်ခြင်း၊ နိမ့်ဆင်းသွားသော ကြမ်းခင်းနှင့် ရက်မများကို ပြန်လည်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

ပြည်တွင်းပဲဆီ၊ နှမ်းဆီများ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ထုတ်လုပ်မှုစရိတ်ကျဆင်းအောင် ဆောင်ရွက်ရမည်

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အခမ်းအနားနှင့် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြပွဲကို ယမန်နေ့က မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနား မစတင်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏

ဒုတိယအကြိမ် အသင်းသားစုံညီနှစ်ပတ်လည်အခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ကုန်သွယ်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့တွင် အဓိကဆောင်ရွက်နေသည့် ဝန်ကြီးဌာန ဖြစ်ကြောင်း။

ကျန်းမာရေးထိခိုက်လာနိုင်

မြန်မာနိုင်ငံဆီစက်များနှင့်ပတ်သက်၍ စက်မှုဇုန်များတွင် ဆီစက်အရေအတွက် ကျဆင်းနေသည်ကို တွေ့ရပါကြောင်း၊ ယခင်က ဆီအမြောက်အမြား ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ ပြည်ပမှ ၇၀ ရာခိုင်နှုန်းခန့် တင်သွင်းနေရပါကြောင်း၊ ဆီစက်လုပ်ငန်းများ ကျဆင်းလာမှုကို လေ့လာကြည့်ပါက ပြည်ပမှ စားသုံးဆီများအား ဈေးနှုန်းသက်သာစွာ သုံးစွဲနေကြခြင်းကြောင့်ဖြစ်သဖြင့် စားသုံးဆီသုံးစွဲမှုနှုန်းလည်း မြင့်မားလာခဲ့ပါကြောင်း၊ ထို့ပြင် ပြည်တွင်းမှ ပဲဆီ၊ နှမ်းဆီအချို့တွင်လည်း စားသုံးဆီများရောနှော၍ ပဲဆီ၊ နှမ်းဆီရနံ့များ ထည့်သွင်းအသုံးပြု ရောင်းချနေကြသည်ကို တွေ့ရှိရပြီး စားသုံးသူများ၏ ကျန်းမာရေးလည်း ထိခိုက်လာနိုင်ပါကြောင်း၊ ပြည်တွင်းပဲဆီ၊ နှမ်းဆီများ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ထုတ်လုပ်မှုစရိတ်ကျဆင်းအောင် ပဏာမဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကြမ်းအထွက်နှုန်းတိုးတက်စေရန်နှင့် ဆီထုတ်လုပ်မှု မြင့်မားလာစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဆီစက်လုပ်ငန်းများသည် ပြည်တွင်းရှိတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာများလည်း ထုတ်လုပ်ပေးနိုင်ပြီး ပြည်တွင်းကုန်ထုတ် လုပ်ငန်းများကိုလည်း များစွာအထောက်အကူဖြစ်စေပါကြောင်း၊ သို့ဖြစ်ပါ၍ Good Manufacturing Product ဖြစ်စေရန် အရည်အသွေးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပြီး ဆီထွက်နှုန်းတိုးမြင့်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပဲနှင့်နှမ်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းထုတ်လုပ်သည့်ဆီများအား Hazard Analysis and Critical Control Points (HACCP) Certificate ရရှိသည်အထိ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆီအတုအပများသည် ကျန်းမာရေးအား ထိခိုက်နိုင်သဖြင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိခဲ့ပြီး Pyin Oo Lwin Centre ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် သီးနှံအလိုက် အစုအဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့သစ်သီးဝလံပန်းမန်များကို အရည်အသွေးမီစံနှုန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတို့အကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ မျိုးပိုးဥနှင့် ပိုးဥ သုတေသနခြံ ပြင်ဦးလွင်မြို့သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ပြီး ပိုးစာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မဲဆောက်မြို့တော်ဝန်နှင့် မြဝတီစည်ပင်ကော်မတီဥက္ကဋ္ဌ တွေ့ဆုံ

မြဝတီ ဇန်နဝါရီ ၆

မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေအား ထိုင်းနိုင်ငံ မဲဆောက်မြို့တော်ဝန် Mr. Dr Teardkiet Chinsoranant သည် ယနေ့နံနက်ပိုင်းက မြဝတီမြို့ အာဇာနည်ပန်းခြံအတွင်းရှိ အာဇာနည်ခန်းမတွင် လာရောက်တွေ့ဆုံပြီး မဲဆောက်၊ မြဝတီ စည်ပင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် မြဝတီမြို့အား မဲဆောက်မြို့ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သည်များကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့တော်ဝန်က "မြန်မာပြည် မြဝတီမြို့နယ်အတွင်း ထိုင်းနိုင်ငံသားတွေ လာရောက်ရင် သူတို့သွားရမယ့် နယ်နိမိတ် နေရာတွေ၊ မသွားရမယ့် နေရာတွေကို သတ်သတ်မှတ်မှတ် သိစေချင်သလို မြဝတီမြို့က ပြည်သူတွေ ထိုင်းနိုင်ငံကို လာရောက်တဲ့အခါမှာလည်း မသွားရတဲ့နေရာတွေကို သတ်မှတ်ပေးထားပါတယ်။ နောက်တစ်ခုက ထိုင်းနိုင်ငံအတွင်း ပြည်ပခရီးသွားဧည့်သည်တွေ သွားလာရ လွယ်ကူစေဖို့အတွက် မဲဆောက်မြို့မှာ ဧည့်လမ်းညွှန်စင်တာကို ဖွင့်လှစ်ထားပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း ထိုင်းနိုင်ငံက ဝင်ရောက်လာမယ့် ပြည်ပခရီးသွားတွေအတွက် ဧည့်လမ်းညွှန်စင်တာတွေ ဖွင့်လှစ်ထားရှိဖို့ အကြံပြုချင်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အကြံပြုချက်များကို အထက်သို့အဆင့်ဆင့် တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြဝတီမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေက ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး မဲဆောက်မြို့တော်ဝန်နှင့်အဖွဲ့အား မြဝတီစည်ပင်ကော်မတီဥက္ကဋ္ဌမှ မီးသတ်ဦးစီးဌာန မြို့မဘောလုံးကွင်း၊ မြဝတီအမှိုက်ပုံနေရာနှင့် အမှတ်(၁) ရပ်ကွက် ခွန်ဆာဝန်းရှိ သောင်ရင်း

ဘောလုံးကွင်းတို့ကို လိုက်လံ ပြသပေးရာ မဲဆောက်မြို့တော်ဝန်က လိုအပ်သည့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ထိန်လင်းအောင်**

ကြံ့ခိုင်မှုအားနည်းနေသည့် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ထီးတော်ဟောင်းအား ထီးစေတီတည်ထားကိုးကွယ်ရန် ရင်ပြင်ပေါ်သို့ ပင့်ဆောင်ပူဇော်

ပုသိမ် ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြည်၊ ရေနောက် ကန်တော်နှစ်ကန်အနီးရှိ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးစေတီကိုပုံ၍ ဌာပနာပြီး တည်ထားကိုးကွယ်သော လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ထီးတော်ဟောင်းမှာ ကြံ့ခိုင်မှုအားနည်းလာသည့်အတွက် ထီးတော်ဟောင်းအား ထီးစေတီတည်ထားကိုးကွယ်ရန်အတွက် ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ပြုလုပ်သည်။

ထီးတော်ဟောင်းအား ပင့်ဆောင်

ထီးတော်ဟောင်းအား စေတီတော်ရင်ပြင်သို့ ပင့်ဆောင်ခြင်း အခမ်းအနားကို ဒုတိယကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပ၏ ကြီးကြပ်ဆောင်ရွက်မှု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟို(ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ ဦးဆောင်သော တိုင်းနုဂ္ဂဟအဖွဲ့ဝင်များနှင့် ကျိုက်ထီးဆောင်း ငါးသုံးလီမိသားစုတို့မှ ထီးတော်ဟောင်းအား ပင့်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစေတီတော်မှာ သမိုင်းဝင်စေတီတော်မြတ်ကြီး တစ်ဆူဖြစ်ပြီး တတိယသင်္ဂါယနာတင်ခဲ့သော အာသောက မင်းကြီးလက်ထက်က ယင်းနေရာတွင် စေတီတော်တစ်ဆူ ရှိခဲ့သဖြင့် ထိုစေတီကိုဖူးမြော်လိုသည့် အလောင်းစည်သူမင်းကြီးမှ မော်တင်စွန်းဆံတော်ရှင်စေတီတော်ကို မွမ်းမံပြုပြင်ပြီးနောက် ပုသိမ်သို့အရောက် ဖောင်တော်ဆိုက်ရာနေရာ၌ ယခုစေတီ တည်ထားသည့်နေရာတွင် ဖောင်တော်ဦးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် လေးကျွန်းရန်အောင်စေတီတော် မြတ်ကြီးအား ထီးတော်အသစ် တင်လှူပူဇော်ရန်နှင့် ဘက်စုံ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဇန်နဝါရီ ၅ ရက် ညနေပိုင်းတွင် လာရောက်ဖူးမြော်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်

ယခုအခါ ယင်းစေတီတော်မြတ်ကြီးအား သာသနာ(၂၅၀၀) မှ သာသနာ (၅၀၀၀) တည်တံ့ဆောင်နိုင်ရန် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်အသစ် တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများအတွက် ဧရာဝတီတိုင်းဒေသကြီး၊ သံဃာ့ဥသျှောင် သံဃနာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ ညွှန်ကြားမှုဖြင့် ထီးတော်အသစ်တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများဖြစ်သော စေတီတော်ရှိ မျက်နှာကြက် မိုးယိုစိမ့်နေမှုအား ခေတ်မီနည်းပညာများဖြင့် ရေယိုစိမ့်မှု ကာကွယ်ဆေးထိုးခြင်းနှင့် ကတ္တရာလိပ်ခင်းခြင်း၊ ရေဆင်းပိုက်များ လဲလှယ်တပ်ဆင်ခြင်း၊ ဘုရားပရိဝုဏ်ပတ်ပတ်လည်အား ကျုံးရေကန်တူးဖော်ခြင်းနှင့် ကျုံးပတ်လမ်း တည်ဆောက်ခြင်း၊ ရေကြည်၊ ရေနောက်ကန်အား သန့်ရှင်းမှုရှိစေရန် ပြန်လည်တူးဖော်ခြင်း၊ ဧက ၅၀ အကျယ်ရှိသော ဘုရားပရိဝုဏ်မြေကို ချုံနွယ်များရှင်းလင်း၍ အများသူငှာ စိတ်ချမ်းမြေ့စွာ အနားယူနိုင်ရန်နှင့် ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ဥယျာဉ်တော် တည်ဆောက်ခြင်း၊ ဘုရားအဝင်၊ အထွက်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းအပါအဝင် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိသည်။

ထီးတော်အသစ်အား တပေါင်းလတွင် တင်လှူပူဇော်ပြီး ဘက်စုံပြင်ဆင်ရေးလုပ်ငန်းများ ပြီးစီးမည့် ၂၀၂၀ ပြည့်နှစ်တွင် အလှူမင်္ဂလာအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၅၀၀၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဇေယျာသီရိမြို့နယ်၌ (၈၁)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ (၈၁)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ဖြိုးမျိုးနွယ်စုမှ ဦးဆောင်ပြီး ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကရင်အမျိုးသားအလံ လွှင့်ထူခြင်း၊ ကရင်အမျိုးသား အမျိုးသမီးလေးများက ရိုးရာတူရိယာများဖြင့် တီးမှုတ်ပြီး ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စုလှိုင်က ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကာ ကရင်ဖြိုးမျိုးနွယ်စုရေးရာကော်မတီဥက္ကဋ္ဌ ဦးစောစိုးနိုင်က ကရင်လူမျိုးများအကြောင်း၊ မျိုးနွယ်စုများအကြောင်း ရှင်းလင်းပြောကြားပြီး ကျောက်ဖျာကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ခဲ့ကာ ကရင်အမျိုးသား၊ အမျိုးသမီးများက ရိုးရာအတီးအမှုတ်အကများဖြင့် ကပြဖျော်ဖြေသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်မှ ဗိုလ်မှူးကြီး ကျော်လှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စုလှိုင်၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ကရင်ဖြိုးမျိုးနွယ်စုရေးရာကော်မတီဥက္ကဋ္ဌ ဦးစောစိုးနိုင်၊ ကရင်ရေးရာကော်မတီဝင် (ဘားအံ) ဒေါ်နန်းမြင့်တင်၊ ကရင်စာပေယဉ်ကျေးမှု အဖွဲ့ဝင်များ၊ လူငယ်ရေးရာအဖွဲ့ဝင်များ၊ ကျောက်ဖျာ၊ ရွာသစ်ကုန်းကျေးရွာများမှ ကရင်ဖြိုးတိုင်းရင်းသားများနှင့် ဒေသခံတိုင်းရင်းသားပေါင်းစုံ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-နန်းမွန်ဟိန်း

အိမ်မဲမြို့နယ်တွင် ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ထည့်သွင်းကျင်းပ

အိမ်မဲ ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ကရင်အမျိုးသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးကော်မတီတို့ ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် ကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ အားပေးသည့် ပရိသတ်များပြားမှုကြောင့် ရုံလျှံသွားကြောင်း လက်ဝှေ့ပွဲကျင်းပရေးအဖွဲ့မှ သိရသည်။

"လက်ဝှေ့ပြိုင်ပွဲတွေကို ညပိုင်းမှာ ကျင်းပပါတယ်။ လက်ဝှေ့ပွဲမှာ ၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ကစားသမားတွေပါတယ်။ ပွဲတွေကတော့ တော်တော် အကြိတ်အနယ်ရှိတယ်။ ကြည့်လို့လည်း ကောင်းတယ်" ဟု လက်ဝှေ့ပွဲကျင်းပရေးအဖွဲ့မှ ဒေါက်တာ မန်းအောင်မြတ်ကျော်က ပြောသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် အမျိုးသားလက်ဝှေ့ပြိုင်ပွဲများသာမက အမျိုးသမီးလက်ဝှေ့ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

"မနှစ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ပုသိမ်မှာ လက်ဝှေ့ပွဲ သုံးည ထည့်သွင်း ကျင်းပခဲ့တယ်။ ဒီမှာတော့ ဇန်နဝါရီ ၄ ရက်နဲ့ ၅ ရက် နှစ်ရက်ပဲ ကျင်းပတယ်။ ဆုကြေးကတော့ ပွဲတစ်ပွဲလုံး သိန်းတစ်ရာငါးဆယ်လောက် သုံးမယ်လို့ သတ်မှတ်ထားတယ်"ဟု ဒေါက်တာ မန်းအောင်မြတ်ကျော်က ပြောသည်။

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ ဇန်နဝါရီ ၄ ရက် ညပိုင်းတွင် ကျင်းပသည့် အမျိုးသားလက်ဝှေ့ပွဲ၌ ယှူ့ခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် လက်သီးမိုး (ရွှေသထုံ)၊ အောင်ထက် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် အောင်ကျော်ဟိန်း (တိုက်ဂါး၊ ဘားအံ)၊ ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား၊ ဘားအံ)နှင့် ရဲသွေးအောင် (အဖြူရောင်သွေးသစ်၊ ရန်ကုန်)၊ သားဒိန်း (ဖိုးရာဇာ၊ရန်ကုန်)နှင့် ချိုတူးအောင် (ဓမ္မဟောဝန်၊ ဘုရားသုံးဆူ)၊ ရွှေမိုးပျံ (ရွှေသထုံ၊ သထုံ)နှင့် သိန်းစိုး (အဖြူရောင်သွေးသစ်)၊ ကျောက်ရိုင်း(ဓမ္မဟောဝန်၊ ဘုရားသုံးဆူ)နှင့် ဟိန်းထွဋ်ကျော် (ဥသျှမင်း၊ ပဲခူး)၊ ရှိုင်းကိုကို (ဥသျှမင်း၊ ပဲခူး)နှင့် ရဲကျော်သူ (RAY) တို့ ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးလက်ဝှေ့ပွဲတွင် မာရီးနား (ခြင်္သေ့မင်း)နှင့် သော်နေထူး(ဇာနည်မောင်)တို့ ယှဉ်ပြိုင်ကြသည်။

ဒုတိယနေ့ ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် ကျင်းပသည့် အမျိုးသားလက်ဝှေ့ပွဲ၌ စောဆဝါး (ဒို့ရိုးရာ၊ သထုံ) နှင့် ပိုက်ထွေး(ရွှေသထုံ၊ သထုံ)၊ ကောင်းကောင်း (မြိုင်ကလေး ဘိလပ်မြေစက်ရုံ) နှင့်ထွန်းလင်းအောင် (ဒို့ရိုးရာ၊ သထုံ)၊ ကျော်နိုင် (တိုက်ဂါး၊ ဘားအံ) နှင့် စည်သူအောင် (ရွှေဘားလား၊ ဘားအံ)၊ ဆလိုင်းဟိန်းထက်ကို (ရွှေဘားလား၊ ဘားအံ)နှင့် ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)၊ ရွှေချော(ရွှေဒေါ်ပုံ၊ ရန်ကုန်) နှင့် လျှမ်းတောက်(A.M.T.2)၊ စောချစ်သဲ(ဇာတိမာန်၊ ရန်ကုန်)နှင့် ချောညို (ရွှေဒေါ်ပုံ)၊ မိုးလွင်ဦး(ခြင်္သေ့မင်း၊ ရန်ကုန်)နှင့် ရဲကျော်သူ (RAY) တို့ ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးလက်ဝှေ့ပွဲတွင် စိန်တစ်ပွင့်(ဇာတိမာန်၊ ရန်ကုန်)နှင့် ငြိမ်းအိ(တိုက်ဂါး၊ ဘားအံ)တို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မင်းသစ်(MNA)

မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ (၁)၊ အတွဲ (၂)၊ အတွဲ (၃) ထုတ်ဝေဖြန့်ချိလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာစာပေသမိုင်းတွင် အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို စုစည်းလျက် မြန်မာစာကောင်းပေမွန်များကို မျိုးဆက်

သစ်များ အလွယ်တကူ ရှာဖွေထိတွေ့ခွင့်ရရှိရန်၊ စာပေက ပေးသော သုတ၊ ရသများကို ခံစားရခြင်းနှင့်အတူ မြန်မာစာ၊ မြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်စေရန်နှင့် ရှေးအစဉ်အဆက်က ရှိနှင့်ပြီးသော မြန်မာတို့၏ ဘဝအတွေ့အကြုံ၊ အသိပညာ၊ ဗဟုသုတ၊ မြန်မာ့ဉာဏ်၊ မြန်မာ့အတွေးအခေါ်၊ မြန်မာတို့၏ စိတ်နေစိတ်ထားနှင့် စရိုက်လက္ခဏာများ၊ မြန်မာ့ ယဉ်ကျေးမှုများ၊ မြန်မာ့ထုံးဓလေ့အစဉ်အလာများ၊ မြန်မာဘာသာစကားနှင့် မြန်မာစာပေအဆင့်အတန်းများကို နိုင်ငံတကာသုတေသီများ လေ့လာအကဲခတ်နိုင်ရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များကို ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိသည်။

ထုတ်ဝေဖြန့်ချိ

ယခုအခါ စာဖတ်သူတို့ကို ဘဝအသိအမြင် မြင့်မားစေရေးအတွက် ခံစားနှစ်သက်မှု "ရသ" ကို ဖော်ကျူးပေးစွမ်းမည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ(၁)၊ အတွဲ (၂) နှင့် အတွဲ (၃) တို့ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ ဝတ္ထုရှည်စာစဉ် အတွဲ (၁) တွင် ဂျိမ်းစ်လှကျော် ရေးသားသည့် မောင်ရင်မောင် မမယ်မ (၁၉၀၄)၊ ဝန်စာရေးဦးကြီး ရေးသားသည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်း (၁၉၀၄)၊ မအေးခင် ရေးသားသည့် ချစ်ရိုးအမှန် (၁၉၀၇) စာအုပ်တို့ ပါဝင်သည်။ အတွဲ(၂) တွင် ဦးလတ် ရေးသားသည့် ရွှေပြည်စိုး (၁၉၁၄)၊ ရွှေဥဒေါင်း ရေးသားသည့် ရတနာပုံ (၁၉၁၇)၊ ဘီအေမောင်ဘသန်း ရေးသားသည့် ထာဝရမေတ္တာ သို့မဟုတ် ဘီအေမောင်ဘလွင် (၁၉၂၀) စာအုပ်တို့ ပါဝင်သည်။ စာစဉ်အတွဲ (၃) တွင် ပီမိုးနင်း ရေးသားသည့် နေရီရီ (၁၉၂၀)၊ ဦးလတ် ရေးသားသည့် တနန်းပျော် ရင်သွေးတော် (၁၉၂၀)၊ သခင်ကိုယ်တော်မှိုင်း ရေးသားသည့် မှာတော်ပုံ (၁၉၂၁) စာအုပ်တို့ ပါဝင်သည်။ ဝတ္ထုရှည် အတွဲများအတွက် မောင်ခင်မင် (ဓနုဖြူ) က စာစဉ်မိတ်ဆက်ပြီး ဆရာဇော်ဂျီ၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ရာပြည့် ဦးစိုးညွန့်၊ ဦးမြင့်ဆွေ (မြင့်ဆွေဦး) တို့က အတွဲနိဒါန်းများကို သေသပ်လှပစွာ ရေးသားထားသည်။

မြို့အသီးသီးတွင် ဝယ်ယူနိုင်

မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ (၁)၊ အတွဲ (၂)၊ အတွဲ (၃) တို့ကို တစ်တွဲလျှင် ငွေကျပ် ၁၂၀၀၀ နှုန်း၊ ကိုယ်စားလှယ်နှုန်း ၁၅ ရာခိုင်နှုန်းလျှော့ဖြင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးရှိ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် အရောင်း

ကိုယ်စားလှယ်များမှတစ်ဆင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

ဆေးလိပ်ငွေ့ကင်းစင် ကျောက်တံတားမြို့နယ်တစ်ခွင် လူထုလှုံ့ဆော်လှုပ်ရှားပွဲ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင် ကျောက်တံတားမြို့နယ်တစ်ခွင် လူထုလှုံ့ဆော်လှုပ်ရှားပွဲ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံတွင်ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များနှင့်အတူ လူထုလှုံ့ဆော်လှုပ်ရှားပွဲတွင် အဆို၊ အကများ၊ ကျန်းမာရေးပညာပေးသီချင်းများနှင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးအသိပညာပေး အမေးအဖြေပြုလုပ်ခြင်း၊ ကျား၊ မ၊ ကလေး၊ လူကြီး၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင် ကျန်းမာရေးပြခန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးပြခန်းများ ဖွင့်လှစ်ထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ကျန်းမာရေးကို မထိခိုက်စေရန်
စီမံဆောင်ရွက်

ကျောက်တံတားမြို့နယ် တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် စီမံချက်သည် ဆေးလိပ်သောက်သူများ၏ အခွင့်အရေးကို ပိတ်ပင်တားဆီးချင်းမဟုတ်ဘဲ ဆေးလိပ် သောက်သုံးသူများမှ ထွက်ရှိလာသော ဆေးလိပ်ငွေ့သည် ပတ်ဝန်းကျင်ရှိ အများပြည်သူများ၏ ကျန်းမာရေးကို မထိခိုက်စေရန် စီမံဆောင်ရွက်ခြင်းသာ ဖြစ်သည်။

ဆေးလိပ်သောက်သုံးသူများမှ ရှူထုတ်လိုက်သော ဆေးလိပ်ငွေ့နှင့်

သောက်သုံးစဉ် ဆေးလိပ်မှ ထွက်လာသော အခိုးအငွေ့များက ကလေးသူငယ်များကို ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ၊ အသက်ရှူလမ်းကြောင်း ရောဂါများ၊ နားရောင်ရမ်းခြင်း၊ တစ်နှစ်အောက် ကလေးငယ်များ ရုတ်တရက် သေဆုံးခြင်းတို့ ဖြစ်စေတတ်သည်။ လူကြီးများတွင် အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များတွင် ကိုယ်အလေးချိန် မပြည့်မီသောကလေး မွေးဖွားခြင်းတို့ ဖြစ်စေသည်။

ထို့အပြင် လူကြီးများတွင် နာတာရှည် အဆုတ်ရောဂါ၊ လည်ချောင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ အမျိုးသမီးများတွင် သားမြတ်ကင်ဆာတို့ ဖြစ်စေသည်။ ကမ္ဘာတစ်ဝန်း အမျိုးသမီးဦးရေ၏ သုံးပုံ-တစ်ပုံ (၃၃ ရာခိုင်နှုန်း)နှင့် အမျိုးသားဦးရေ၏ ငါးပုံ-တစ်ပုံ (၂၀ ရာခိုင်နှုန်း) သည် တစ်ဆင့်ခံဆေးလိပ်ငွေ့များကို ရှူရှိုက်နေရပြီး မြန်မာနိုင်ငံတွင် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နှစ်စဉ် လူပေါင်း ၆၅၆၅၀ သေဆုံးလျက်ရှိကာ စုစုပေါင်းသေဆုံးမှု၏ ၁၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ယခုစီမံချက်သည် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး အများပြည်သူနှင့် သက်ဆိုင်သောနေရာ၊ လုပ်ငန်းခွင်များ၊ ကျောင်းများ၊ ရုံးများ၊ ဈေးများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ရုပ်ရှင်ရုံများ စသည်တို့တွင် ဆေးလိပ် မသောက်သုံးရန်ဖြစ်ကြောင်း သိရသည်။

သတင်း-ကိုကိုဇော်
ဓာတ်ပုံ-ဇော်မင်းလတ်

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ IDEA စားသောက်ဆိုင်၌ ကျင်းပရာ တတိယအကြိမ်မြောက် ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အခမ်းအနားပြုလုပ်မည့်ရက်ကို မတ် ၂၄ ရက်တွင် ကျင်းပရန် သတ်မှတ်ခဲ့ကြသည်။

လှူဒါန်း

ထို့နောက် အသင်းအမှုဆောင် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင် - ဒေါ်သီဂီဦး (မဟော်သဓာ Print & Pack ပုံနှိပ်လုပ်ငန်း) က ငွေကျပ် သုံးသိန်း၊ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ငွေကျပ် တစ်သိန်း၊ အတွင်းရေးမှူး(၁) ဦးတင်မောင်လတ်နှင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း) ဦးခင်မောင်ကျော်ဒင်တို့က ငွေကျပ် တစ်သိန်းစီ၊ ကျန်အမှုဆောင်များက စုပေါင်းထည့်လှူငွေကျပ် ၃၄၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၉၄၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မိုးယွန်းကြီးအင်းဒေသတွင် ကာလတို သက်မွေးမှုပညာသင်တန်းဖွင့်

တောင်ငူ ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မိုးယွန်းကြီးအင်းဒေသ ပျဉ်ပုံကြီးကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ယမန်နေ့က ပညာရေးဝန်ကြီးဌာန နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သော ကာလတို သက်မွေးပညာသင်တန်းများဖြစ်ကြသည့် အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်ကြောင်း သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်ရွယ်

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးကျော်သူက နှုတ်ခွန်းဆက်စကားနှင့် သင်တန်း၏အသုံးဝင်ပုံများကို ပြောကြားသည်။ ယင်းနောက် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)မှ ကျောင်းအုပ်ကြီး ဦးကျော်မင်းလတ်က မိုးယွန်းကြီးအင်းအတွင်းမှ ဇီဝမျိုးကွဲသတ္တဝါများ မျိုးတုံးပျောက်ကွယ်မှုမှ ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် မိုးယွန်းကြီးအင်း ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်လူရွယ်များကို သက်မွေးပညာများ တတ်မြောက်ရန် ရည်ရွယ်ခြင်း၊ သက်မွေးပညာများ တတ်မြောက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ရည်ရွယ်ခြင်း၊ တိုးတက်လာသောခေတ်နှင့်အညီ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်တတ်စေရန် သက်မွေးပညာများ တတ်မြောက်သွားရန်၊ သက်မွေးပညာများမတတ်၍ အလုပ်လက်မဲ့ဖြစ်နေသော လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားပုဂ္ဂလိကအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်စေပြီး သင်တန်းပြီးသွားသော သင်တန်းသားများအတွက် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

တစ်လကြာ သင်ကြားသွားမည်

အိမ်တွင်းဝိုင်ယာသွယ်တန်းခြင်းသင်တန်းကို သင်တန်းသားဦးရေ ၂၃ ဦး၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းမှုသင်တန်းကို သင်တန်းသားဦးရေ ၁၉ ဦး တက်ရောက်ကြမည်ဖြစ်ကာ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းဖွင့်လှစ်ပွဲသို့ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)မှ ဆရာ ဆရာမများနှင့် စိတ်ဝင်စားသည့် ဒေသခံများ တက်ရောက်ကြကြောင်း သိရသည်။

သူရ (တောင်ငူ)

ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများအား ရဲတပ်ဖွဲ့တာဝန်ရှိသူများက သွားရောက်ထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၃) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစုနေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့များမှ သွားရောက်ကြည့်ရှု နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပေးအပ်သည့် ထောက်ပံ့ငွေများအား သွားရောက်ပေးအပ်လျက်ရှိသည်။

ဇန်နဝါရီ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လတ်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မကွေးမြို့ အောင်စေတနာ (A) ၃ လမ်းသို့ သွားရောက်၍ ရဲမှူး စိုင်းဘိုဟန်၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်သီတာဦးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀သိန်းကိုထောက်ပံ့ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး သက်နိုင်ထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်များက ညောင်တုန်းမြို့ ၉ ရပ်ကွက်သို့ သွားရောက်၍ ဒုတိယရဲအုပ် မြင့်လွင်၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကား ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်မိုးမိုးခိုင်ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အလားတူ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး တင်ရွှေဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်သား ကိုကိုလတ်၏

ကျန်ရစ်သူမိသားစုအား လွိုင်ကော်မြို့၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး အစ်ကိုဖြစ်သူ ကိုကျော်ထူးအောင်ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကိုထောက်ပံ့ ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အလားတူ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ် နောင်လျန်(၂)ကျေးရွာသို့သွားရောက်ကာ ရဲတပ်သား ဖားဖာ့၏ ကျန်ရစ်သူမိသားစုများနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ဖခင်ဖြစ်သူ ဦးအားချေးထံသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့်ငွေကျပ် ၁၀သိန်းနှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်ငါးသိန်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်နှစ်သိန်းတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မောင်တောမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်

မောင်တော ဇန်နဝါရီ ၆

လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်ခဲ့သည်။

အဆိုပါလူမှုရေးပင်စင်အတွက် ထောက်ပံ့ငွေပေးအပ်မှုတွင် မောင်တောမြို့နယ် ကျီးကန်းပြင်အုပ်စုမှ အဘိုးအဘွား နှစ်ဦး၊ လေးမိုင်ရပ်ကွက်မှ အဘိုးအဘွားရှစ်ဦးနှင့် မြို့သူကြီးကျေးရွာအုပ်စုမှ အဘိုးအဘွားနှစ်ဦး စုစုပေါင်းအဘိုးအဘွား ၁၂ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သုံးသောင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မောင်တောမြို့နယ်အတွင်း အသက်(၈၅)နှစ်အထက်ရှိ အဘိုးအဘွားများအား လူမှုရေးပင်စင်အဖြစ် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းကို သုံးလတစ်ကြိမ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မောင်တောမြို့နယ်အတွင်း ကျန်ရှိသည့်ကျေးရွာများမှ အဘိုးအဘွားများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန မောင်တောမြို့တာဝန်ခံ ဦးကျော်အောင်စိန်က ပြောကြားသည်။

အသက် ၈၅ နှစ်အထက် အဘိုးတစ်ဦးအား လူမှုရေးပင်စင်ငွေများ ထောက်ပံ့ပေးအပ်စဉ်။

ထို့ပြင် ၂၀၁၈ ခုနှစ် စက်တင်ဘာလက နွားကျောင်းရင်း အသတ်ခံခဲ့ရသည့် မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာမှ ကျေးရွာသားတစ်ဦး၏ ကျန်ရစ်သည့် မိသားစုဝင်များအား စားဝတ်နေရေးပြေလည်စေရန်အတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဇန်နဝါရီ၃ ရက်ကလည်း လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် မောင်တောမြို့နယ် အင်းဒင်ကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေး ၆၂ဦး၊ ကျောက်ပန္နူကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေး ၂၆ ဦးနှင့် ဥဒေါင်းကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေး ၄၀ ဦးတို့ကို အာဟာရဖွံ့ဖြိုးရေးအတွက် တစ်ဦးလျှင်ငွေကျပ် ၄၅၀၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးအသိပညာများ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေပေးအပ်မှုများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစသည့်ဒေသများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အစီအစဉ် ၈ ရပ်ရေးဆွဲပြီး လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တွင် ဘဝတစ်လျှောက်လုံး ကိုယ်ဝန်ဆောင်မိခင်ဘဝမှအစ သက်ကြီးရွယ်အိုအထိ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်း-မော်စီ၊ ကိုမင်း
ဓာတ်ပုံ-တင်စိုး

❍ ကျောဖုံးမှ

ကစားပုံပိုကောင်းခဲ့သလို ပယ်နယ်တီဆုံးဖြတ်ရာတွင်လည်း ဂိုးသမား သီဟစည်သူ၏ လက်စွမ်းပြမှုကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာမူ ယခုပွဲတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီး အမာခံကစားသမားများနှင့် လူငယ်ကစားသမားအချို့ကို တွဲဖက်ပွဲထုတ်ရာတွင် ပုံစံကောင်းပြသနိုင်ခြင်း မရှိခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းသည် အသစ်ခေါ်ယူထားသည့် မေကွန်၊ ဂူစတာဗို၊ နန္ဒကျော်၊ ဆက်ဖြိုးဝေ၊ နာကာမူရာတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုကာ သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ ဟိန်းသီဟဇော်တို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းမှာမူ ဂိုးသမားကျော်ဇင်ထက်နှင့် ဘယ်နောက်ခံလူ မင်းကျော်ခန့်တို့ ပွဲပယ်ခံထားရ၍ လူငယ်ဂိုးသမား ဆန်းဆက်နိုင်ကို အသုံးပြုခဲ့ပြီး မောင်မောင်လွင်၊ ရန်အောင်ကျော်၊ မင်းကိုသူ၊ ကျော်ဇင်ဦး၊ ဆယ်လာ၊ ယာမာဇာကီတို့ဖြင့် ပွဲထွက်ခဲ့သည်။

ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားပုံပိုကောင်းခဲ့ပြီး ဂိုးဖန်တီးမှုပိုမို ပြုလုပ်နိုင်ခဲ့သည်။ ၂၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး မေကွန်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။ ၃၄ မိနစ်တွင် ရွှေကို၏ ကန်ချက် တိုင်ထိထွက်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နှစ်ဂိုးပြတ်ဦးဆောင်နိုင်မည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

ဒုတိယပိုင်းတွင်ရန်ကုန်အသင်းက တိုက်စစ်အားမြှင့်တင်ခဲ့သလို ကြည်လင်း၊ ရန်လင်းအောင်နှင့် သီဟဇော်တို့ကို ထည့်ကာ အပြောင်းအလဲလုပ်ခဲ့သောကြောင့် ကွင်းလယ်ကစားပုံပိုကောင်းခဲ့သည်။ ၅၂ မိနစ်တွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မိုကာလူးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးရနိုင်သည့်အခွင့်အရေးများကို အသုံးမချနိုင်၍ တစ်ဂိုးစီသရေကျနေသည်။ အချိန်ပိုဆက်မကစားဘဲ ပယ်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှ မေကွန်၊ ဂူစတာဗို၊ နန္ဒကျော်နှင့် ဒေးဗစ်ဒန်းတို့ ဂိုးဝင်ပြီး ဇွဲသက်ပိုင်၏ကန်သွင်းမှုကို ရန်ကုန်ဂိုးသမားဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းမှ ဆယ်လာ၊ မိုကာလူးနှင့် ရန်လင်းအောင်တို့ ဂိုးဝင်ပြီး ကြည်လင်းနှင့် ယာမာဇာကီတို့ ကန်သွင်းမှုများကို ရှမ်းဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့၍ ရှမ်းအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် ကွင်းဝင်ကြေးကျပ် ၂၅ သိန်းကျော်ရခဲ့ပြီး မြန်မာနေရှင်နယ်ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေများကို ကျိုက်ဝိုင်းလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံ၊ သဘာဝခေါ်သံဖောင်ဒေးရှင်း၊ ရန်ကုန်အခြေစိုက်ပရဟိတလူငယ်များ ကွန်ရက်နှင့် မဟာဓမ္မရက္ခိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ကို တစ်ခုလျှင် ငွေကျပ်သိန်း ၃၀ စီဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌဦးခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများကပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ချာရတီဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။ **ညီမြတ်သော်တာ**

ချမ်းမြသာစည်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၆

မန္တလေး ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (T.S.D.P) အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၃ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတို့ကို ယနေ့ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အနိုင်ရရှိ

ဘောလုံးပြိုင်ပွဲတွင် အောင်သာယာရပ်ကွက်အသင်းက အောင်ပင်လယ်ရပ်ကွက်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်သာယာရပ်ကွက်အသင်းက သံလျက်မော်ရပ်ကွက်အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုများကိုချီးမြှင့်ရာ ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် နေရာအလိုက် အကောင်းဆုံးဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရအသင်းများနှင့် တစ်ဦးချင်းအကောင်းဆုံးဆုရရှိသူများအား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ အား / ကာသိပ္ပံ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းဝင်း၊ အားကစားမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မြန်မာ့အလင်း**

Black Peter ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်း အစီအစဉ်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြင့် လာရောက်ကြည့်ရှုသူများအား အပြန်အလှန်ဆွေးနွေးခြင်း၊ ဝိုင်းဝန်းစဉ်းစားခြင်းတို့မှတစ်ဆင့် ခွဲခြမ်းစိတ်ဖြာလေ့လာသည့်အပိုင်းကို ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်ထားကြောင်း ဒါရိုက်တာ ဦးသိဒ္ဓိက ပြောသည်။

ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ရုပ်ရှင်အနုပညာရပ်ဝန်း) ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည့် ဒါရိုက်တာ Milos Forman ၏ Black Peter ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်း အစီအစဉ်တွင် ၎င်းကထိုသို့ ပြောကြားခြင်းဖြစ်သည်။

ယနေ့သုံးသပ်ဆွေးနွေးရာတွင် ဒါရိုက်တာ ဦးသိဒ္ဓိက ဇာတ်ကားနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကာ ဇာတ်ကားအပေါ် သုံးသပ်သည့်အမြင်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(ယာဘုံ)**

"ရုပ်ရှင်တွေကိုကြည့်တဲ့အခါ အပြန်အလှန်စဉ်းစားတဲ့အပိုင်း ပိုပြီးဖွံ့ဖြိုးလာစေချင်တယ်။ ကျွန်တော်က ချက်နိုင်ငံ ရုပ်ရှင်ကျောင်းမှာ တက်ရောက်ခဲ့ပါတယ်။ ဒီတော့ အဲဒီက လူနေမှုပုံစံကို နည်းနည်းပိုသိတယ်။ သူတို့ရဲ့တွေးခေါ်ပုံ၊ ချက်နိုင်ငံ ရုပ်ရှင်လှုပ်ရှားမှုအကြောင်း၊ ဟာသပုံစံဖန်တီးမှုအပိုင်းတွေကို ဆွေးနွေးတာပါ။ စကားလုံးတွေနဲ့ ဟာသလုပ်တာမဟုတ်ဘဲ လူ့ဘဝရဲ့ လှောင်ရယ်စရာအဖြစ်အပျက်တွေကို ဇောင်းပေးရိုက်ကူးထားတာပါ။ ဒီလိုတင်ပြတာက ပိုထူးခြားပြီး ခက်ခဲတယ်ဆိုတာ ဆွေးနွေးတာပါ "ဟု ဒါရိုက်တာ ဦးသိဒ္ဓိက ပြောသည်။

ယနေ့သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ စိတ်ဝင်စားသူ ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များ၊ ပြင်ပမှ စိတ်ပါဝင်စား သည့်ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဒါရိုက်တာ ဝင်းထွန်းထွန်းက " ဒစ်ဂျစ်တယ်နည်းပညာတွေ ပြောင်းလဲသွားချိန်မှာ စက်ပစ္စည်းတွေက ငွေနဲ့ဝယ်လို့ရပါတယ်။ နည်းပညာအပေါ်လိုက်ပြီး ဖန်တီးနိုင်စွမ်းက ကျွန်တော်တို့ဆီမှာ အားနည်းနေသေးတယ်။ အခုလိုမျိုး လူငယ်တွေက စိတ်ပါဝင်စားစွာ လေ့လာကြတာတွေ့တော့ မြန်မာ့ရုပ်ရှင်လောကအတွက် အထောက်အပံ့တွေ ပိုမိုရရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ယနေ့ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ၁၉၆၄ ခုနှစ်က ချက်နိုင်ငံရှိ ဆယ်ကျော်သက်လူငယ်တစ်ဦး၏ အလုပ်၌ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖခင်ကြီး၏ အုပ်ထိန်းမှုအောက်တွင်နေထိုင်ရသည့် အနေအထား၊ ၎င်းစိတ်ဝင်စားသည့် မိန်းမပျိုကို ပိုးပန်းမှုများစသည့် လူ့အဖွဲ့အစည်းတွင်နေထိုင်ဖြတ်သန်းသည့်အခါ ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ဟာသနှောကာ ရိုက်ကူးပုံဖော်ထားခြင်းဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားများနှင့်ပတ်သက်သည့် ကြည့်ရှုလေ့လာဆွေးနွေးမှုများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိသည့် ရုပ်ရှင်ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာ ပြသဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မြတ်စန္ဒီ
ဓာတ်ပုံ-ရဲထွဋ်

စစ်ကိုင်းမြို့၌ မြန်မာ -အိန္ဒိယစီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပမည်

စစ်ကိုင်း ဇန်နဝါရီ ၆

မြန်မာ - အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကို စစ်ကိုင်းမြို့မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းမှ သိရသည်။

အိန္ဒိယနိုင်ငံ Indo-Myanmar Imphal Mainpur Industrial Development Council SALAI (Dispension of Self- Radiance)၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးနှင့် ခရိုင်စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ- အိန္ဒိယနှစ်နိုင်ငံသည် ရှေးယခင်မှစ၍ သမိုင်းကြောင်း ဘာသာရေးပထဝီအနေအထားနှင့် နိုင်ငံရေးတို့မှာပါ ချစ်ကြည်ရင်းနှီးခဲ့သော နိုင်ငံများဖြစ်ခြင်း၊ မြန်မာနိုင်ငံနှင့် ရေမြေနယ်နိမိတ်ချင်းလည်း ရှည်လျားစွာထိစပ်နေသော နိုင်ငံလည်းဖြစ်ပြီး မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့ကြား တံတားသဖွယ်ပေါင်းကူးပေးထားသည့် တစ်ခုတည်းသောနိုင်ငံလည်းဖြစ်ကာ အိန္ဒိယနိုင်ငံ၏ မူဝါဒတို့နှင့်လည်း ကိုက်ညီသည့်နိုင်ငံ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မဏိပူရပြည်နယ်တို့မှာ နှစ်နိုင်ငံကုန်စည် စီးဆင်းမှုလမ်းကြောင်းပေါ်တွင် တည်ရှိနေပြီး အကျိုးထူးခံစားရနိုင်ကြောင်း၊ ထို့အပြင် စစ်ကိုင်းမြို့သည် အိန္ဒိယ- မြန်မာ- ထိုင်းသုံးနိုင်ငံ အဝေးပြေးလမ်းမပေါ်တွင်တည်ရှိနေသောကြောင့် စီးပွားရေးအခွင့်အလမ်းများကို လက်တွေ့ကျကျအသုံးချနိုင်ရန် မြန်မာ -အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အိန္ဒိယ - မြန်မာနှစ်နိုင်ငံ ကုန်စည်အရောင်းပြခန်းများ၊ ဖက်ရှင်ပြပွဲနှင့် ဖျော်ဖြေမှုအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များအပြင် Dj နှင့် အကအဖွဲ့များက ညှော်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ဇေယျ**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၆

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တက်ရောက်လာကြမည့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နယ်စပ်ဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေးအဖွဲ့များ နေပြည်တော်သို့လာရောက်လေ့လာမည်

နေပြည်တော် ဇန်နဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တိုင်းရင်းသား တိုင်းရင်းသူများသည် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ အထင်ကရနေရာများသို့ လာရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် တိုင်းရင်းသား၊ တိုင်းရင်းသူ ၁၅၀ နှင့် အုပ်ချုပ်သူ ၁၀ ဦး စုစုပေါင်း လူဦးရေ ၁၆၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းစာဆိုတော်ကြီးများ ပူဇော်ပွဲနှင့် ရှမ်းဇာတ်သဘင်(၇၅) နှစ်မြောက် စိန်ရတုကျင်းပမည်

သီပေါ ဇန်နဝါရီ ၆

ရှမ်းစာဆိုတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲနှင့် ရှမ်းယဉ်ကျေးမှု ဇာတ်သဘင်ကို ဦးစွာထူထောင်ပေးခဲ့သူ ဂီတအနုပညာရှင်ဆရာကြီး လုံးသြဇေယျ၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်ပွဲတော် ကျင်းပရေးအတွက်ညှိနှိုင်း ဆွေးနွေးပွဲကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှမ်းစာဆိုတော်ကြီးများ ဆရာကြီး လုံးသြဇေယျပူဇော်ပွဲနှင့် ရှမ်းဇာတ်သဘင် (၇၅)နှစ်မြောက် စိန်ရတုသဘင်ပွဲတော်ကို ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ပန်းတိမ်တောင်ရပ် ဘိုးတော်ကျောင်းဘောလုံးကွင်း၌ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက၊ အလှများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဥရုဂွေးတိုက်စစ်ကစားသမား ကာဗာနီ ၃၁ နှစ် အား ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းဖွယ်ရှိကြောင်း ဗြိတိန်သတင်းများတွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် စပိန်ကွင်းလယ်ကစားသမား ဒင်းနစ်ဆွာရက်ဇ်အားခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ဘာစီလိုနာအသင်းနှင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ အသက် ၂၄ နှစ်အရွယ် ကစားသမားကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်မည်ဟု မျှော်လင့်နေကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။ ထို့အပြင် နည်းပြ အမ်မရီက နောက်ခံကစားသမားတစ်ယောက်နှင့် တောင်ပံကစားသမားတစ်ယောက်တို့ကိုလည်း ခေါ်ယူချင်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- ဖူလ်ဟမ်အသင်းသည် လီဗာပူးတိုက်စစ်ကစားသမား အိုရီဂီအား ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း၊ အသက် ၂၃ နှစ်အရွယ် ဘယ်လ်ဂျီယံကစားသမားအတွက် ပေါင် ၁၅ သန်းပေးချေရန် ပြင်ဆင်နေကြောင်းလည်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ဘုန်းမောက်အသင်းသည် အသက် ၂၆ နှစ်အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား ဝီလ်ဆန်အတွက် ချယ်လ်ဆီးအသင်း၏ မည်သည့်ကမ်းလှမ်းမှုမျိုးကိုမဆို ပယ်ချသွားဖွယ်ရှိကြောင်း မေးရာ၏ ဖော်ပြချက်အရ သိရသည်။
- ဘင်ဖီကာအသင်းက မန်ယူနည်းပြဟောင်း မော်ရင်ဟိုကို နည်းပြအဖြစ် ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချလိုက်ကြောင်း ပေါ်တူဂီ သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- အင်တာမီလန်အသင်းသည် တော့တင်ဟမ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော အသက် ၂၂ နှစ်အရွယ် ဒိန်းမတ်နောက်ခံကစားသမား ဂျိအာချင် အန်ဒါဆင်အား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ဆမ်ဒိုးရီးယားအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။
- ဝက်စ်ဟမ်းအသင်းသည် အင်တာမီလန်အသင်းမှ အီတလီကွင်းလယ်ကစားသမား အန်တိုနီယိုကန်ဒရီဗာ ၃၁ နှစ်အား ကမ်းလှမ်းမှုပြုလုပ်ရန်စီစဉ်နေကြောင်း အီတလီသတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- အက်စ်တွန်ဗီလာအသင်းသည် လက်စတာစီးတီးအသင်းမှ ဩစတြီးယားနောက်ခံကစားသမား ဖုချ် ၃၂ နှစ် အား ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေးရာ၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းမှ ကင်းထောက်များသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ပေါ်တိုအသင်းမှ အသက် ၂၀ အရွယ် ဘရာဇီးနောက်ခံကစားသမား မီလီတာအိုအား စောင့်ကြည့်လျက်ရှိနေကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူနည်းပြဟောင်းတစ်ဦးဖြစ်သူ မိုယက်စ်သည် စတုတ်စီးတီးအသင်း နည်းပြရာထူးအား စိတ်ဝင်စားနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

၂၀၁၈ ရာသီ ပြည်တွင်းလိဂ်ပြိုင်ပွဲများမှ သွင်းဂိုးအများဆုံးဆုများ ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၁၈ ရာသီပြည်တွင်း လိဂ်ပြိုင်ပွဲများတွင် သွင်းဂိုးအများဆုံးရခဲ့သည့် ကစားသမားများအား ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည့် ချာရတီဖလား ပြိုင်ပွဲ ပထမပိုင်းအပြီးတွင် ပေးအပ်ချီးမြှင့်ခဲ့သည်။

လိဂ်ပြိုင်ပွဲခြောက်ခုကျင်းပ

၂၀၁၈ ရာသီတွင် လိဂ်ပြိုင်ပွဲခြောက်ခုကျင်းပခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲတွင် ဂျီးဇက် (ဟံသာဝတီ) က ၁၈ ဂိုး၊ ယူ- ၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဇော်ဝင်းနိုင် (Southern) က ၁၈ ဂိုး၊ ယူ- ၁၉ ပြိုင်ပွဲတွင် ရိုဘင်တိုင်ဆန် (ရှမ်းယူနိုက်တက်)က ၂၂ ဂိုး၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် လီယွန်တေလာ (ရွှေပြည်ရယ်သန်လျင်) က ၁၄ ဂိုး၊ ယူ-၂၀ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ရဲအောင်(တက္ကသိုလ်)က ၁၉ ဂိုး၊ ယူ-၁၈ ပြိုင်ပွဲတွင် ရီဟန်ကိုကို (ဒဂုံ) က ၂၃ ဂိုးဖြင့် သွင်းဂိုးအများဆုံးဆု ရခဲ့သည်။

ယခုဆုပေးပွဲတွင် အခြားလိဂ်သို့ ပြောင်းရွှေ့သွားသည့် ဂျီးဇက်မှလွဲ၍ ကျန်ကစားသမားငါးဦးကို ဆုများချီးမြှင့်ခဲ့ပြီး ဂျီးဇက်အတွက် ဆုတံဆိပ်ကိုမူ ဟံသာဝတီအသင်းထံ ပေးအပ်မည်ဖြစ်သည်။

ပေးအပ်ချီးမြှင့်

ယင်းဆုများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **ညီမြတ်သော်တာ**

မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၉း၁၀ - BBC Click
၉း၃၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Troy" (Turkey)
၁၁း၀၀ - လုံမမှတ်စု(၆၉)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ် အစီအစဉ်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၉)
၁၄း၃၀ - Tasty Trip

ညပိုင်း

၁၆း၂၅ - "၂၀၁၉ခုနှစ်၊ မတ်လ တက္ကသိုလ်စာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (မြန်မာစာဘာသာရပ်)
၁၇း၀၅ - This Week's Special Interest
၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အညှော်ဆိုတာ" ဒိတ်ဒိတ်၊ ဦးစံပေါ၊ ကိုချစ်ဦး၊ တော်မီလှိုင်၊ သူရ၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်၊ မသန္တာ၊ ဒေါ်မို့မို့သိန်း ဒါရိုက်တာ-ဝေဠု (ဝသန်)
၁၉း၁၅- နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇၂)
၂၀း၀၀- ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅- ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သန့်ချဆေးပေါင်း တိုက်ကျွေးပေး (အပိုင်း-၁)
- ပြည်သူ့နီတိ "အဆိပ်"

ကသာ၊ တမူး၊ သံဖြူဇရပ်နှင့် အင်းတော်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၆

မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး အနီးတွင် အောင်ဇော်လင်း (ခ) လင်းလင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၁၀၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီ ခွဲက မူးယစ်တပ်ဖွဲ့စု (၇) တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ ဈေးတန်းရပ်ကွက် မဟူရာလမ်း အကောက်ခွန်ရုံးရှေ့တွင် အိန္ဒိယနိုင်ငံသား တောင်းတင်လာလ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား၃၂ပြားကို လည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၃ နာရီခွဲက သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ပငကျေးရွာရှိ ဟလယ်၏ ဆိုင်ကယ်ပြင်ဆိုင်ကို ရှာဖွေရာ ဟလယ်၊ မောင်မင်း၊ ဇော်လင်းထွန်း၊ အောင်မင်းဦး တို့အား တွေ့ရှိရပြီး ဟလယ်ထံမှ ပွိုင့် ၂၂ ကျည်ဖြင့်ပစ်ခတ်ရသည့် ဘောပင်သေနတ် တစ်လက်၊ ပွိုင့် ၂၂ ကျည် သုံးတောင့်၊ ငွေကျပ်၁၁၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ဆိုင်ကယ် သုံးစီး တို့ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီ ခွဲက ဝန်းသိုမြို့နယ် နမ်းခမ်းနယ်မြေ ရဲကင်း စခန်းမှူး ရဲအုပ်သန်းဝေဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် နမ်းခမ်း ကျေးရွာ အရှေ့ စက်ရုပ်ကွက်နေ ဇင်ဝင်းကျော် ဆိုသူ၏ **(အပေါ်ပုံ)** နေအိမ်အတွင်း ဝင်ရောက် ရှာဖွေရာ ဘိန်းဖြူ ၁၉၀ ဂရမ်နှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၂၇၇၄ ပြားတို့ကို လည်းကောင်း သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

လူအောင်၊ သတင်းစဉ်

နိုင်ငံခြားသားများ၏ နေအိမ်အတွင်းမှ ငွေနှင့် ပစ္စည်းများ ဝင်ရောက်ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၆)မိုင်နေ ဦး---- သည် ၁၅-၈-၂၀၁၈ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ ပထမ အတွင်းဝန် Mrs.------- မိသားစုနှင့်အတူ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် ငွေဝတ်မှုံရိပ်သာတွင် ငှားရမ်းနေထိုင်ခဲ့ပြီး ၂၁.၁၀.၂၀၁၈ ရက် နံနက် ၇ နာရီတွင် Mrs.--------နှင့်မိသားစုအိပ်ရာမှ နိုးပြီး နေအိမ်အတွင်း စစ်ဆေးခဲ့ရာ ကားသော့ ထည့်ထားသည့် Mrs.------၏ ပိုက်ဆံအိတ်အတွင်းမှ မြန်မာငွေကျပ် ငါးသောင်း၊ ၎င်း၏ခင်ပွန်း ဖြစ်သူ၏ ပိုက်ဆံအိတ်အတွင်းမှ ယူရို ငွေ ၂၁၀၊ မြန်မာငွေကျပ် နှစ်သိန်း သုံးသောင်း၊ နေအိမ် အောက်ထပ်ဧည့်ခန်းအတွင်းမှ ငွေရောင် အိုင်ပက် တစ်လုံး၊ ၎င်းတို့ လင်မယား အိပ်သည့် အိပ်ခန်းအတွင်းရှိ စားပွဲပေါ်တွင်တင်ထားသော ထိုင်းဘတ်ငွေ ၄၂၀၀၊ အမေရိကန် ဒေါ်လာ ၂၅၀၊ Sony အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ခြံဝင်းအတွင်း ထားရှိသော စက်ဘီးတစ်စီးတို့မှာ ပျောက်ဆုံးနေသဖြင့် ၎င်းတို့နှင့်အတူ နေထိုင်သူ ဦး------က ဗဟန်းမြို့မှ ရဲစခန်းတွင် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် အနောက်ပိုင်းခရိုင်၊ မှုခင်းနှိမ်နင်းရေးဌာနစုနှင့် ဗဟန်းမြို့မရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို လိုက်လံစုံစမ်းခြင်းများပြုလုပ်ခဲ့ကာ ယခင်က အခင်းဖြစ်နေအိမ်ကို ပြန်လည်မွမ်းမံပြုပြင်စဉ်က လာရောက် ပန်းရန်လုပ်ကိုင်ဖူးသော ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၈၇) ရပ်ကွက် သီလလမ်းနေသူ နောင်နောင် (၂၃)နှစ် ဖြစ်ကြောင်း သိရှိရ၍ လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ရထားဖြင့် သွားရောက်နေကြောင်း သတင်းရရှိသဖြင့် ရထားရဲတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ပြစ်မှုကျူးလွန်သူ နောင်နောင် (၂၃) နှစ် အားရထားပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ခိုးမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများဖြစ်သည့် စက်ဘီး၊ လက်ကိုင်ဖုန်း၊ အိုင်ပက်တို့အား သိမ်းဆည်းခဲ့ပြီး ကျန်သက်သေခံပစ္စည်းများ လိုက်လံ သိမ်းဆည်းလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ နောင်နောင်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရမည်းသင်းမြို့နယ်၌ ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးချောက်ထဲ ထိုးကျ၊ ခရီးသည် ၂၈ ဦးဒဏ်ရာရ

ရမည်းသင်း ဇန်နဝါရီ ၆

ရမည်းသင်းမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ် အနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ မိုင်တိုင် အမှတ် (၂၈၇/၆နှင့် ၇) ကြားတွင် ယမန်နေ့ ည ၁၁ နာရီက နေပြည်တော်မှ ထွက်လာသည့် ဇာနည်ဘွား ခရီးသည်တင် မှန်လုံယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတံတားအုတ်ခုံကိုတိုက်မိပြီး ချောက်ထဲသို့ ထိုးကျခဲ့ကြောင်းသိရသည်။

ယာဉ်တိမ်းမှောက်ရာနေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ သွားရောက်ကူညီပေးခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိသဖြင့် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူကို ရမည်းသင်းမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန် / ဆက်)

အင်းတော်မြို့နယ်အတွင်းမှ တရားမဝင် ကျောက်စိမ်း အရိုင်းတုံး ၄၄၅ ဒသမ ၃၉ ကီလိုဂရမ် ဖမ်းမိ

အင်းတော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ နဘားလမ်းဆုံ၌ ဒီဇင်ဘာ ၆ ရက်က တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ ရက် နံနက်၇ နာရီခွဲက အင်းတော်မြို့နယ်ရဲတပ်မှူး ရဲမှူးခင်မောင်သင်း ကြီးကြပ်၍ ရဲအုပ်မျိုးမင်းအောင် ဦးစီးသောအဖွဲ့သည် နဘားရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ နဘား လမ်းဆုံနေရာတွင် မိုးညှင်းမြို့ဘက်မှ နေလင်းထွန်းဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်မင်းလိုက်ပါလာသော ဟာရီယာယာဉ်ကိုမသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ တရားမဝင်ကျောက်စိမ်း အရိုင်းတုံး ၄၄၅ ဒသမ ၃၉ ကီလိုဂရမ် ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာ အမှတ်၄ရပ်နေ ဇော်မင်းနှင့် နေလင်းထွန်း တို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း ရဲအုပ်မျိုးမင်းအောင်ထံမှ သိရသည်။

လူအောင်(ကသာ)

ရေပူစစ်ဆေးရေးအဖွဲ့ မြွေမျိုးစုံသယ်ဆောင်သည့်ယာဉ် စစ်ဆေးတွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၈ စီး၊ သွင်းကုန် ၆၉၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၈၃ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၇၇၄ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၄၂ သန်း စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ ဒသမ ၀၁၆ သန်းကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဇန်နဝါရီ ၅ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တိုယိုတာ အယ်ဖရက် ယာဉ်တစ်စီးပေါ်တွင် တင်သွင်း၊ တင်ပို့ခြင်း ခွင့်မပြုသည့် တရားမဝင်မြွေမျိုးစုံ ၉၆ခြင်း (၁၁၅၂ ကီလို)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉ ဒသမ ၉၅၀ သန်းကို စစ်ဆေး တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မင်းဘူးမြို့နယ်ရှိ ကျောက်မီးသွေးကျင်းအတွင်း ဂန်းစက်ပေါက်ကွဲမီးလောင်၍ လုပ်သားတစ်ဦးသေဆုံး

မင်းဘူး ဇန်နဝါရီ ၆

မင်းဘူးမြို့နယ်ရှိ ကျောက်မီးသွေးလုပ်ကွက် တစ်ခုတွင် ယမန်နေ့က လုပ်သားတစ်ဦး ကျင်းအတွင်း မီးလောင်သေဆုံးခဲ့ကြောင်း စကုနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၅ နာရီခွဲခန့်တွင် မြင့်မြတ်ချမ်းအေး ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေး လုပ်ကွက်(၃) ကျင်းအမှတ်(၁)တွင် ကျောက်မီးသွေးလုပ်သား ကျော်လင်းနိုင် (၁၉နှစ်) ကိုင်မကြီးကျေးရွာ၊ မင်းဘူးမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ မျိုးဝေ (၂၆နှစ်)တို့သည် ကျောက်မီးသွေးတွင်းအတွင်း ဂန်းစက်မှ ပေါက်ကွဲသံကြားရပြီး ဂန်းစက်ပွင့်ထွက်ကာ မီးတောက်လောင်ခဲ့သဖြင့် မျိုးဝေတွင် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ပြီး ကျော်လင်းနိုင်မှာ နေရာတွင် သေဆုံးသွားခဲ့ကြောင်း အိုင်းမရဲကင်းစခန်းမှူး ရဲအုပ် ခင်မောင်ဇော်ထံမှ သိရသည်။

ကျော်ဇေယျ

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ အီရန်စစ်သင်္ဘောများ ဖြန့်ကြက်မည်

တီဟီရန် ဇန်နဝါရီ ၆
ငါးလကြာမြင့်မည့် စစ်ဆင်ရေးတစ်ခုအနေဖြင့် အီရန်၏ စစ်သင်္ဘောသစ်များကို အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ တပ်ဖြန့်ထားရှိမည်ဖြစ်ကြောင်း အီရန်က ပြောကြားခဲ့သည်။ အဆိုပါ စစ်ဆင်ရေးသည် အီရန်ရေတပ်၏ အချိန်အကြာမြင့်ဆုံး စစ်ဆင်ရေးတစ်ခုဖြစ်ကြောင်း အီရန်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

အီရန်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ စစ်သင်္ဘောများ တပ်ဖြန့်ထားရှိရန် နှစ်အနည်းငယ်ကြာအောင် အချိန်ယူကာစီစဉ်ခဲ့ရကြောင်း၊ ယခုအခါတွင် စစ်ဆင်ရေးစတင်ဆောင်ရွက်ရန်အတွက် အဆင်သင့်ရှိနေသည်ဟု ယူဆကြောင်း၊ အတ္တလန္တိတ်သမုဒ္ဒရာသည် ရှည်လျားသည့် ရေလမ်းကြောင်းတစ်ခုဖြစ်သည့်အတွက် စစ်ဆင်ရေးပြီးဆုံးရန် ငါးလခန့်ကြာမြင့်နိုင်ကြောင်း အီရန်တပ်မတော်နှင့် နီးကပ်သည့် Fars သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

စစ်သင်္ဘောသစ်များ ချထားမည့်အဆိုပါစစ်ဆင်ရေးကို မတ်လနှောင်းပိုင်းတွင် စတင်မည်ဖြစ်သည်ဟု ရေတပ်ဗိုလ်ချုပ် တိုဂျာဟက်ဆာနီမိုယာဒမ်က အီရန်အစိုးရပိုင် IRNA သတင်းအေဂျင်စီသို့ ပြောကြားခဲ့ကြောင်း သိရသည်။ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ချထားမည့် သင်္ဘောအုပ်စု၌ ပဲ့ထိန်းဒုံးတပ်ဆင်ထားသည့် အပေါ့စားဖျက်သင်္ဘောသစ် ဆာဟန်နှင့် မကြာသေးမီက အဆင့်မြှင့်တင်ခဲ့သည့် တန်ပေါင်း ၃၃၃၀၀ ဆံ့ လောင်စာဆီတင်သင်္ဘော ကာ့ခ်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အီရန်ရေတပ်၏ အပေါ့စားဖျက်သင်္ဘောသစ် ဆာဟန်ကို တွေ့ရစဉ်။

အဆိုပါစစ်သင်္ဘောများသည် ဗင်နီဇွဲလားကဲ့သို့သော လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံတွင် ဆိုက်ကပ်မည်ဟု ခန့်မှန်းရကြောင်း Fars သတင်းအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ အဆိုပါစစ်သင်္ဘောများသည် အီရန်၏ ရဟတ်ယာဉ်သယ်ဆောင်နိုင်သည့် အကြီးဆုံးစစ်သင်္ဘောအမျိုးအစားများထဲတွင် ပါဝင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

နယူးယောက်၌ အနိမ့်ဆုံးလုပ်ခလစာကို တစ်နာရီ ၁၅ ဒေါ်လာတိုးမြှင့်

နယူးယောက် ဇန်နဝါရီ ၆
ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်သည့် ကြိုးပမ်းမှုတစ်ခုအနေဖြင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၂၀၁၉ ခုနှစ်အတွက် အနိမ့်ဆုံးလုပ်ခလစာကို တစ်နာရီလျှင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာသို့ တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အသစ်သတ်မှတ်လိုက်သည့် အနိမ့်ဆုံးလုပ်ခလစာသည် ဝန်ထမ်းအင်အား ၁၁ ဦးအထက်ရှိသည့် စီးပွားရေးလုပ်ငန်းအားလုံးအတွက် လုပ်အားခ တစ်နာရီ ၁၅ ဒေါ်လာရရှိမည်ဖြစ်ပြီး ထိုသို့သတ်မှတ်မှုသည် ၂၀၁၈ ခုနှစ်ကုန်ဆုံးသည့် နောက်ဆုံးရက်တွင် စတင်အသက်ဝင်ခဲ့သည်။

လွန်ခဲ့သော ခြောက်နှစ်က နယူးယောက်၌ ပြုလုပ်ခဲ့သည့် Fight for $ 15 လှုပ်ရှားမှုကို တွေ့ရစဉ်။

ဝန်ထမ်းအင်အား ၁၀ ဦးနှင့်အောက်ရှိသော လုပ်ငန်းများတွင် အနိမ့်ဆုံးလုပ်ခလစာသည် တစ်နာရီလျှင် ၁၃ ဒသမ ၅ ဒေါ်လာရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် မကုန်ဆုံးမီအထိ လူပေါင်း ၁ ဒသမ ၅ သန်း လုပ်အားခ မြင့်တက်သွားမည်ဖြစ်ကြောင်း နယူးယောက်မြို့ ငွေကြေးဌာန၏ ဖော်ပြချက်အရ သိရသည်။

လုပ်အားခတိုးမြှင့်ရေး ဆောင်ရွက်မှုသည် လွန်ခဲ့သော ခြောက်နှစ်အကြာက အသင့်စား စားသောက်ကုန် အလုပ်သမားများ စတင်လုပ်ဆောင်ခဲ့သည့် Fight for $ 15 လှုပ်ရှားမှု၏ ရလဒ်တစ်ခုဖြစ်ကြောင်း သိရသည်။
ဆင်ဟွာ

မြို့တော်နယူးဒေလီ၌ မြူများထူထပ်မှုကြောင့် လေကြောင်းခရီးစဉ် ၄၁ ခု နှောင့်နှေးကြန့်ကြာ

နယူးဒေလီ ဇန်နဝါရီ ၆
ပြင်းထန်သည့် လေထုညစ်ညမ်းမှုနှင့်အတူ မြူများထူထပ်သိပ်သည်းမှုကြောင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်ရှိ အင်ဒရာဂန္ဒီ နိုင်ငံတကာလေဆိပ်တွင် တနင်္ဂနွေနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီမှစတင်ကာ လေကြောင်းခရီးစဉ် ၄၁ ခု နှောင့်နှေးကြန့်ကြာမှု ဖြစ်ခဲ့ရကြောင်း သိရသည်။

နယူးဒေလီနှင့် အနီးအနားရှိ ဧရိယာများတွင် မြူများထူထပ်နေမှုကြောင့် မြင်ကွင်းမရှင်းလင်းသည့်အတွက် ယာဉ်များသွားလာမှုတွင် အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ လေထုအရည်အသွေးကျဆင်းမှု ပြင်းထန်အဆင့် ရောက်ရှိနေဆဲဖြစ်သော်လည်း နယူးဒေလီနှင့် အနီးဝန်းကျင်ဧရိယာများတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် လေထုညစ်ညမ်းမှု အဆင့်လျော့ကျခဲ့ကြောင်း သိရသည်။

မြို့တော်အတွင်း၌ မြူများထူထပ်မှုကြောင့် ယာဉ်များမောင်းနှင်ရာတွင် အခက်အခဲရှိခဲ့ပြီး ကာနာတာကာ တောင်ပိုင်းပြည်နယ် ဘန်ဂါလူရုရှိ ကင်ပီဂိုဝါဒါလေဆိပ်၌ လေကြောင်းခရီးစဉ် ၂၇ ခု နှောင့်နှေးကြန့်ကြာခဲ့သည်။ ဘန်ဂါလူရုရှိ ဧရိယာသုံးခုတွင် လေထုအရည်အသွေး အညွှန်းကိန်းသည် ကျန်းမာရေးကို ထိခိုက်စေသည့်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ဆင်ဟွာ

အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ခိုင်မာစေရေးဆောင်ရွက်ရန် ကုလသံတမန် မာတင်ဂရစ်ဖစ် ယီမင်သို့ရောက်ရှိ

ဆာနား ဇန်ဝါရီ ၆
ယီမင်နိုင်ငံရှိ သူပုန်များထိန်းချုပ်ထားသည့် ဆာနားမြို့တော်သို့ ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် မာတင်ဂရစ်ဖစ် စနေနေ့က ရောက်ရှိခဲ့သည်။ ယီမင်ရှိ ဟိုဒေးဒါဆိပ်ကမ်းတွင် သဘောတူညီထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ခိုင်မာစေရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်လာရောက်

လေးနှစ်နီးပါးကြာအောင် ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်အဆုံးသတ်စေရေးအတွက် ကုလသမဂ္ဂက ယီမင်၌ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆာနားသို့ ဂရစ်ဖစ်လာရောက်မှုသည် တစ်လအတွင်း ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။ ပြည်တွင်းစစ်သည် အာရပ်နိုင်ငံသားများဖြစ်ကြသည့် လူ သန်း ၂၀ ခန့်ကို ငတ်မွတ်ခေါင်းပါးသည့်အခြေအနေ ဆိုက်ရောက်စေခဲ့သည်။

ဟူသီသူပုန်အဖွဲ့၏ သတင်းမီဒီယာတစ်ခုက ကုလသမဂ္ဂသံတမန် မာတင်ဂရစ်ဖစ် သည် ဟိုဒေးဒါရှိ အခြေအနေများကို ဆွေးနွေးရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို အကောင်အထည်ဖော်ရာတွင် ရှေ့တိုးရခက် နောက်ဆုတ်ရခက်ဖြစ်နေသည့် အခြေအနေ ကို ဖြေရှင်းရန် ဟူသီသူပုန်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင် အဗ္ဗဒူလ်မာလစ် အယ်လ်ဟူသီနှင့်

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် မာတင်ဂရစ်ဖစ် ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ်ကို ကြည့်ရှုစဉ်။

တွေ့ဆုံမည်ဟု ခန့်မှန်းရ ကြောင်း ပြောကြားခဲ့သည်။

တိုက်ပွဲများဖြစ်ပွားခဲ့

ဂရစ်ဖစ်သည် သမ္မတ မန်ဆောဟာဒီနှင့် ၎င်း၏ အစိုးရအဖွဲ့နှင့်လည်း ဆော်ဒီနိုင်ငံမြို့တော် ရီယာ့ဒ်၌ တွေ့ဆုံဆွေးနွေးသွားရန်ရှိကြောင်း ကုလသမဂ္ဂက သောကြာနေ့တွင် ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်၌ ပါရှိသည်။ ပြီးခဲ့သည့် ရက်အနည်းငယ်က ဟိုဒေးဒါဆိပ်ကမ်းမြို့တောင်ပိုင်း အစွန်အဖျားရှိ ဟိုဒေးဒါ တက္ကသိုလ်နှင့် ရာဘာဆာမြို့နယ်အနီးတွင် ယီမင်အစိုးရတပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန်များအကြား တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့သည်။

အပြန်အလှန်စွပ်စွဲ

နာရီများစွာကြာမြင့်ခဲ့သည့် တိုက်ပွဲများအတွင်း စက်သေနတ်သံများနှင့် အမြောက်ပစ်ခတ်သံများကို ဆိပ်ကမ်းအနှံ့ ကြားခဲ့ရကြောင်း ဒေသခံတစ်ဦးဖြစ်သည့် မိုဟာမက် အယ်လ်ဇာဘီဒီက ဆင်ဟွာသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ ပဋိပက္ခဖြစ်ပွားနေသည့် နှစ်ဖက်အဖွဲ့ဝင်များသည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည်ဟု တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ၊ ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

မစ်ဆူဘီရှီ၏ ပိုင်ဆိုင်မှုကို သိမ်းယူရန် တောင်ကိုရီးယားနိုင်ငံသားများ တရားရုံးတွင် လျှောက်ထားမည်

ဆိုးလ် ဇန်နဝါရီ ၆

ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးရလိုမှုဖြင့် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းကို တရားစွဲဆိုရာတွင် အနိုင်ရရှိခဲ့သည့် တောင်ကိုရီးယားနိုင်ငံသားများ၏ ရှေ့နေများက မစ်ဆူဘီရှီကုမ္ပဏီအနေဖြင့် ဖေဖော်ဝါရီလနောက်ဆုံးထားပြီး စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် သဘောမတူပါက ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကိုသိမ်းယူရန် တရားရုံးတွင် လျှောက်ထားမည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

စစ်အတွင်း အလုပ်သမားများအား အတင်းအကျပ်စေခိုင်းခဲ့မှုများအတွက် လျော်ကြေးပေးရန် တောင်ကိုရီးယားတရားရုံးချုပ်က ဆုံးဖြတ်ခဲ့မှုကို မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းက အယူခံဝင်ခဲ့သော်လည်း အဆိုပါတရားရုံးချုပ်က ပယ်ချခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားရှိ မစ်ဆူဘီရှီကုမ္ပဏီ၏ စက်ရုံများတွင် အတင်းအကျပ် အလုပ်လုပ်ရန်စေခိုင်းခံခဲ့ရကြောင်း တောင်ကိုရီးယားနိုင်ငံသား အမျိုးသားငါးဦးက ပြောခဲ့သည်။ ထို့ပြင် ၎င်းတို့သည် ၁၉၄၅ ခုနှစ်က အဏုမြူဗုံးဒဏ်ကိုလည်း ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။ အဆိုပါငါးဦးမှာ တရားစွဲဆိုမှုလုပ်ဆောင်ခဲ့ပြီးနောက်ပိုင်းတွင် သေဆုံးသွားခဲ့ရာ ၎င်းတို့၏ ဆွေမျိုးသားချင်းများက အမှုကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းသို့ သွားမည်

ဝါရှင်တန် ဇန်နဝါရီ ၆

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် လာမည့်ရက်သတ္တပတ်၌ အရှေ့အလယ်ပိုင်းသို့ သွားမည်ဖြစ်ကြောင်း သိရသည်။

မစ္စတာ ပွန်ပီအိုသည် ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက်အထိ အီဂျစ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများ အပါအဝင် ရှစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ယီမင်နှင့် ဆီးရီးယားရှိ ဒေသတွင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆော်ဒီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး သတင်းထောက် ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု နောက်ဆုံးရလဒ်များကို မေးမြန်းမည်ဟု ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်သည်လည်း လာမည့်ရက်သတ္တပတ်တွင် တူရကီသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတင်းမာမှု အဖြေရှာတွေ့တော့မလား

ထွန်းသစ်စ

ကုန်သွယ်ရေးကိစ္စ ပထမဆုံးအကြိမ်အဖြစ် မျက်နှာချင်းဆိုင်ဆွေးနွေးပြောဆိုဖို့ တရုတ်နိုင်ငံသို့ လာမယ့်အပတ်မှာ အမေရိကန်အစိုးရကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ သွားရောက်လည်ပတ်မယ်လို့ သိရပါတယ်။ ဒါဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ကုန်သွယ်ရေးစစ်ပွဲမှာ ခဏတာသဘောတူညီမှု ရပြီးနောက် တိုးတက်လာတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။

ယာယီသဘောတူညီချက်ရရှိခဲ့သော ယခင်အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကို တွေ့ရစဉ်။

ကမောက်ကမဖြစ်စေ

အမေရိကန်နဲ့ တရုတ်နိုင်ငံဟာ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံလောက်ရှိတဲ့ ကုန်သွယ်ရေးမှာ ပါးရိုက်ရင် နားကိုက်မယ်ဆိုတဲ့ တုံ့ပြန်မှုမျိုးနဲ့ အပြန်အလှန်တုံ့ပြန်နေကြတာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေဟာ နှစ်ဖက်စလုံးကို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေဖြစ်ပေါ်စေပြီး ကုန်သွယ်မှုဆိုင်ရာ အခင်းအကျင်းမှာ ကမောက်ကမဖြစ်စေတာကို တွေ့ရပါတယ်။

အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကိုတော့ ကုန်သွယ်ရေးကိုယ်စားလှယ် ဒုတိယအကြီးအကဲ ဂျက်ဖရေးဂါရစ်က ဦးဆောင်မယ်လို့သိရပြီး လွန်ခဲ့တဲ့နှစ် အာဂျင်တီးနားမှာ ကျင်းပခဲ့တဲ့ စက်မှုထိပ်သီးနိုင်ငံ ၂၀ ဆွေးနွေးပွဲရဲ့ သီးသန့်ဆွေးနွေးပွဲမှာ အမေရိကန်သမ္မတ ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ သဘောတူခဲ့တဲ့ကိစ္စအပေါ် အခြေခံကာ ကုန်သွယ်ရေးတင်းမာမှုတွေကို ဖြေရှင်းနိုင်မယ့် ဘုံသဘောတူညီချက်ရရှိဖို့ ဆက်လက်ဆွေးနွေးမှုတွေ လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီမှုအဖြစ် ရက်ပေါင်း ၉၀ ခန့်ကို ကုန်သွယ်ရေးစစ်ပွဲ ခဏတာရပ်ဆိုင်းမှု သတ်မှတ်ခဲ့ပြီး အဲဒီရက်ပေါင်း ၉၀ ကာလဟာ ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး စတင်အကျုံးဝင်မှာ ဖြစ်ပါတယ်။

တရုတ်ရဲ့စီးပွားရေးဖွံ့ဖြိုးမှု ကျဆင်း

အရင်က တရုတ်နဲ့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေတွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဇူလိုင်လအစောပိုင်းမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ အခုလိုလုပ်တာဟာ တရုတ်နိုင်ငံအပေါ် ပါးရိုက်ရင် နားကိုက်မယ့်တုံ့ပြန်မှုမျိုး ပြန်လည်တုံ့ပြန်တာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်ကလည်း အမေရိကန်ဟာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် အခွန်ကောက်မှုတွေ ထပ်မံလုပ်ဆောင်သွားမှာဖြစ်တယ်လို့ ထပ်မံခြိမ်းခြောက်ခဲ့ပါတယ်။

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးအားပြိုင်မှုဟာ ကျန်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ အရင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာက အခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိဖြစ်လာပြီး အနည်းငယ် ကျဆင်းခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

လက်စားချေတုံ့ပြန်မှုတွေ ပြုလုပ်

သူတို့နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးတင်းမာမှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကို တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်စွမ်းရှိပါတယ်။ အမေရိကန်ဟာ တရုတ်ပို့ကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေလုပ်ခဲ့ရာက တရုတ်နိုင်ငံရဲ့ ကုန်စည်တင်ပို့မှုဈေးကွက်ဟာ ကမောက်ကမဖြစ်ခဲ့ပြီး တရုတ်ငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းခဲ့ရပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအခင်းအကျင်းကြောင့် အမေရိကန်ဒေါ်လာဟာ အတက်ဘက်ကို ဦးတည်လာခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစိုးရအဖွဲ့ဟာ တရုတ်ပို့ကုန်တွေအပေါ် နောက်ထပ်အခွန်တိုးမြှင့်ကောက်ခံမှုတွေ ပြုလုပ်သွားဦးမယ်လို့ အရင်ကပြောခဲ့တာလည်း ရှိပါတယ်။ တရုတ်နိုင်ငံကလည်း အခုလို အမေရိကန်ရဲ့ကုန်သွယ်ရေးအပေါ် အခွန်တိုးမြှင့်ကောက်ခံတာကစလို့ အမေရိကန်ရဲ့ ကုန်သွယ်ရေးမူဝါဒကို လုံးလုံးမကြိုက်တဲ့ အတွက် လက်စားချေတုံ့ပြန်မှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

ထရမ့်ရဲ့အခွန်စည်းကြပ်မှု တရုတ်ထိခိုက်

အကယ်၍ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ လာမယ့်ရက်သတ္တပတ်အစောပိုင်းဖြစ်တဲ့ တနင်္လာနဲ့ အင်္ဂါနေ့မှာ ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို စတင်ခဲ့ပါက နှစ်နိုင်ငံကုန်သွယ်ရေးရပ်တည်ချက်တွေဟာ ပြောင်းလဲသွားမလားဆိုတာ လေ့လာစောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ဟိုးအရင် လွန်ခဲ့တဲ့ ဇွန်လကလည်း အမေရိကန်နဲ့ တရုတ်နိုင်ငံကြား အခုလို ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သေးတယ်လို့လည်း သိရပါတယ်။

အရင်လအစောပိုင်းမှာ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီးတော့ တရုတ်နဲ့ အမေရိကန်ရဲ့အခြေအနေအပေါ် ယာယီအဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်တာတွေ၊ တင်ပို့မှုကို ထိန်းချုပ်တာတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံတာတို့ အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ အလားတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

ထရမ့် ဘယ်လိုဗျူဟာခင်းမလဲ

ကုန်သွယ်ရေးသဘောထားကွဲလွဲမှု လျော့နည်းသက်သာစေဖို့ ခေါင်းဆောင်နှစ်ဦးရဲ့သဘောတူညီချက်နဲ့ ပတ်သက်ပြီးတော့လည်း ဖြစ်နိုင်တဲ့ အလားအလာတွေကိုလည်း နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့တွေက ဆွေးနွေးသွားနိုင်ခြေရှိတယ်လို့ သုံးသပ်ရပါတယ်။

အမေရိကန်သမ္မတ ထရမ့် အစိုးရအဖွဲ့ဝင်တွေအတွင်း တရုတ်နိုင်ငံအပေါ် ဘယ်လို ကိုင်တွယ်သွားရမလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အနည်းငယ်ကွဲလွဲမှုတွေဖြစ်ပေါ်နေကြောင်း သိရပါတယ်။ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က တင်းမာတဲ့ မူဝါဒတွေနဲ့ ပတ်သက်ပြီး သက်သာစေမယ့် နည်းလမ်းတွေကို လေ့လာသွားရမယ်လို့ တင်ပြချိန်မှာ အမေရိကန်ကုန်သွယ်ရေးအကြီးအကဲ ရောဘတ်လိုက်တင်ဇာက နောက်ထပ် အရေးယူပိတ်ဆို့မှုတွေပြုလုပ်ဖို့ တင်ပြခဲ့တာကို တွေ့ရပါတယ်။

သူတို့နှစ်ဦးရဲ့အနည်းငယ်ကွဲလွဲတဲ့ တင်ပြချက်တွေအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဘယ်လိုမျိုး လုပ်ဆောင်သွားမလဲ၊ ဘယ်လိုကုန်သွယ်ရေးနည်းဗျူဟာခင်းမလဲ ဆိုတာကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။

ကုန်သွယ်ရေးစစ်ပွဲမဖြစ်ပွားဖို့ လုပ်ဆောင်ကြရမယ်

တရုတ်နိုင်ငံကလည်း ခေသူတော့ မဟုတ်ပါဘူး။ စီးပွားရေးမှာ ကမ္ဘာ့ဒုတိယနေရာမှာ ရပ်တည်နိုင်တာနဲ့အညီ သူကလည်း ဘယ်နည်းနဲ့မဆို အမေရိကန်ကိုကျော်ဖို့ ကြိုးစားနေတဲ့သူလည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးနည်းဗျူဟာ ပြောင်းလဲမှုကြောင့်သာ လတ်တလောမှာ အခွင့်မသာသေးသလိုဖြစ်နေပေမယ့် နောင်တစ်ချိန်ချိန်မှာ ဘယ်နည်းနဲ့မဆို အမေရိကန်ကိုဖြတ်ကျော်ဖို့ ကြိုးစားဦးမှာပဲ ဖြစ်ပါတယ်။

ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေကို လျော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွလုပ်ဆောင်သွားဖို့နဲ့ အကယ်၍ သူတို့တွေသာ အတူတကွလက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ပရမ်းပတာ ဖရိုဖရဲဖြစ်ကုန်တော့မှာပဲဆိုပြီး မကြာသေးမီက ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်ကလည်း တိုက်တွန်းလိုက်ပါတယ်။

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ကုန်သွယ်ရေးစစ်ပွဲအသွင်ဆောင်နေမှု အကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေး ဖရိုဖရဲဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် အခုလိုမျိုး ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်ရဲ့မှတ်ချက် ထွက်ပေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့ အစိုးရရဲ့ ပြည်တွင်းလုပ်ငန်းတွေကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးခြင်းဆိုင်ရာ မူဝါဒထုတ်ပြန်ပြီးတဲ့နောက်မှာ နိုင်ငံပေါင်း ၂၈ နိုင်ငံနဲ့သာမက သန်း ၅၀၀ ပြည်သူတွေနဲ့ ကမ္ဘာ့အကြီးဆုံး ဈေးကွက်ရှိနေတဲ့ ဥရောပသမဂ္ဂဟာ ဒီနေရာမှာ သူ့ရဲ့မဟာမိတ်နိုင်ငံတွေကို ကူညီကျားကန်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။ သမိုင်းမှာ မဖြစ်စဖူးအဖြစ်ထူးတဲ့ ကုန်သွယ်ရေးစစ်ပွဲမဖြစ်ပွားဖို့ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်လို့ ဥရောပသမဂ္ဂကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်က ပေကျင်းမှာ ကျင်းပခဲ့တဲ့ ဥရောပ-တရုတ် ထိပ်သီးအစည်းအဝေးမှာလည်း ပြောခဲ့ပါသေးတယ်။

နှစ်နိုင်ငံကုန်သွယ်ရေးတင်းမာမှုဟာ အဆုံးမှာတော့ ဘယ်သူ့ဘယ်သူမှ ကောင်းကျိုးရနိုင်စရာမရှိသလို အပြန်အလှန်စီးပွားရေးကျဆင်းမှုတွေနဲ့သာ ကြုံတွေ့နိုင်စရာရှိပါတယ်။ ဒါကြောင့် အဲဒီလိုမဖြစ်ရလေအောင် ကုန်သွယ်ရေးတင်းမာမှုတွေကို ဖြေလျှော့နိုင်မယ့် နည်းလမ်းကို အမြန်ဆုံးရှာတွေ့နိုင်မှသာ ကောင်းကျိုးရစရာရှိပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

> **“အမေရိကန်နဲ့ တရုတ်နိုင်ငံဟာ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံလောက်ရှိတဲ့ ကုန်သွယ်ရေးမှာ ပါးရိုက်ရင် နားကိုက်မယ်ဆိုတဲ့ တုံ့ပြန်မှုမျိုးနဲ့ အပြန်အလှန်တုံ့ပြန်နေကြတာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေဟာ နှစ်ဖက်စလုံးကို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ ဖြစ်ပေါ်စေ”**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သာကေတမြို့တည်နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် Fortune Plaza တွင် သာကေတမြို့တည်နှစ် (၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာကေတမြို့နယ်သည် အနာဂတ်တွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ အချက်အချာကျစွာ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အလားအလာရှိပြီး ရန်ကုန်မြို့၏ စက်မှုဇုန်များတည်ရှိသည့် အထဲတွင် သာကေတမြို့နယ် ပါဝင်ကြောင်း၊ အစိုးရသစ်လက်ထက် သာကေတမြို့နယ်ကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

"ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေလုပ်ကြတဲ့အခါမှာ သာကေတမြို့နယ်ကို ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ကြတဲ့အခါမှာလည်း သာကေတမြို့သူ မြို့သားတွေပါဝင်တဲ့ မြို့နယ်အသင်းကြီးထူထောင်ပြီး မြို့ရဲ့ပညာရေး၊ ကျန်းမာရေးကဏ္ဍ နယ်ပယ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကလည်း မြို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် သာကေတမြို့နယ် နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့၌ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

ဘားအံ ဇန်နဝါရီ ၆

ကရင်ပြည်နယ်အတွင်းရှိ ဒေသအနှံ့အပြားတွင်သာမက မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကရင်တိုင်းရင်းသားများရှိရာ ဒေသများတွင် ကရင်ရိုးရာနှစ်သစ်ကူးပွဲတော်များကို စည်ကားစွာ ကျင်းပလေ့ရှိရာ ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့တွင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာမပျက် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် ပြာသိုလဆန်း ၁ ရက် (၂၀၁၉ခုနှစ် ဇန်နဝါရီ ၆ ရက်) နံနက်မှ စတင်ကာ ဘားအံမြို့ နှစ်သစ်ကူးပွဲပြုလုပ်ရာ သီရိကွင်းတွင် ရိုးရာမပျက် ကျင်းပကြကြောင်း သိရသည်။**(အောက်ပုံ)**

ဦးစွာ ကရင်နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို စတင်ကျင်းပရာ ကရင်အမျိုးသားများ သယ်ဆောင်လာသော ကရင်အမျိုးသားအလံကို ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က တိုင်ထိပ်သို့ လွှင့်ထူပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ကရင်အမျိုးသားအလံကို အလေးပြုကြပြီး ကရင်အမျိုးသားအလံ၏ သမိုင်းကြောင်းကို အခမ်းအနားမှူးက ဖတ်ကြားသည်။

ဆက်လက်၍ သဘာပတိ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်နှစ်သစ်ကူးနေ့ မိန့်ခွန်းကို ပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖီးဗူးယော် ကောက်သစ် စားပွဲကို ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာတိုင်း ဆက်လက်ကျင်းပရာ လယ်ယာများမှသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် စောင့်ရှောက်ပေးသည့် ဖီးဗူးယော် (ခေါ်) စပါးစောင့်နတ်သမီးပူဇော်ပွဲကို ဆင်နွှဲကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နှစ်သစ်ကူးကောက်သစ် စားပွဲကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ဆားမှော်-ပင်းဘောဒေသရှိ တိုင်းရင်းသားများ၏ နှစ်ဦးကောက်သစ်စားပွဲတော် ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်နှင့် ပင်းဘောဒေသရှိ ကျေးရွာများမှ ရှမ်းနှင့် ကချင်တိုင်းရင်းသားတို့၏ အတူတကွ လက်ရည်တစ်ပြင်တည်း ကောက်သစ်စားခြင်းအတွက် ကချင်ပြည်နယ်အတူနေ ဌာနေတိုင်းရင်းသားများ၏ နှစ်ဦးကောက်သစ်စားပွဲတော်ကို နမ္မနကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ယမန်နေ့က ပွဲတော်ဖွင့်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်အဝင်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ) ဦးခန်လင်၊ ပြည်နယ်ဝန်ကြီးများနှင့် မိုးကောင်းတပ်နယ်မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နှစ်ဦးကောက်သစ်စားပွဲတော် ဖွင့်ပွဲကျင်းပသည့် နမ္မနကျေးရွာဘောလုံးကွင်း၌ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး ကချင်မျိုးနွယ်စု ဗဟိုစာပေယဉ်ကျေးမှုကော်မတီ၏ သဝဏ်လွှာကို ကော်မတီအဖွဲ့ဝင် ဦးခက်ထိန်နန်က လည်းကောင်း၊ ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုစာပေယဉ်ကျေးမှုကော်မတီ၏ သဝဏ်လွှာကို မြို့နယ်ရှမ်းနီ စာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးတင်ညွန့်က လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ဆားမှော်နှင့် ပင်းဘောဒေသရှိ ရှမ်းတိုင်းရင်းသားများနှင့် ကချင်တိုင်းရင်းသားများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ အတူနေဌာနေတိုင်းရင်းသားများ၏ နှစ်ဦးကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှစ၍ ၇ ရက်အထိ သုံးရက်တိုင် မိုးကောင်းမြို့နယ် ဆားမှော်-ပင်းဘောဒေသရှိ ကျေးရွာအုပ်စု ၁၂ စု ကျေးရွာပေါင်း ၁၇ ရွာမှ အတူနေတိုင်းရင်းသားများက အတူတကွ ကောက်သစ်စားခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆုတောင်းခြင်းတို့အပြင် တိုင်းရင်းသားရိုးရာအကအလှ ဖျော်ဖြေမှုများ၊ အားကစားပြိုင်ပွဲများ၊ ဈေးဆိုင်ခန်းများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်အဖွဲ့ နှစ်ဦးကောက်သစ်စားပွဲတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ရှမ်းပြည်နယ် ပညာရေးစုံညီပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

တောင်ကြီး ဇန်နဝါရီ ၆

၂၀၁၉ ခုနှစ် ရှမ်းပြည်နယ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဆိုင်ဘုတ်ရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဧည့်သည်တော်များက ၂၀၁၉ ခုနှစ် ရှမ်းပြည်နယ် ပညာရေးစုံညီပွဲတော်တွင် ပညာရေး မြှင့်တင်မှုဆိုင်ရာ မှတ်တမ်းပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ သင်ထောက်ကူပြခန်း၊ သိပ္ပံပြခန်း၊ တီထွင်မှုပြခန်း၊ အိမ်တွင်းမှု၊ စက်မှုလက်မှု ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော် သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်က "ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ ပညာရေးအပေါ်မှာ မူတည်နေတဲ့အတွက် ပညာရေး ပြုပြင်ပြောင်းလဲနေတဲ့ ကာလတစ်လျှောက်လုံး ဆရာဆရာမတွေက ပူးပေါင်းဆောင်ရွက်မှုဖြစ်မယ်" ဟု ပြောကြားသည်။

ရှမ်းပြည်နယ် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ ပညာသင်ယူမှုအခွင့်အရေးကဏ္ဍ လေ့လာဆန်းစစ်မှုကိုအခြေခံပြီး အမျိုးသားမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ထို့နောက် ပြည်နယ်အဆင့် ထူးချွန်သည့်ကျောင်းသား ကျောင်းသူများကို ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုမှတ်တမ်းများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့က ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကယန်းတိုင်းရင်းသားအကတို့ဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော် (တောင်ကြီး)

အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်များ ကွင်းဆင်းထောက်ပံ့

ရန်ကင်း ဇန်နဝါရီ ၆

အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား အမျိုးသားလူမှုရေးပင်စင်များ သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်လျက်ရှိရာ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရပ်ကွက်များအတွင်းရှိ ဘိုးဘွားများထံသို့ လူမှုရေးပင်စင်များ အိမ်အရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ရာတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာမောင်၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဦးဆောင်၍ ဘိုးဘွားများထံသို့ လူမှုရေးပင်စင်များထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အပူပိုင်းမုန်တိုင်းပါဘက် အခြေအနေတည်ငြိမ်၍ ကော့သောင်းမြို့တွင် နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းဂိတ်များ ပြန်လည်ဖွင့်လှစ်

ကော့သောင်း ဇန်နဝါရီ ၆

အပူပိုင်းမုန်တိုင်းပါဘက် ဖြတ်သန်းရာလမ်းကြောင်းနှင့် အနီးဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့တွင် စိုးရိမ်ဖွယ်မုန်တိုင်းအန္တရာယ်ကြောင့် ရပ်နားပိတ်သိမ်းထားခဲ့သည့် ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ဖြတ်သန်းသွားလာမှု နယ်စပ်ဂိတ်များ ယနေ့နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကော့သောင်းမြို့နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် လုပ်ငန်းမှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ ပြောဆိုချက်များအရ သိရသည်။

မုန်တိုင်းအခြေအနေ ငြိမ်သက်မှုဖြစ်စဉ်ကြောင့် လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက ရပ်နားပိတ်သိမ်းထားသည့် ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များနှင့် မြန်မာ-ထိုင်းနယ်စပ်ဖြတ်သန်းဂိတ်များ ပြန်လည်ဖွင့်လှစ်ခဲ့သဖြင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားများအား သက်ဆိုင်ရာခရီးသွားကုမ္ပဏီများမှ ပင်လယ်ကျွန်းအပန်းဖြေ စခန်းများသို့ စတင် ပို့ဆောင်ပေးနေကြပြီး နှစ်နိုင်ငံကူးသန်းရောင်းဝယ် ဖောက်ကားနေကြသည့် မြို့နေပြည်သူများနှင့် ကော့သောင်း- ရနောင်း ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည့် ကူးတို့ပဲ့ချိတ်လှေများ ပြန်လည်သက်ဝင်လှုပ်ရှားသွားလာနေကြသည်ကို ယနေ့နံနက်ပိုင်းက တွေ့ရသည်။

လက်ရှိကော့သောင်းမြို့၏ နံနက်ပိုင်းရာသီဥတုအခြေအနေမှာ နေသာ၍ အေးချမ်းတည်ငြိမ်ကာ ပါချန်ပင်လယ်ဝနှင့် ထိုင်း-မြန်မာနယ်ခြား ပါချန်မြစ်ကြောင်းတစ်လျှောက် လှိုင်းလေငြိမ်သက်လျက် မြို့နေပြည်သူများ ပုံမှန်ရောင်းဝယ်သွားလာလျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မလှိုင်မြို့ရှိ ဖရဲစိုက်တောင်သူများ မူဆယ်လမ်းကြောင်းကောင်းရန် မျှော်လင့်နေ

မလှိုင် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ရှိ ဖရဲစိုက်တောင်သူများက မူဆယ်လမ်းကြောင်းကောင်းရန် မျှော်လင့်နေကြောင်း ဖရဲစိုက်တောင်သူများထံမှ သိရသည်။

ဖရဲစိုက်ပျိုးရေး လုပ်ကိုင်နေသူ မလှိုင်မြို့ နှောကန်တိုက်နယ် ကြပ်ဖြူကျေးရွာမှ ဦးသန်းလင်းထိုက်က "ဖရဲစိုက်ပျိုးတာကို များသောအားဖြင့် ခြောက်လပိုင်းနောက်မှာ စစိုက်လေ့ရှိတယ်။ ထွန်ရေးပြင်တဲ့အချိန်ကနေ ဆွတ်ခူးတဲ့အချိန်ထိ လေးလခန့်

ကြာမြင့်ပြီး အထွက်နှုန်းက ပုံမှန်တော့မရှိပါဘူး။ စိုက်ပျိုးတဲ့နေရာ ဂရုစိုက်မှုကောင်းပါက တစ်ဧကမှာ ကားတစ်စီးချိုး(ဒေသအခေါ်) ၁၂ ဘီးယာဉ် ၁၇ တန် တစ်စီးစာ ထွက်ရှိပါတယ်။ ယမန်နေ့က ဒေသပေါက်ဈေးက တစ်ကီလို ၂ ဒသမ ၅ ယွမ် (မြန်မာငွေကျပ် ၅၅၀) ဝယ်ကြတယ်။ ဖရဲက အချိန်နဲ့ ရောင်းရတာပါ။ တစ်တန်ကို ၂၅၀၀ ယွမ် (မြန်မာငွေကျပ် ၅၅၀၀၀၀) ခန့်ရရှိပြီး စိုက်ပျိုးတဲ့နေရာ အဓိကအားဖြင့် ရောဂါပိုးနဲ့ လယ်ကြွက်ကို ဂရုစိုက်ရပါတယ်။ အဲဒီအတွက် ပိုးသတ်ဆေး အားဆေးကို ဝယ်ယူစိုက်ပျိုးရတယ်။ ဖရဲစိုက်တာက ရက် ၉၀ လောက်မှ အသီးကောင်းရတယ်။ ကျွန်တော်ဆို ၁၀ လပိုင်းက စိုက်တယ်။ ၁ လပိုင်းကုန်လောက်မှ အရည်၊ အသီးပြည့်မီတဲ့ အသီးရမယ်။ အဓိကက ဖရဲသီးဟာ ကုန်စိမ်းသီးနှံဖြစ်လို့ ဆွတ်ခူးပြီးရင် အကြာကြီးထားလို့ မကောင်းတာကြောင့် ဖရဲစိုက်တောင်သူတွေအနေနဲ့က မူဆယ်ပို့တဲ့လမ်းကြောင်းတွေ ကောင်းဖို့ပါပဲ" ဟု ပြောသည်။

မလှိုင်မြို့နယ်အတွင်းရှိ ဖရဲစိုက်တောင်သူများမှာ ဖရဲအမျိုးအစားများဖြစ်သည့် ထိုင်ဝမ်ဖရဲ၊ ထိုင်ဝမ် 885 ဖရဲနှင့် မြန်မာဖရဲမျိုး သုံးမျိုးကို အဓိကထားစိုက်ပျိုးနေပြီး ဖရဲစိုက်တောင်သူများ အထွက်ကောင်းမွန်နေသော်လည်း တောင်သူများ၏ အဓိကပို့ဆောင်သော မူဆယ်လမ်း အမြဲပွင့်နေရန်မှာ ၎င်းတို့၏ အဓိက မျှော်လင့်ချက်ဖြစ်ကြောင်း ဖရဲစိုက်တောင်သူများထံမှ သိရသည်။

ဘိုဘို(မလှိုင်)

ဘားအံမြို့၌ လက်ရက်ကန်း ခြောက်လသင်တန်းဖွင့်ပွဲကျင်းပ

ဘားအံ ဇန်နဝါရီ ၆

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမအကြိမ် လက်ရက်ကန်း ခြောက်လ သင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် လက်ရက်ကန်း ခြောက်လ သင်တန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းက သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက သင်တန်းဆင်း သင်တန်းသူများအား ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ရာ သင်တန်းဆင်း သင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်ရက်ကန်း ခြောက်လသင်တန်းသည် သင်တန်းကာလအတွင်း အဆောင်၊ ရေ၊ မီး အပြည့်အစုံအခမဲ့နေထိုင်ခွင့်နှင့် တစ်လလျှင် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးကာ သင်တန်းပြီးမြောက်သည့် အခါတွင်လည်း ရက်ကန်းဘာသာရပ်ကို ပိုမိုတတ်မြောက် တီထွင်ဖန်တီးနိုင်သော အလေ့အကျင့်ကောင်းများ ရရှိနိုင်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သင်တန်းသူတစ်ဦးလျှင် စားသောက်စရိတ်၊ လက်ရက်ကန်းစင် တစ်စင်စီနှင့် ဆက်စပ်အရန်ပစ္စည်းများ၊ ချည် ၁၀ ပေါင်ထုပ် တစ်ထုပ်စီတို့ကို သင်တန်းဆင်း သင်တန်းသူ ၁၂ ဦး အတွက် စုစုပေါင်း ငွေကျပ် ၆၅၃၀၀၀ ထောက်ပံ့ပေးခဲ့ပြီး ဒုတိယအကြိမ် ဖွင့်လှစ်သည့် လက်ရက်ကန်း ခြောက်လ သင်တန်းကို သင်တန်းသူ ၁၀ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ရွှေပြည်သာမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ယမန်နေ့က စေတီတော်ပရိဝုဏ်၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော် သံဃာတော် ၈၅ ပါးတို့ကို အလှူရှင်များဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင် ဦးဆောင်သော ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၁-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၆၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၈၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၆၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၇၉၅/၉၀၀	ကျပ်	၈၈၅/၉၀၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၀၅/၉၁၀	ကျပ်	၉၀၀/၉၂၀	ကျပ်
အောက်တိန်း ၉၂	၆၂၀/၇၁၀	ကျပ်	၇၃၀/၇၆၀	ကျပ်
အောက်တိန်း ၉၅	၇၀၀/၈၀၀	ကျပ်	၈၂၅/၈၄၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၄၂ ・ ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၇၄၉ ・ ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၂၈ ・ ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၃၃ ・ ၉
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၃၂ ・ ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၆၈ ・ ၉
တရုတ်	တစ်ယွမ်	ကျပ်	၂၂၄ ・ ၇၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၂ ・ ၀၂၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၆ ・ ၉၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၇၁ ・ ၉၂
ထိုင်း	တစ်ဘတ်	ကျပ်	၄၇ ・ ၇၅၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၇ အရ ဖွဲ့စည်းခဲ့တဲ့ ပါမောက္ခချုပ်များ ကော်မတီဟာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးက ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများကိုယ်တိုင် လွတ်လပ်စွာ ဆန္ဒပြုရွေးချယ်ဖွဲ့စည်းခြင်းဖြင့် ပေါ်ပေါက်လာခဲ့တဲ့ ကော်မတီတစ်ရပ်ဖြစ်ပါတယ်

အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း ကျင်းပ

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း အပိုင်း(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာမျိုးကြွယ်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ မောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်ဆွေ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာ ခင်မာရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-

အစီအစဉ်မှူး။ ။ အမျိုးသားပညာရေး မူဝါဒကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ ကော်မတီတွေအကြောင်းနဲ့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ရှင့်။

ဒေါက်တာမျိုးကြွယ်။ ။ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ ကော်မတီ (၃) ခုရှိပါတယ်။

(၁) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ (National Curriculum Committee, NCC)

(၂) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ (National Accreditation and Quality Assurance Committee, NAQAC)

(၃)ပါမောက္ခချုပ်များ ကော်မတီ (Rectors' Committee) တို့ပဲ ဖြစ်ပါတယ်။

အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ (NCC) ကို အမျိုးသားပညာရေးမူဝါဒ ကော်မရှင်သည် အခြေခံပညာကဏ္ဍအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်တဲ့ မူလတန်းအဆင့် ပထမတန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာကိုင်စာအုပ်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ပုံနှိပ်နိုင်ရန်၊ ကျောင်းသုံးစာအုပ်များကို စိစစ်အတည်ပြုနိုင်ရန်၊ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို အချိန်မီ စိစစ်အတည်ပြုနိုင်ရန်၊ အမျိုးသားပညာရေးဥပဒေ အခန်း(၄)၊ ပုဒ်မ ၆ (ခ) အရ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) နဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်မှာ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ (NAQAC) ကို အမျိုးသားပညာရေးဥပဒေ အခန်း(၁၀)၊ အရည်အသွေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့် စပ်လျဉ်းပြီး ပုဒ်မ ၅၄ မှာ "(က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရပါမယ်။ (ခ)ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မှုတွင် အရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်တို့ ပါဝင်ရပါမယ်။ (ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည် " ဆိုပြီး ဖော်ပြထားပါတယ်။

အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့

ဒါ့အပြင် အမျိုးသားပညာရေးဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၅၅ မှာ "ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။" ဆိုပြီး ပါရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေ အခန်း(၄)၊ ပုဒ်မ ၆ (ခ)အရ လည်းကောင်း၊ ပုဒ်မ ၅၅ အရလည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် လိုအပ်သည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)နဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှာ အဖွဲ့ဝင် ဦးရေ ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

ပါမောက္ခချုပ်များကော်မတီ (RC) ကို အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၇ မှာ "ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်"ဟု ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်သည် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ နှင့်အညီ ကော်မတီဖွဲ့စည်းနိုင်ရန် အဆင့်မြင့်ပညာကျောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၂-၃-၂၀၁၈ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့ပါတယ်။

> **"ဒါတင်မက ကျွန်တော်တို့ရဲ့ ကော်မတီဟာ စစ်ဆေးအကဲဖြတ်နိုင်ဖို့အတွက် စံချိန်စံညွှန်းများနဲ့ နည်းလမ်းများကိုလည်း သတ်မှတ်ပေးရတဲ့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကော်မတီဟာ သုံးလတစ်ကြိမ် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အစီရင်ခံရပြီး ကော်မရှင်က တစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို ခြောက်လတစ်ကြိမ် အစီရင်ခံစာ ပို့ပေးရပါတယ်"**

လျှို့ဝှက်ဆန္ဒမဲနဲ့ အတည်ပြုနိုင်ခဲ့

"ပါမောက္ခချုပ်များကော်မတီ" အမည်ကို တက်ရောက်လာကြတဲ့ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး ၁၇၃ ဦးက လျှို့ဝှက်ဆန္ဒမဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၆၁ ကျောင်းက ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများအားလုံး အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ ပါမောက္ခချုပ်များကော်မတီကို ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင် ၁၆၁ ဦးက လျှို့ဝှက်ဆန္ဒမဲနဲ့ အဖွဲ့ဝင် ၄၄ ဦးပါဝင်တဲ့ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီနောက် အလုပ်အမှုဆောင် အဖွဲ့ဝင် ၄၄ ဦးက အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ထပ်မံရွေးချယ်ကြပါတယ်။ ၁၃-၃-၂၀၁၈ ရက်နေ့မှာ ပါမောက္ခချုပ်များကော်မတီရဲ့ အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်တို့ဟာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးခဲ့ကြပြီး ၆-၄-၂၀၁၈ ရက်နေ့မှာ အမိန့်ကြော်ငြာစာ (၁/၂၀၁၈)နဲ့ ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းခြင်းနှင့် အမိန့်ကြော်ငြာစာ (၂/၂၀၁၈)နဲ့ အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၇ အရ ဖွဲ့စည်းခဲ့တဲ့ ပါမောက္ခချုပ်များ ကော်မတီဟာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးက ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများကိုယ်တိုင် လွတ်လပ်စွာ ဆန္ဒပြုရွေးချယ်ဖွဲ့စည်းခြင်းဖြင့် ပေါ်ပေါက်လာခဲ့တဲ့ ကော်မတီ တစ်ရပ်ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီရဲ့ ဖွဲ့စည်းဖြစ်ပေါ်လာပုံနဲ့ ယခု လက်ရှိ လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း ပြောပြပေးပါဦးရှင့်။

ဒေါက်တာမောင်မောင်ဝင့်။ ။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး၊ လူမှုရေး လိုအပ်ချက်များနှင့်အညီ အမျိုးသားပညာရေး ဥပဒေ ၂၀၁၅ အခန်း (၄)၊ ပုဒ်မ (၆)အရ ကျွန်တော်တို့ရဲ့ ကော်မတီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှာ အမျိုးသားပညာရေး မူဝါဒကော်မရှင်က ဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ အဖွဲ့ဝင်ဦးရေအားလုံး ၂၀ ပါ ပါတယ်။ ကျွန်တော့်ရဲ့ ကော်မတီမှာ ပညာရေးနယ်ပယ် အသီးသီးက ပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများအပြင် ဥပဒေပညာရှင်နဲ့ professional council များမှ ပုဂ္ဂိုလ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များလည်း စုံစုံညီညီ ပါဝင်လျက်ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေး ကော်မတီရဲ့ လက်ရှိလုပ်ငန်းများကတော့ ကျွန်တော်တို့ ကော်မတီမှာ လုပ်ငန်းစဉ် (၁၂)ချက် ချမှတ်ထားပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ခြောက်လတစ်ကြိမ် အစီရင်ခံစာပို့ရ

အထူးသဖြင့် အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်များဖြစ်တဲ့ ပညာရေးအဆင့်တိုင်းမှာ ပညာအရည်အသွေး အာမခံမှု အစီအစဉ်တစ်ရပ် ရှိဖို့နဲ့ ပညာအရည်အသွေးနဲ့ အဆင့်ကို တိုးတက်မှု စစ်ဆေးနိုင်ဖို့အတွက် ကျွန်တော်တို့ IQA လို့ခေါ်တဲ့အတွင်း အရည်အသွေးစစ်ဆေး အကဲဖြတ်မှုလုပ်ငန်းစဉ်၊ EQA လို့ ခေါ်တဲ့အပြင် အရည်အသွေးစစ်ဆေး အကဲဖြတ်မှုလုပ်ငန်းစဉ် များနဲ့ ပါဝင်နိုင်ဖို့ ကျွန်တော်တို့က အထူးသဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါတင်မက ကျွန်တော်တို့ရဲ့ ကော်မတီဟာ စစ်ဆေးအကဲဖြတ်နိုင်ဖို့အတွက် စံချိန်စံညွှန်း များနဲ့ နည်းလမ်းများကိုလည်း သတ်မှတ်ပေးရတဲ့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကော်မတီဟာ သုံးလတစ်ကြိမ် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို အစီရင်ခံရပြီး ကော်မရှင်ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို ခြောက်လတစ်ကြိမ် အစီရင်ခံစာ ပို့ပေးရပါတယ်။ ဒီကျွန်တော်တို့ရဲ့ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဟာ ပညာရည်တိုးတက်မြင့်မားမှု ဖြစ်ပေါ်လာဖို့ စိစစ်တဲ့နေရာမှာ အဆင့်သတ်မှတ်နိုင်ဖို့အတွက် ဝန်ကြီးဌာန အသီးသီးအောက်မှာရှိတဲ့ တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများကို ကျွန်တော်တို့ ပဏာမ survey လုပ်ပါတယ်။ ကျောင်းမှာရှိနေတဲ့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများရဲ့ QA ဆိုင်ရာ အသိ၊ သူတို့ရဲ့ နားလည်ပုံ၊ သူတို့ရဲ့ အယူအဆ၊ အခက်အခဲပြဿနာ စသည်များကို ကျွန်တော်တို့က သိရှိနိုင်မှ သူတို့ကို ပိုမိုပြီးတော့ ထိထိရောက်ရောက် ကူညီနိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ survey များ ကောက်ခံခဲ့ပါတယ်။ အဲဒီ Data အဲဒီ survey များကို ဆက်လက်ပြီးတော့ ဒီ professional council တွေက ဥက္ကဋ္ဌများနဲ့ တက္ကသိုလ်တွေက ပါမောက္ခချုပ်များ၊ NAQAC ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့ရုံးကို လာရောက်ပြီးတော့ ဆွေးနွေးရှင်းလင်းတင်ပြမှုတွေလည်း ရှိပါတယ်။ QA ကိစ္စနဲ့ပတ်သက်လို့ ပိုမိုပြီးတော့ တက္ကသိုလ်တွေ၊ ကျောင်းတွေ သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့က အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ၊ ရှင်းလင်းတင်ပြချက်များ စသည်တို့ကို ဆင့်ကဲဆင့်ကဲ ကျွန်တော်တို့ များစွာလုပ်ကိုင်ပေးပြီး ဖြစ်ပါတယ်။ ဒါတင်မကသေးဘူး ကျွန်တော်တို့ လိုအပ်တဲ့ references များ၊ စာအုပ်စာတမ်းများ Computer Soft Copy များနဲ့ စာအုပ်များကိုလည်း ကျွန်တော်တို့က ပို့ပြီး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒေသတွင်းနဲ့ နိုင်ငံတကာ QA ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့က ညှိနှိုင်းဆောင်ရွက်ဖို့အတွက် အင်မတန်ကို လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အထူးသဖြင့်

- ASEAN University Network for QA(AUN-QA)
- ASEAN QA Network (AQAN)
- ASEAN QA Framework (AQAF)
- ASEAN QA Referencing Framework (AQRF)

စတာတွေအတွက် ကျွန်တော်တို့ ဆိုင်ရာဆိုင်ရာ ကော်မတီများနဲ့ ချိတ်ဆက်၊ ညှိနှိုင်းပြီးတော့ အကြိမ်ကြိမ် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါတင်မကသေးဘူး ကျွန်တော်တို့ ကျောင်းသားများ၊ ပညာရှင်များ၊ နည်းပညာများ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်ပြန်အလှန်လှန် ကူးပြောင်းလေ့လာ လုပ်ကိုင်နိုင်ဖို့အတွက် အချင်းချင်းအသိအမှတ်ပြုဖို့ Mutual Recognition အပြန်ပြန် အလှန်လှန် အသိအမှတ်ပြုဖို့ ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ Credit Transfer System လို နောက်တန်းညှိဖို့ကိစ္စတွေ အဲဒါတွေအတွက်ကိုလည်း အရေးတကြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်ပအဖွဲ့အစည်းများကိုလည်း အနည်းငယ် အကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။

- Central European University (Hungary)
- EU SHARE (A consortium of British Council (Lead), Campus France, the German Academic Exchange Service (DAAD), Nuffi, The European Association for Quality Assurance in Higher Education (ENQA)
- UCL (University Collage of London) Workshop for Transforming of Higher Education Leadership & Management Program and Centre of excellence for equity in Higher Education)
- My EQIP (Australia)
- UNICEF တို့ ဖြစ်ပါတယ်။

ဆွေးနွေးညှိနှိုင်း

ဒီနေရာမှာ ကျွန်တော်တင်ပြချင်တဲ့ အချက်က အရေးကြီးတာက မြန်မာနိုင်ငံ အမျိုးသားပညာရေး အရည်အသွေး သတ်မှတ်မှု မူဘောင် Myanmar National Qualification Framework (MNQF) လို့ ခေါ်ပါတယ်။ ဒါဟာ အင်မတန်မှ အရေးကြီးပါတယ်။

စာမျက်နှာ ၁၉ သို့

ပြင်ဦးလွင်မြို့ရှောင်လမ်းရှိ ထင်းရှူးတောသို့ လာရောက်လည်ပတ်သူများပြားလာ

ပြင်ဦးလွင် ဇန်နဝါရီ ၆

ပြင်ဦးလွင်မြို့၌ အမျိုးသားကန်တော်ကြီး ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ တန်ခိုးကြီးဘုရားစေတီများ၊ ရေတံခွန်များ စသည့်အထင်ကရ နေရာအများအပြားသို့ လာရောက်လေ့လာလည်ပတ်ကြသူ များပြားသကဲ့သို့ မြို့ရှောင်လမ်းရှိ ထင်းရှူးတောသို့လည်း လာရောက်လည်ပတ်ကြသူ များပြားလျက်ရှိနေကြောင်း သိရသည်။

ပြင်ဦးလွင်မြို့သို့ လာရောက်ကြသူများသည် နံနက်ပိုင်းတွင် မြို့တွင်းမှ ဖြတ်သန်းလျက် မဟာအံ့ထူးကံသာ (ပြည်ချစ်)ဘုရား၊ ပိတ်ချင်းမြောင်၊ မဟာနန္ဒာလိုဏ်ဂူ၊ ပွဲကောက်ရေတံခွန်တို့ကို သွားရောက်ကြပြီး အပြန်ခရီး၌ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြမည်ဖြစ်ရာ မြို့တွင်းမှ ပြန်လည်ဖြတ်သန်းခြင်း မပြုတော့ဘဲ ခရီးပိုမိုနီးပြီး အဆင်ပြေသည့် မြို့ရှောင်လမ်းမှတစ်ဆင့် သွားလာကြရာ၌ လမ်းပေါ်ရှိ ရှုခင်းကောင်းပြီး သာယာလှပကျယ်ဝန်းသည့် ထင်းရှူးတောသို့ ခရီးတစ်ထောက်နား ဝင်ရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါထင်းရှူးတောသည် ပြင်ဦးလွင်မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၆ မိုင် ၆ ဖာလုံနှင့် ၇ မိုင် ၆ ဖာလုံအတွင်း တည်ရှိနေကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက မေမြို့ထင်းရှူးကြိုးဝိုင်း

အမှတ်(၂၃/၂၄) အဖြစ် ၁၉၈၉ ခုနှစ်က စတင်စိုက်ပျိုးထားရှိသည့် ဧက ၂၀၀ ကျယ်ဝန်းသည့် ထင်းရှူးစိုက်ခင်းဖြစ်ကြောင်း သိရသည်။

"ထင်းရှူးပင်တွေက တညီတညာ၊ နဲ့ လှပနေပြီး ကျယ်ဝန်းတဲ့တောကြီးဖြစ်နေလို့ဝင်ရောက်လည်ပတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာရတယ်။ ဒီလိုသစ်တောမျိုး ကြီးထဲရောက်ရှိ လည်ပတ်နိုင်ဖို့ဆိုတာ မြန်မာနိုင်ငံမှာ အတော်ရှားပါးနေပါပြီ။ အခုတော့ ခရီးလည်းသင့် မြင်တွေ့ရောက်ရှိရခဲ့တဲ့ သစ်တောကြီးထဲ ရောက်ရှိလာလို့ ဝမ်းသာပျော်ရွှင်ရပြီး ကြည်နူးစိတ်တွေလည်း ဖြစ်ရတယ်" ဟု ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်သူ ခရီးသွား ပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

လာရောက်ကြသော ဧည့်သည်များသည် ထင်းရှူးတောအတွင်း၌ ဓာတ်ပုံရိုက်ခြင်း၊ မိသားစုအလိုက် ဝိုင်းဖွဲ့စားသောက်ခြင်း၊ ဆော့ကစားခြင်းများ ပြုလုပ်လျက် မွှေးပျံ့သော ထင်းရှူးရနံ့တို့ကို ရှူရှိုက်ရင်း တောအတွင်း၌ ပျော်ရွှင်စွာ လေ့လာလည်ပတ်လေ့ရှိကြောင်း သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းထံ အပ်ချုပ်စက်ပစ္စည်းများ လှူဒါန်း

ပခုက္ကူ ဇန်နဝါရီ ၆

ပခုက္ကူခရိုင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းထံ မကွေးတိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေ ခွဲဝေလှူဒါန်းခြင်းနှင့် အပ်ချုပ်စက်ပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့က ပခုက္ကူမြို့ စနစ်သစ်ပုထိုးတိုက်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနာယက စနစ်သစ်ပုထိုးတိုက်ကျောင်းဆရာတော် ဦးကောသလ္လက ရင်ခွင်မဲ့ကလေးငယ်များ၏ ဘဝအကြောင်းနှင့် Single Mother ဘဝအကြောင်းတို့ကို ဩဝါဒစကား မိန့်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်းက တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေ ခွဲဝေလှူဒါန်းရခြင်းအကြောင်းများ၊ လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိသော ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က ရင်ခွင်ကလေးငယ်များ၊ Single Mother များ ဖြစ်ပေါ်လာခြင်းနှင့် လျော့နည်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် အကြောင်းများကိုလည်းကောင်း၊ ခရိုင်ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမေစိမ်းက အသင်းဖွဲ့စည်းဖြစ်ပုံ အကြောင်းများ၊ အသင်း၏ အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများ၊ အသင်းဝင်များ၏ လုပ်ငန်းတာဝန်များအကြောင်းတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ခရိုင်ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများထံ အလှူငွေနှင့် အပ်ချုပ်စက်ပစ္စည်းများ ခွဲဝေလှူဒါန်းကြရာ ခရိုင်ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး အသင်းဥက္ကဋ္ဌ စာရေးဆရာမ စိမ်းမြမြက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေမှ ကျပ်ငါးသိန်း တန်ဖိုးရှိ အပ်ချုပ်စက်နှစ်လုံး၊ အလှူရှင်များက အပ်ချုပ်စက်သုံးလုံး လှူဒါန်းကြကြောင်း သိရသည်။

ဆလိုင်းကိုကီး

စာမျက်နှာ ၁၈ မှ

ကျွန်တော်တို့ စတင်ရေးဆွဲနေပြီးရုံ သာမက ပြည်တွင်းပြည်ပ ပညာရှင်များနဲ့လည်း စုပေါင်းလေ့လာ ဆွေးနွေးပြီးတဲ့နောက် အချောသပ် လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အဆင့်မြင့်ကဏ္ဍအတွက်လည်း စံချိန်စံညွှန်းတွေ၊ Standard တွေ၊ Criteria တွေ သတ်မှတ်ရေးဆွဲပြီးနောက် ၎င်းတက္ကသိုလ်များနဲ့လည်း ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ASEAN Referencing အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ **အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီရဲ့ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်တွေကို သိချင်ပါတယ်။**

ဒေါက်တာမြင့်ဆွေ။ ။ ကျွန်တော်တို့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ကိုတော့ အမျိုးသား ပညာရေးမူဝါဒကော်မရှင်ကနေ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာ စတင်ပြီး ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ဝင်ကတော့ ၁၅ ဦးဖြစ်ပါတယ်။ အဲဒီ ၁၅ ဦးမှာတော့ ကျွန်တော်တို့ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၃ ဦးနဲ့ လက်ရှိ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ညွှန်ကြားရေးမှူး နှစ်ဦး ပါဝင်ပါတယ်။ အဲဒါအပြင် ကျွန်တော်တို့ အခြေခံပညာရေး ဦးစီးဌာနက ညွှန်ကြားရေးမှူးအဆင့်နဲ့ အငြိမ်းစားယူထားတဲ့ ဆရာကြီးတစ်ဦးလည်း ပါဝင်ပါတယ်။ အဖွဲ့ဝင် ၁၅ ဦးနဲ့ ဆောင်ရွက်ပေးပါတယ်။ နောက်ဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့ရဲ့အဓိက လုပ်ငန်းကတော့ အခု ကျွန်တော်တို့ KG+12 သင်ရိုးသစ်အတွက် Grade 1 to Grade 12 အဲဒီဟာနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းမယ့် စာအုပ်တွေ အဲဒါတွေကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ရေးသားပြုစုပေးထားပြီးတဲ့ ကျောင်းသုံးစာအုပ်တွေ၊ ဆရာလမ်းညွှန်စာအုပ်တွေကို အဓိကထားပြီးတော့ တည်းဖြတ်ပေးရပါတယ်။ တည်းဖြတ်ပေးတဲ့အခါမှာတော့ အမျိုးသားပညာရေးဥပဒေကနေ ကျွန်တော်တို့ရဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကနေ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ရမယ့် အချက်(၁၀)ချက်ရှိပါတယ်။ နောက်ထပ် ထပ်ပြီးတော့ NEPC ကနေ ကျွန်တော်တို့ NCC ကို သတ်မှတ်ပေးထားတဲ့ အချက်ခြောက်ချက်ရှိပါတယ်။ အဲဒီမူဝါဒ (၁၆) ချက် အဲဒါနဲ့အညီ သင်ရိုးညွှန်းတမ်းစာအုပ်တွေ ကျောင်းသုံး စာအုပ်တွေ၊ ဆရာလမ်းညွှန်စာအုပ်တွေကို ကျွန်တော်တို့ တည်းဖြတ်ပေးရတာ ဖြစ်ပါတယ်။

ယဉ်ကျေးမှုနှင့် ကိုက်ညီအောင် စစ်ဆေးရ

တည်းဖြတ်ပြင်ဆင်ပေးတာကတော့ ခုနက မူဝါဒတွေနဲ့ တည်းဖြတ်ပြင်ဆင်ပေးပါတယ်။ အဓိကကတော့ ဘာသာရပ်ဆိုင်ရာဆိုတဲ့ အချက်အလက်တွေ မမှားဖို့ အဓိကပါ။ ဒါပေမယ့် အဲဒီလို အဓိကလုပ်သွားရင်းနဲ့ပဲ ကျွန်တော်တို့ လုပ်ရတဲ့ အချက်တွေထဲမှာ ဘာသာရပ်ဆိုင်ရာ အချက်အလက်တွေမမှားဖို့ လိုသလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု၊ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေနဲ့လည်း ကိုက်ညီအောင်ပါ။ အခု မူလတန်း စာအုပ်တွေကို အဓိကပြဋ္ဌာန်းတဲ့အခါမှာ ပုံတွေပါပါတယ်။ အဲဒီပုံတွေဟာလည်း မှားယွင်းလို့ မရပါဘူး။ အဲဒါမျိုးတွေကို ကျွန်တော်တို့ အသေးစိတ် ယဉ်ကျေးမှုနဲ့ ကိုက်ညီအောင်လည်း စစ်ဆေးရပါတယ်။ နောက်တစ်ခုကတော့ ခေတ်နဲ့အညီ တောင်းဆိုလာတဲ့ Gender တွေပါ။ ကျား/မ ကိစ္စတွေမှာ အဆင့်အတန်း ခွဲခြားတာမျိုးတွေ မရှိအောင် အဲဒါမျိုးတွေ စာအုပ်တွေထဲမှာ မပါအောင် စစ်ဆေးပေးရပါတယ်။ နောက်တစ်ခုကတော့ လူတိုင်း အကျုံးဝင်ပညာရေးဖော်ဆောင်နေတဲ့အတွက်ကြောင့် အဲဒီ မူဝါဒတွေ မမှားယွင်းအောင် တတ်နိုင်သမျှ ကျွန်တော်တို့ဘက်ကနေ သေချာကို ကြည့်ရှုစစ်ဆေးပေးရပါတယ်။ စစ်ဆေးပေးသွားရင်းနဲ့ပဲ၊ ဖတ်သွားရင်းနဲ့ပဲ မြန်မာစာအရေးအသားတွေ၊ သဒ္ဒါတွေ၊ တစ်ခါတစ်ရံ ရေးချင်တဲ့သူက ကျောင်းသားတွေ ကလေးတွေကို ပေးချင်တဲ့ message က သူရေးချင်တဲ့ဟာနဲ့ ရောက်မရောက် အဲဒါမျိုးတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ အရေးအသားလေးတွေကို ညှိနှိုင်းပြီးတော့ ပြင်ဆင်ပေးရတာတွေ ရှိပါတယ်။ ဒါ့အပြင် ကျောင်းသားတွေကို သင်ယူတဲ့အခါမှာ ဆရာက သင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသုံးစာအုပ်မှာပါတဲ့ အချက်အလက်အပြင် ပိုပြီးတော့လိုအပ်တဲ့ အချက်အလက်တွေကို ဖြည့်စွက်ပြီးတော့ ဆရာစာအုပ်တွေမှာ ရေးသားပေးဖို့ အကြံဉာဏ်တွေ ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ပေးရပါတယ်။ ပြင်ဆင်ပေးရပါတယ်။ အဲဒီလို ဆောင်ရွက်ပေးသွားပြီးတဲ့အခါမှာ ထပ်ဆင့်ပြီးတော့ မြန်မာစာအရေးအသားက လိုအပ်တဲ့အတွက်ကြောင့် ထပ်ပြီးတော့ တိုင်းရင်းသားဘာသာစကားဦးစီးဌာနကို ပို့ပြီးတော့ မြန်မာစာ အရေးအသားမျိုးတွေကို ထပ်ဆင့်စစ်ဆေးပြီးတော့မှ နောက်ဆုံး ကျွန်တော်တို့ အတည်ပြုပေးခြင်းကို ဆောင်ရွက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့စပြီး ဖွဲ့လိုက်တယ်ဆိုကတည်းကိုက စတင်ပြဋ္ဌာန်းတဲ့ Grade-1 သည် ၂၀၁၇-၂၀၁၈ မှာ Grade-1 စာအုပ်ကို ပြဋ္ဌာန်းပေးနိုင်ပြီဖြစ်ပါတယ်။ အခု လက်ရှိပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၈-၂၀၁၉ မှာလည်းပဲ Grade-2 နဲ့ဆိုင်တဲ့ စာအုပ်တွေကိုလည်း ပြဋ္ဌာန်းပေးပြီးတော့ သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အခု လက်ရှိအားဖြင့် လာမယ့် ၂၀၁၉-၂၀၂၀ မှာ သင်ကြားမယ့် မူလတန်းအဆင့်အတွက်ကတော့ Grade-3 ပါ၊ အလယ်တန်းအတွက်က Grade-6 ရှိပါတယ်။ အဲဒါတွေကို အားလုံး တည်းဖြတ်ပြင်ဆင်တဲ့အလုပ်တွေကို လုပ်နေပါတယ်။ Grade-3 ကတော့ တည်းဖြတ်ပြင်ဆင်တာ အပြည့်အစုံပြီးသလောက်ဖြစ်နေပါပြီ။ Grade-6 ကတော့ အနည်းအကျဉ်း လိုနေပါသေးတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီဟာတွေကို ဆောင်ရွက်တဲ့အတွက်ကြောင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့က အဓိကကတော့ ရေးသားတဲ့အပိုင်းမဟုတ်ပါဘူး။ ရေးသားလာတဲ့ တင်ပြလာတဲ့ စာအုပ်တွေကိုပဲ ကျွန်တော်တို့က အဓိက တည်းဖြတ်၊ ပြင်ဆင်တဲ့လုပ်ငန်းကို ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူလတန်းအဆင့်မှာတော့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဖြစ်တဲ့ JICA က နည်းပညာတွေ ပံ့ပိုးပြီးတော့ ရေးသားတာတွေ လုပ်ပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ကိုတော့ အာရှဘဏ်ဖြစ်တဲ့ ADB နဲ့ EYE Project ကနေ စာအုပ်ရေးသားတာတွေနဲ့ နည်းပညာတွေ ပံ့ပိုးကူညီပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့် သတ်မှတ်ထားတဲ့ အချိန်တိုင်း ကျွန်တော်တို့ စာအုပ်တွေ ရေးသားပြုစုပြီးစီးရေးအတွက် လိုအပ်တဲ့ အစည်းအဝေးတွေကိုလည်း ဆောင်ရွက်ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ အချက်တွေ ဖြစ်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

တောင်သူများအဆင်ပြေ၍ ဝက်ပေါက်ဈေးကွက်အရောင်းသွက်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံနွားပွဲဈေးအနီးရှိ မီးရထားလမ်းစုံတွင် မြို့နယ်နှင့် ကျေးလက်တို့၌ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိလျက်ရှိသော ဝက်မွေးမြူခြင်းမှ ဝက်ပေါက်များကိုရောင်းချလျက်ရှိရာ ယခုနှစ် စပါးဈေးနှင့်နှမ်းဈေးကောင်းရရှိခဲ့၍ တောင်သူများ ဝက်မွေးမြူမှု များလာရာ ဝက်ပေါက်ဈေးကွက်အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က သာယာဝတီမြို့ မကျီးကွင်းစံပြရွာကလာပြီးရောင်းတာပါ၊ ရွာစဉ်တွေမှာ သားပေါက်ကို အုပ်လိုက်ဝယ်ပြီး အခုလို စနေနေ့နွားပွဲဈေးမှာ ပုံမှန်ပြန်ရောင်းတယ်။ ဒီနှစ် စပါးဈေး၊ နှမ်းဈေးကောင်းတော့ တောင်သူတွေ အဝယ်လိုက်တယ်။ ဒီနှစ် တရုတ်က အဝယ်မရှိပေမယ့် ရွာတွေကအဆွဲများတော့ အဆင်ပြေကြတယ်"ဟု ဝက်ကုန်သည် ဦးနိုင်ဝင်းက ပြောသည်။

တိုက်ကြီး၊ ဥက္ကံ၊ သာယာဝတီနှင့်သုံးဆယ်မြို့တို့ရှိ ကျေးရွာများတွင် ဒေသရင်းဝက်၊ စီပီဝက်၊ ဂျူးနှင့် နိုင်တီဝမ်းဝက်ဟူ၍ ဝက်မျိုးရင်းလေးမျိုးကို မွေးမြူကြလျက်ရှိပြီး အသားထွက်နှုန်းကောင်း၍ ဈေးကောင်းရသော စီပီနှင့် နိုင်တီဝမ်း ၄၅ ရက်သား ဝက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ရှစ်သောင်းခွဲ၊ ဒေသရင်းဝက်နှင့် ဂျူးမျိုးစိတ်တစ်ကောင်လျှင် ငွေကျပ် သုံးသောင်းခွဲ ဈေးပေါက်လျက်ရှိကာ ယမန်နှစ်ဦးက တရုတ်မှအဝယ်လိုက်ခဲ့ပြီး ယခုနှစ်ဦးတွင် တရုတ်မှ အဝယ်မလိုက်သော်လည်း ကျေးလက်များမှ အဝယ်လိုက်သောကြောင့် ဝက်ပေါက်ရောင်းသူများ အဆင်ပြေနေခြင်း ဖြစ်သည်။

နှစ်ပေါင်း ၂၀ ခန့်ရောင်းချလာသော ဥက္ကံမီးရထားသံလမ်းစုံအနီးရှိ ဝက်ဈေးတွင် ကျေးလက်ဒေသများမှ ဝက်ပေါက်များကို ဈေးနေ့တွင် စည်ကားစွာရောင်းချလျက်ရှိပြီး ယခုနှစ်ဦးပိုင်းတွင် တောင်သူများအဆင်ပြေသောကြောင့် ဝက်ပေါက်ဈေးကွက် အရောင်းသွက်လျက်ရှိသည်။

သန်းထိုက်

ကျွန်တော်နဲ့ ခြေလျင်တောင်တက်

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်နေ့က ကျွန်တော် တက္ကသိုလ်ဓမ္မာရုံကို ရောက်ခဲ့တယ်။ တစ်ပတ်ကျော်ကျော်က အိမ်ကိုဖိတ်စာရခဲ့တယ်။ တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းနာယကများ ကန်တော့ပွဲ အခမ်းအနားတက်ဖို့။ မနှစ်က မတက်ဖြစ်တာမို့ ဒီနှစ်တော့ ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အမှန်တော့ တစ်ရက်တည်း ပွဲသုံးခုရှိနေတာမို့ အတော်စဉ်းစားရတာ။ ဖိတ်စာလာပို့သူက ကိုကျော်နိုင်။ သူက Voice ဂျာနယ်က၊ ရင်းနှီးခဲ့တာက ကြာမြင့်လှပြီ။ အင်းလျားလမ်းမှာနေတုန်း သူကအိမ်လာပြီး တစ်ပတ်တစ်ခါဆောင်းပါးလာကောက်တာ၊ သူ့ကျေးဇူးကြောင့် ဆောင်းပါးတစ်ပတ်တစ်ခါ ရေးဖြစ်တယ်။ နောက်ပိုင်းမှာတော့ အလာကျဲသွားတယ်။ ဒါပေမယ့် အဆက်အသွယ် အမြဲရှိနေတာ။ ဝါသနာတူနေတာက ခြေလျင်တောင်တက်။

လှုပ်ရှားမှုသုံးခု

အမှန်တော့ ခြေလျင်တောင်တက်နဲ့ ပတ်သက်လာတာက လွန်ခဲ့တဲ့ အနှစ် ၅၀ နီးပါး။ ဒီတုန်းက စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာ နည်းပြဆရာ။ ကျွန်တော့်ရဲ့ဆရာက ဆရာ ဦးခင်မောင်ကြွယ်၊ သူက ဇွဲကပင်အဆောင်မှူး၊ ကျွန်တော်ဆရာဖြစ်လာတော့ သူတာဝန်ယူထားတဲ့ ခြေလျင်တောင်တက်အသင်းကို လက်လွှဲယူဖို့ ပြောလာတယ်။ ဆရာဟာ ကင်းထောက်တစ်ဦး ဖြစ်ခဲ့တယ်။ ကျွန်တော်ကလည်း ကျောင်းတုန်းက ကင်းထောက်လုလင်ဖြစ်ခဲ့တော့ အတော်ဖြစ်သွားတယ်။ ဒီတုန်းက ခြေလျင်တောင်တက်အသင်းမှာ လှုပ်ရှားမှုသုံးခုရှိတယ်။

တောင်တက်ခြင်း

တောင်တက်ခြင်း - တောင်တက်တယ်လို့ ပြောပေမယ့် တိုင်းပြည်က မငြိမ်မသက်ဖြစ်နေတာမို့ အမှန်တော့ တောင်စစ်စစ်ကို မရောက်နိုင်ဘူး။ ကလောမှာရှိတဲ့ ဆင်တောင်-တောင်ကြီးမြို့အနီးရှိတဲ့တောင်၊ ကျိုက်ထီးရိုး၊ ဇွဲကပင်။ ဒီလောက်ပဲ စဉ်းစားနိုင်တာ။ ချင်းပြည်နယ်က ဝိတိုရိယတောင်က ကျွန်တော်တက်နိုင်ခဲ့တဲ့ အမြင့်ဆုံးတောင်။ အမှန်တော့ တောင်တက်တာထက် ခရီးကြမ်းထွက်တဲ့အသင်းဆိုရင် ပိုပြီးမှန်မှာ။ ကျွန်တော်တို့ရဲ့အသင်းတံဆိပ်မှာ နှင်းတောင်တွေထည့်ထားပေမယ့် ဒါတွေဟာ ကျွန်တော်တို့အတွက် အိပ်မက်သာဖြစ်တာ။

လမ်းလျှောက်ပြိုင်ပွဲ

ဒုတိယလှုပ်ရှားမှုက လမ်းလျှောက်ပြိုင်ပွဲ။ ဒီတုန်းက တက္ကသိုလ်ပေါင်းစုံ လမ်းလျှောက်ပြိုင်ပွဲတွေကို နှစ်စဉ် ကျင်းပခဲ့တယ်။ စီးပွားရေးတက္ကသိုလ်ရဲ့ အဓိကပြိုင်ဘက်က ပညာရေးတက္ကသိုလ်ဖြစ်တယ်။ လမ်းလျှောက်ပြိုင်ပွဲတွေက ကီလိုမီတာ ၂၀၊ ၄၀။ ရန်ကုန်-မင်္ဂလာဒုံ အသွားအပြန်။ အခုလို လမ်းလျှောက်ပြိုင်ပွဲမှာ အဓိကပြဿနာက လမ်းလျှောက်တာနဲ့ ပြေးတာနဲ့ ခွဲခြားမှု ဆုံးဖြတ်ပေးတာက ဒိုင်တွေ။ ဒိုင်တွေကို လမ်းတစ်လျှောက်မှာ နေရာချထားတယ်။ ပန်းဝင်တိုင်းနိုင်တယ်လို့မပြောနိုင်ဘူး။ ဒိုင်တွေရဲ့မှတ်ချက်တွေရမှ အရှုံးအနိုင်ကို ဆုံးဖြတ်နိုင်တာ။ ဒိုင်သုံးဦးက ပြေးတယ်လို့ ယူဆရင် အပယ်ခံရတယ်။ ပြေးတာနဲ့ လမ်းလျှောက်တာကို ခွဲခြားတာက ခြေတစ်ဖက်ဟာ အမြဲမြေပြင်နဲ့ ထိနေရမယ်။ နှစ်ဖက်လုံးမြေကြီးနဲ့ ကွာနေရင် ပြေးတယ်လို့ သတ်မှတ်တယ်။ ဒါကြောင့် ပန်းဝင်ချိန်မှာ နလုံးခုန်ကတော့ အရှုံးအနိုင်ကိုသိဖို့ ရင်တမမ စောင့်ရတာ။ ကျွန်တော်မှတ်မိသလောက် လမ်းလျှောက်ပြိုင်ပွဲတွေမှာ စီးပွားရေးတက္ကသိုလ်က အမြဲအနိုင်ရခဲ့တာ။

စုပေါင်းလမ်းလျှောက်ခြင်း

တတိယလှုပ်ရှားမှုက စုပေါင်းလမ်းလျှောက်ခြင်း ဖြစ်တယ်။ တနင်္ဂနွေမနက်တိုင်း လုပ်ဖြစ်တယ်။ အဆောင်နေ ကျောင်းသား ကျောင်းသူတွေနဲ့ စုပေါင်းပြီး ရန်ကုန်မြို့နဲ့ မနီးမဝေးရှိတဲ့ နေရာတွေကို စုပေါင်းလမ်းလျှောက်ကြတာ။ ကျိုက္ကလို့ ကျိုက္ကလှဲ့ဘုရား၊ မယ်လမုဘုရား၊ တွံတေးက ခနုတ်ဘုရား၊ သန်လျင် ကျိုက်ခေါက်ဘုရား၊ ဘုရားအစုံပဲ။ ကုသိုလ် အများကြီးရခဲ့တာ။ ကျွန်တော်က အခုလို ပါဝင်ဖို့ စည်းရုံးခဲ့တယ်။ တစ်ပတ်တစ်ပတ် ကျောင်းသား ကျောင်းသူ ၃၀၀/၄၀၀ ကျော် ပါဝင်ခဲ့ကြတယ်။ ခရီးဆုံးတဲ့အခါ အကျွေးအမွေးနဲ့ ဧည့်ခံတယ်။ ပြီးတော့ လူစုခွဲကြတယ်။ ဒီလှုပ်ရှားမှုဟာ အတော်အောင်မြင်ခဲ့တယ်။ စီးပွားရေးတက္ကသိုလ်က နာမည်ရခဲ့တာ။

ဒီတုန်းက မြန်မာနိုင်ငံ ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌက ဗိုလ်မှူးကြီးလှအောင်။ ကျွန်တော့်အနေနဲ့ လုပ်ဖော်ကိုင်ဖက်အသင်းချုပ်ကလည်း စုပေါင်းလမ်းလျှောက်ကြတယ်။ ဒါပေမယ့် သူတို့မှာ အင်အားက ၅၀ မကျော်ဘူး။ နောက်ဆုံး စီးပွားရေးတက္ကသိုလ်နဲ့ ပူးပေါင်းဖို့ သဘောတူခဲ့တယ်။

ခြေလျင်တောင်တက်အသင်းလုပ်ရင်း တက္ကသိုလ်များ ဆေးရုံအုပ်ကွယ်လွန်သွားတဲ့ ဆရာကြီးဒေါက်တာ ဦးခင်မောင်တင်ရဲ့အကူအညီနဲ့ ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်းတွေ လုပ်နိုင်ခဲ့တယ်။ အသင်းချုပ်ရဲ့ အကူအညီနဲ့ ကြိုးနဲ့အတက်အဆင်းလုပ်နိုင်အောင် စီးပွားရေးတက္ကသိုလ်ကို အသုံးပြုပြီး သင်တန်းတွေပေးခဲ့တယ်။

ခရီးကြမ်းထွက်တဲ့အခါမှာလည်း အခုလို လိုအပ်တဲ့ပစ္စည်းတွေမစုံလှဘူး။ တစ်နှစ် ကျွန်တော်တို့ ပေလီကိုခရီးကြမ်းထွက်ခဲ့တယ်။ ကျောပိုးအိတ်၊ အခင်း စတဲ့ပစ္စည်းတွေကို တပ်မတော်က အကူအညီပေးခဲ့တယ်။ တံတားတွေမရှိတာမို့ တောင်ကုတ်ကတစ်ဆင့် ကူးတို့နဲ့ ခက်ခက်ခဲခဲကူးခဲ့ကြတယ်။ အမှန်တော့ ခရီးအစအဆုံး လမ်းမလျှောက်နိုင်ပါဘူး။ ကားကိုပဲ အားကိုးခဲ့ရတာ။ လျှောက်နိုင်သလောက် လျှောက်ပြီး ကျန်တဲ့အချိန်မှာ ကားနဲ့ သွားခဲ့တယ်။ ချင်းပြည်နယ်က ဝိတိုရိယတောင်တက်ရတာက အထူးခြားဆုံး ခရီးတစ်ခု။ ကန်ပက်လက်က တစ်ဆင့် သွားရတာ။ တောင်ထိပ်ရောက်တော့ မောပန်းတာတွေအားလုံး ပျောက်သွားတယ်။

ကျွန်တော်ခြေလျင်တောင်တက်အသင်းကို ၁၉၆၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ယူခဲ့တယ်။ နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်မှာ ခြောက်နှစ်ကြာခဲ့တာ။ ပြန်ရောက်တော့ အသင်းကိုဆက်ပြီး တာဝန်ယူခဲ့တယ်။ ၁၉၇၉ ခုနှစ်အထိ အသင်းတာဝန်ယူရင်း ကျောင်းသား ကျောင်းသူ လုပ်ဖော်ကိုင်ဖက်ဆရာဆရာမတွေနဲ့ ရင်းနှီးခဲ့တယ်။ ခြေလျင်တောင်တက် အလုပ်ဟာ အားကစား အလုပ်ဖြစ်ပေမယ့် ဒီအသင်းမှာ တာဝန်ယူရင်း ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ စည်းရုံးရေးစတာတွေကို လက်တွေ့ကျကျ သိရှိကျင့်နိုင်ခဲ့တယ်။

ခေတ်မီဆေးသိပ္ပံအရ အကောင်းဆုံးအားကစားဟာ အမြန်လမ်းလျှောက်ခြင်းဖြစ်ကြောင်း တွေ့ရတယ်။ အထူးသဖြင့် တစ်ရက်မှာ အနည်းဆုံး ခြေလှမ်း ၁၀၀၀၀ ပြည့်အောင်လျှောက်ဖို့ အကြံပြုထားတယ်။ လေးမိုင်ကျော်။ ဒီရည်မှန်းချက်ကိုရအောင် လူတိုင်းလုပ်သင့်တယ်။

ခြေလျင်တောင်တက်အသင်းကို အားပေးခဲ့သူ

နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ ခြေလျင်တောင်တက်အသင်းမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တယ်။ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဖြစ်ခဲ့တယ်။ ကျွန်တော်က စီးပွားရေးတက္ကသိုလ်မဟုတ်တော့ဘဲ ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ချုပ်ဖြစ်နေပြီ။ ဒီနှစ်အခမ်းအနားကို နည်းနည်းစောပြီး တက္ကသိုလ်ဓမ္မာရုံကို ရောက်ခဲ့တယ်။ အသင်းတာဝန်ယူတဲ့သူတွေနဲ့ ဆရာ ဆရာမတွေကိုလည်း တွေ့ချင်ဆုံချင်တဲ့အတွက်။ ပါမောက္ခချုပ်ဒေါက်တာစိုးရင်နဲ့ စကားပြောဖြစ်တယ်။ သူက တစ်ချိန်က ရန်ကုန်တက္ကသိုလ်မှာ တာဝန်ယူခဲ့ပြီး ခြေလျင်တောင်တက်အသင်းကို အားပေးခဲ့သူ။ အသင်းရဲ့ နာယကကြီးတွေ မိတ်ဆက်တော့ တစ်ဦးက အသက် ၉၂ နှစ်။ ဒါပေမယ့် ကျန်းမာနေတာ အားကျစရာ။ ဆရာ ဆရာမကြီးတွေကိုကြည့်ရင်း ဆရာကြီး သိပ္ပံမှူးတင်ကို သတိရမိတယ်။ တစ်နှစ် ဆရာကြီးက သြဝါဒပြောတယ်။ အသံကလုံးဝမကျဘူး။

ဒီနှစ် နာယကကြီးကိုယ်စား ကျွန်တော့်ကို မိန့်ခွန်းပြောစေတယ်။ ကိုယ့်ထက်အသက်ကြီးပြီး ဝါရင့်တဲ့သူတွေကိုယ်စားပြောရတာကိုတော့ နည်းနည်းထိတ်လန့်မိတယ်။ ကျွန်တော်က တက္ကသိုလ်ခြေလျင်တောင်တက် အသင်းအနေနဲ့ လမ်းလျှောက်ပြိုင်ပွဲတွေ ပြန်လည်လုပ်ပေးဖို့ အကြံပြုခဲ့တယ်။ တစ်ဖက်ကလည်း အခုတော့ အသင်းသားတွေကို မနာလိုဖြစ်ရတဲ့အကြောင်းကိုလည်း ပြောခဲ့တယ်။ ပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေတွေကြောင့် ကျွန်တော်တို့ခေတ်က စိတ်ကူးယဉ်သက်သက်ဖြစ်ခဲ့တဲ့ နှင်းတောင်တွေ တက်ခွင့်ရနေပါပြီ။ ဒါကြောင့် အခုခေတ် လူငယ်တွေရဲ့အခွင့်အရေးကို အားကျမိတယ်။

ကျွန်တော်တို့က အသင်းသားတွေကို လိုလေသေးမရှိအောင် ပြုစုကြတယ်။ ကန်တော့ပစ္စည်းတွေ ပေးကြတယ်။ အစားအသောက်တွေ ကျွေးကြတယ်။ ဒါပေမယ့် တာဝန်ကြီးမှာ စိတ်ပူတယ်။ အမှန်တော့ စေတနာကို အသိအမှတ်ပြုပေမယ့် အခုလိုလုပ်ရလို့ တာဝန်မများစေချင်ဘူး။ စေတနာကို အသိအမှတ် ပြုပါတယ်။ ဒါပေမယ့် ကိုယ့်ကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး။

တစ်ချိန်က တက္ကသိုလ်မှာ အားကစားလုပ်ငန်းတွေ ရပ်ဆိုင်းခဲ့တယ်။ နိုင်ငံရေးအကျပ်အတည်းဖြစ်မှာစိုးတာနဲ့ ပိတ်ပင်ခဲ့တယ်။ အခုတော့ တက္ကသိုလ်တွေမှာ အားကစားတွေပြန်လည်ရှင်သန်လာတာကို မြင်ရတယ်။ မကြာသေးမီက အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ကျင်းပခဲ့တယ်။ ပြေးခုန်ပစ် ပြိုင်ပွဲမှာ အမှန်တော့ လမ်းလျှောက်ပြိုင်ပွဲတွေပါသင့်တယ်။ ပြေးခုန်ပစ်ပါ မပါ မသိခဲ့ဘူး။ ကျန်တဲ့အားကစားတွေ အကြောင်းသာ ဖတ်ရပြီး ပြေးခုန်ပစ်အကြောင်း မကြားရလို့ ကျွန်တော့်ချို့ယွင်းမှုပဲ ထင်ပါရဲ့။ လမ်းလျှောက်ပြိုင်ပွဲသာ ပါဝင်ရင် အသင်းကြီးအတွက် အခွင့်အရေးတစ်ရပ်ပါပဲ။

သံယောဇဉ်ကြီး

ကျွန်တော်ဟာ ခြေလျင်တောင်တက်အသင်းနဲ့ ပတ်သက်လာရင် သံယောဇဉ်ကြီးတယ်။ အမှန်တော့ ခေတ်မီဆေးသိပ္ပံအရ အကောင်းဆုံးအားကစားဟာ အမြန်လမ်းလျှောက်ခြင်းဖြစ်ကြောင်း တွေ့ရတယ်။ အထူးသဖြင့် တစ်ရက်မှာ အနည်းဆုံး ခြေလှမ်း ၁၀၀၀၀ ပြည့်အောင်လျှောက်ဖို့ အကြံပြုထားတယ်။ လေးမိုင်ကျော်။ ဒီရည်မှန်းချက်ကိုရအောင် လူတိုင်းလုပ်သင့်တယ်။ ဒါကြောင့်လည်း ဆရာကြီး သိပ္ပံမှူးတင်က လူတစ်ယောက်မှာ နှလုံး သုံးခုရှိတယ်လို့ သတိပေးခဲ့တယ်။ ပထမတစ်လုံးကတော့ မူလနှလုံးဖြစ်ပြီး ကျန်တဲ့နှစ်လုံးကတော့ ခြေထောက်နှစ်ဖက်ဖြစ်တယ်။ ကျန်းမာခြင်းဟာ ချမ်းသာခြင်းဖြစ်တာမို့ လူတိုင်းလမ်းလျှောက်ကြဖို့ တိုက်တွန်းမိပါတယ်။ ။

ကျောက်ပန်းတောင်းမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်ရွှေဂူဘုရား ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြတ်ရွှေဂူဘုရား ဗုဒ္ဓပူဇနီယ ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ယမန်နေ့က စတင်ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို မြတ်ရွှေဂူဘုရား ဂေါပကအဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီမှ ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရပြီး ရာစုမွန်အသင်း၊ IC အသင်း၊ KPG အသင်း၊ မြန်မာအလံအသင်း၊ ရွှေစကားဝါ(၁) အသင်း၊ ရွှေစကားဝါ(၂)အသင်း၊ ဇော်ကနီအသင်းနှင့် ထူးအသင်းဟူ၍ ပြိုင်ပွဲဝင်အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများကို တစ်ရက်တည်း အပြီးကျင်းပပြီး ဆုချီးမြှင့်ပွဲကိုပါ ကျင်းပခဲ့ကြောင်းနှင့် ဆုကြေးငွေများအဖြစ် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်း နှစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းနှင့် စတုတ္ထဆုအဖြစ် ကျပ်သုံးသောင်း ချီးမြှင့်ခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဗုဒ္ဓပူဇနီယ ပွဲတော်ကြီး စည်ကားသိုက်မြိုက်စေရေးနှင့် လူငယ်များ အားကစားစိတ်ဓာတ် ပိုမိုထက်သန်ပြီး အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီ ၆ ရက်တွင် ချောတိုင်တက်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း မြတ်ရွှေဂူဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်ရှိ မြတ်ရွှေဂူဘုရားကြီးကို အင်းဝဘိုးတော်ဘုရား နန်းတက်ပြီး ငါးနှစ်မြောက်တွင် ဝက်မစွတ်မင်းကြီး ဆွေတော်မျိုးတော်ဖြစ်သော မူလဘုရားဒါယကာ မြို့မင်းကြီး မဟာသီရိသီဟဗိုလ်သည် မိမိပိုင်ပစ္စည်းများကို ထုခွဲပြီး မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး နှစ်စဉ်ဘုရားပွဲကို နတ်တော်လပြည့်ကျော် ၈ ရက်မှ ပြာသိုလဆန်း ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ရေရှည်တည်တံ့သော၊ ထုတ်လုပ်နိုင်စွမ်းသော စိုက်ပျိုးရေးဂေဟဗေဒ အပိုင်း(၁)

ဒေါက်တာမောင်မောင်တာ

ကမ္ဘာကြီးသည် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေး၊ စွမ်းအင်အရေး၊ ဂေဟဗေဒဆိုင်ရာအရေး အစရှိသော အကျပ်အတည်းများစွာနှင့် ရင်ဆိုင်နေရသည်။ ရာသီဥတုပြောင်းလဲခြင်းသည် ဂေဟဗေဒဆိုင်ရာ အကျပ်အတည်း၏ ပြယုဂ်တစ်ခုဖြစ်သည်။ ဖော်ပြပါ အကျပ်အတည်းများသည် အလိုအလျောက် ပေါ်ပေါက်ခဲ့ခြင်းမဟုတ်ဘဲ လူများ၊ သဘာဝနှင့် ကမ္ဘာကြီးကို အန္တရာယ်ဖြစ်စေရန် စီးပွားရေးဖွံ့ဖြိုးမှုကို ထောက်ကူအားပေးခဲ့သည့် အရင်းအားပြုသောစနစ်၏ လွှမ်းမိုးစွမ်းဆောင်နိုင်မှုရလဒ်များကြောင့် ဖြစ်ပေါ် ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အလားတူ ချဉ်းကပ်မှုများဖြင့် ဆက်လက် မလုပ်ဆောင်နိုင်တော့ပေ။ သဘာဝသည် ၎င်း၏ ကိုယ်ပိုင်အမှတ်လက္ခဏာနှင့် အကန့်အသတ်များရှိရာ ၎င်းတို့ ချိုးဖောက်ခံရပါက ကမ္ဘာကြီးတစ်ခုလုံး ခြိမ်းခြောက်ခံရမည်ဖြစ်ပါသည်။

တိုးတက်ဖွံ့ဖြိုးမှု အမျိုးအစားများတွင် ကွဲပြားခြားနားသည့် တိုင်းတာမှုများနှင့် ကွဲပြားသည့် ပုံစံများစွာရှိသည်။ ဥပမာ-လူဦးရေနှင့် ၎င်းနှင့်ပတ်သက်သည့် စားသုံးမှု။ သို့သော် ရှင်းလင်းစွာ သိထားရန်မှာ လူဦးရေအားလုံး၏ စားသုံးမှုပုံစံမှာ မတူညီခြင်းဖြစ်သည်။ ဥပမာအနေဖြင့် လူဦးရေ၏ ၁ ရာခိုင်နှုန်းသည် ၈၀ ရာခိုင်နှုန်းရှိသော ကြွယ်ဝချမ်းသာမှုကို ထိန်းချုပ်ထားလျှင် လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ကျန်ရှိသော ကြွယ်ဝချမ်းသာမှု ၂၀ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်မည် ဖြစ်သည်။ အလားတူစွာ ရာသီဥတုပြောင်းလဲမှုရှုထောင့်မှ ကြည့်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုဖြစ်သည်။ အမေရိကန် သို့မဟုတ် ဥရောပရှိ လူတစ်ဦးသည် အာရှ သို့မဟုတ် အာဖရိကရှိ လူတစ်ဦးထက် CO_2 ထုတ်လွှတ်မှုအတွက် အဆ ၂၀ တာဝန်ပိုရှိသည်။

စက်မှုအခြေခံသီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်း

စိုက်ပျိုးရေးသည် သဘာဝ၏ ရိုးစင်းမှုကို ပုံဖော်နိုင်သလို တီထွင်ဆန်းသစ်မှုများနှင့်လည်း တန်ဆာဆင်နိုင်သည်။ သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းသည် သမားရိုးကျ စိုက်ပျိုးခြင်း သို့မဟုတ် အော်ဂဲနစ်စိုက်ပျိုးခြင်းလည်း ဖြစ်နိုင်သည်။ သဘာဝ သစ်တောတစ်ခင်းတွင်မူ ဇီဝသက်ရှိများသည် တစ်ဦးချင်းထိန်းညှိသောစနစ်ဖြင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းနေသောပုံစံကြောင့် အပြင်မှ ဝင်ရောက်လုပ်ကိုင်ပေးရန် မလိုအပ်ပေ။

ကံအကြောင်းမလှစွာ ကမ္ဘာ့စိုက်ပျိုးမြေ ၁ ဒသမ ၅ ဘီလီယံဟက်တာ၏ ၉၀ ရာခိုင်နှုန်းသည် စက်မှုအခြေခံသီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းဖြင့် လွှမ်းမိုးနေပြီး ၎င်းတို့သည် ပြင်ပသွင်းအားစုများနှင့် စွမ်းအင်ကို မြင့်မားစွာ မှီခိုနေရသည်။ ကမ္ဘာကြီးသည် သီးနှံ ၁၂ မျိုးနှင့် ဟင်းသီးဟင်းရွက်မျိုးစိတ် ၂၃ မျိုးအပေါ်တွင် ကြီးမားစွာ မှီခိုနေရသည်။ သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းသည် ရောဂါပိုးများနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် အလွယ်တကူ ထိခိုက်ပျက်စီးနိုင်သည်။ ဥပမာအားဖြင့် အိုင်ယာလန်နှင့် အိန္ဒိယတို့တွင် ဗီဇတူညီသောမျိုးများကို စိုက်ပျိုးခဲ့ရာ ဆုံးရှုံးမှုများစွာဖြစ်သည့်အတွက် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းသည် ကြီးမားသော ဝေါ်မွတ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း သမိုင်းသက်သေများ ရှိပြီးဖြစ်ပါသည်။

၁၉၆၀ နှစ်များတွင် အဆင့်မြင့်သော စက်မှုအခြေခံ စိုက်ပျိုးရေးနည်းပညာများသည် မြစိမ်းရောင်တော်လှန်ရေးနှင့်အတူ ထွက်ပေါ်လာခဲ့သည်။ မြောက်ပိုင်းအဖွဲ့များသည် သမပိုင်းဒေသ ပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနစင်တာများကို တည်ထောင်ခဲ့ပြီး အပူပိုင်းဒေသရှိ တောင်သူများကို စိုက်ပျိုးရေးနည်းပညာများကို သင်ကြားပေးခဲ့သည်။ သက်ဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းတွင် ပုံစံဝင်သည့် စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများအတွက် ငွေကြေးထောက်ပံ့ခဲ့ပြီး ဒေသမျိုးပြားများ ပျက်သုဉ်းစေမည့် အထွက်နှုန်းမြင့်မားသောမျိုးပြားများ ဟုခေါ်သည့် ပုံစံတူမျိုးများကို စိုက်ပျိုးရန် တိုက်တွန်းအားပေးခဲ့သည်။

မြစိမ်းရောင်တော်လှန်ရေး

မြစိမ်းရောင်တော်လှန်ရေးကို ပထမဆုံး မက္ကဆီကိုနိုင်ငံတွင် ဆောင်ရွက်ခဲ့ပြီး အိန္ဒိယနှင့် အခြားဒေသများသို့ ပျံ့နှံ့သွားခဲ့သည်။ ၎င်းနည်းပညာသည် စိုက်ပျိုးသည့် ဧရိယာ အနည်း၊ အများပေါ်တွင် မူမတည်သော်လည်း ကြီးမားသောဧရိယာ ပိုင်ဆိုင်သော တောင်သူများအတွက် ပိုမိုအခွင့်အရေးရစေသည်။ ယနေ့ကမ္ဘာကြီးတွင် ယင်းမော်ဒယ်သည် ယခုအထိ လွှမ်းမိုးကြီးစိုးနေသည်။ သို့သော်လည်း ဗီဇမျိုးကွဲများ၏ ပျောက်ဆုံးမှုမှာ မြောက်မြားစွာ ဖြစ်ပေါ်နေသည်။ စက်မှုအခြေခံ စိုက်ပျိုးရေးသည် သဘာဝစနစ်များ၊ မျိုးစုံလင် စိုက်ပျိုးမွေးမြူသောစနစ်များနေရာတွင် အစားထိုးဝင်ရောက်ခဲ့သည်။

သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းသည် ယာယီအားဖြင့် စီးပွားရေးအကျိုးအမြတ်ရရှိနိုင်သော်လည်း ရေရှည်တွင် ဂေဟဗေဒဆိုင်ရာ အသင့်တော်ဆုံးနည်းစနစ်များအဖြစ် ကိုယ်စားမပြုနိုင်ပေ။ အဓိကအရေးကြီး သီးနှံအများစုသည် ဗီဇအရ တူညီကြသဖြင့် ပိုးရောဂါနှင့် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်မရှိပေ။ ပိုးသတ်ဆေးအသုံးပြုမှုကို ပိုမိုမြှင့်တင်ကြရသည်။ ပိုးနှင့် ပေါင်းများသည် ခံနိုင်ရည်ရှိမှုစွမ်းရည် တိုးလာကြသဖြင့် ဓာတုပိုးသတ်ဆေးများသည် အမှန်တကယ် မထိရောက်တော့ချေ။ ထိုအခါ ပိုးသတ်ဆေးသစ်ကို အသုံးပြုရန်နှင့် ဆေးဖျန်းသည့်အကြိမ်အရေအတွက်တိုးရန် လိုအပ်လာသည်။ ထို့အပြင် ဓာတုနည်းဖြင့်ထုတ်လုပ်ထားသော မြေသြဇာများကို အသုံးပြုခြင်းဖြင့် အမြင့်မားဆုံးသောအထွက်နှုန်းကို ရရှိပြီးနောက် အထွက်နှုန်းများ လျော့ကျလာခြင်းကြောင့် အချိုးကျအမြတ်ကိုမရရှိနိုင်သောဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့သည်။

မြစိမ်းရောင်တော်လှန်ရေးသည် အယူအဆသုံးခုအပေါ်တွင် အခြေခံသည်။

(၁) စွမ်းအင်သည် အမြဲတမ်းပေါကြွယ်ဝပြီး ဈေးနှုန်းချိုသာမည်၊
(၂) ရာသီဥတုတည်ငြိမ်ပြီး ပြောင်းလဲမှုမရှိဖြစ်မည် နှင့်
(၃) ရေသည် အမြဲတမ်းလွယ်ကူစွာ ရရှိနိုင်မည်ဟူ၍ ဖြစ်သည်။

အဆိုပါ အယူအဆအများမှာ ယနေ့တွင် ခိုင်မာမှုမရှိတော့ပေ။

စက်မှုအခြေခံ စိုက်ပျိုးမွေးမြူရေးခြံများနှင့် စက်မှုအခြေခံ စိုက်ပျိုးရေးသည် ရာသီဥတုပြောင်းလဲမှုကို အဓိကမောင်းနှင်သူများဖြစ်ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု၏ ၁၇- ၃၂ ရာခိုင်နှုန်း ထုတ်လွှတ်ကာ မြေကြီး၏ ကာဗွန်ဆုံးရှုံးမှုကို ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုင်ထရပ်အောက်ဆိုက် ပုံစံဖြင့် အမြင့်မားဆုံး ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးကို များစွာ သက်ရောက်မှုရှိစေသည်။ ၎င်းတို့တွင် ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် အထွက်နှုန်းနိမ့်ကျခြင်းများ ပါဝင်သည်။ ၂၀၁၂ ခုနှစ်တွင် US အနောက်အလယ်ပိုင်း၌ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု ဖြစ်ပွားခဲ့ရာ တောင်သူများသည် ၎င်းတို့စိုက်ပျိုးထားသော ပြောင်းနှင့် ပဲပုပ်သီးနှံများ၏ ၃၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးကြရသည်။ ထို့ကြောင့် စက်မှုအခြေခံသီးနှံ တစ်မျိုးတည်းကို စိုက်ပျိုးခြင်းစနစ်သည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်မရှိဘဲ ထိခိုက်ပျက်စီးလွယ်သည်။

စက်မှုအခြေခံစိုက်ပျိုးရေး၏ ပြဿနာများ

ကမ္ဘာတစ်ဝန်းတွင် စိုက်ပျိုးရေး၏ မြေယာအသုံးပြုမှုသည် ၁၂ ရာခိုင်နှုန်းခန့်ရှိသော်လည်း ရေအသုံးပြုမှုတွင် ၇၀ ရာခိုင်နှုန်း ရှိသည်။ လက်ရှိ ရေအသုံးပြုမှုပုံစံအတိုင်းဆိုလျှင် လုံလောက်သောရေပမာဏကို မထိန်းသိမ်းထားနိုင်တော့ပေ။ ဥပမာအားဖြင့် အမဲသားထုတ်လုပ်မှုလုပ်ငန်းတွင် အမဲသား ၁ ကီလိုဂရမ်ရရန် ရေပမာဏ ၁၅၀၀၀ လီတာ အသုံးပြုရပြီး ကောက်ပဲသီးနှံတွင် ၁ ကီလိုဂရမ်လျှင် ရေ ၁၅၀၀ လီတာနှင့် သစ်သီးများအတွက် ၁ ကီလိုဂရမ်လျှင် ရေ ၁၀၀၀ လီတာကို အသုံးပြုရသည်။

စက်မှုအခြေခံစိုက်ပျိုးရေးသည် ကမ္ဘာကြီးကို မကျွေးမွေးနိုင်ပေ။ စိုက်ပျိုးရေးသည် ကျွန်ုပ်တို့စားသုံးသော စားနပ်ရိက္ခာ၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ရန် စိုက်ပျိုးမြေ ၇၀-၈၀ ရာခိုင်နှုန်း၊ ရေ ၇၀ ရာခိုင်နှုန်းနှင့် မြေမှ ထုတ်ယူရရှိသည့် သဘာဝလောင်စာ

သြဂဲနစ် သီးနှံစိုက်ခင်း

၈၀ ရာခိုင်နှုန်းကို အသုံးပြုရသည်။ စက်မှုအခြေခံစိုက်ပျိုးရေးသည် အမှန်တကယ်အားဖြင့် စားနပ်ရိက္ခာထက် ဇီဝလောင်စာနှင့် တိရစ္ဆာန်အစာများကို ပိုမိုထုတ်လုပ်သည်။ ထိုအချိန်တွင် ကမ္ဘာ့ ဆာလောင်မွတ်သိပ်မှုမှာလည်း မြင့်တက်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် အစားအစာ ကောင်းကောင်း မစားနိုင်ကြပေ။ လူဦးရေ ၃ ဒသမ ၄ ဘီလီယံသည် ဆာလောင်မှု၊ အာဟာရချို့တဲ့မှုနှင့် အဝလွန်မှုတို့ကို ခံစားနေရသည်။ စက်မှုစိုက်ပျိုး ထုတ်လုပ်မှု ကွင်းဆက်များအတွင်း ထုတ်လုပ်သော စားနပ်ရိက္ခာ၏ ၃၃-၄၀ ရာခိုင်နှုန်းခန့်သည် ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးတို့တွင် လေလွင့်ဆုံးရှုံးသည် သို့မဟုတ် စွန့်ပစ်ကြသည်။ ကမ္ဘာ့ကောက်ပဲသီးနှံထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။

ထို့ကြောင့် ဆာလောင်မှုသည် ထုတ်လုပ်မှုနှင့် ဆက်နွှယ်မှုနည်းပါးပြီး ဆင်းရဲမှု၊ မညီမျှမှုတို့နှင့် ပို၍ ပတ်သက်မှုရှိသည်။ သို့သော်လည်း ဆာလောင်မှု၏ အဓိကအကြောင်းအရင်းမှာ နိုင်ငံစုံ ကော်ပိုရေးရှင်း အုပ်စုတစ်ခုက စားနပ်ရိက္ခာစနစ်တစ်ခုလုံးကို ထိန်းချုပ်ထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်က ဈေးနှုန်းအတက်အကျတွင် အမြတ်အစွန်းရရန် မျှော်လင့်၍ ရောင်းဝယ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းဈေးနှုန်း လွန်စွာမြင့်မားခဲ့ရာ လူထုမှဝယ်ယူရန် မတတ်နိုင်မှုများ ဖြစ်ခဲ့သည်။ ထို့ကြောင့် ထိပ်တန်းကော်ပိုရေးရှင်းများသည် ထိုအချိန်၌ စံချိန်တင် အမြတ်အစွန်းများ ရရှိခဲ့ကြသည်။ စားသောက်ကုန်ထုတ် အင်ပါယာများသည် အစားအစာ၏ အရည်အသွေးနှင့် အရေအတွက်ကို သတ်မှတ်သည့်အတိုင်း ထုတ်လုပ်ရန်၊ နည်းပညာများကို အသုံးပြုရန်နှင့် ဈေးနှုန်းများသတ်မှတ်ရန်တို့တွင် ထိန်းချုပ်ထားသည်။ ယခု ကမ္ဘာ့ စားနပ်ရိက္ခာစနစ်တွင် စားသုံးသူနှင့် ထုတ်လုပ်သူများသည် သားကောင်များ ဖြစ်ကြသည်။ ၂၀၃၀ ခုနှစ်တွင် စားနပ်ရိက္ခာထုတ်လုပ်မှု နှစ်ဆတိုးရန် ရည်ရွယ်လျက်ရှိသည်။ ထို့ကြောင့် နည်းပညာသစ်တစ်မျိုးဖြစ်သည့် ဗီဇပြုပြင်ပြီးသီးနှံများ(GM/GE)ကို အရောင်းမြှင့်တင်လျက် ရှိသည်။

ဤတွင် အရေးကြီးသည့် သတိပြုရန်အချက်မှာ စားသောက်ကုန်ထုတ် အင်ပါယာများသည် အခြားစက်မှုလုပ်ငန်းများနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိခြင်းဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ၏ အစုအဝေးအဖြစ် မော်တော်ကားနှင့် စက်သုံးဆီကုမ္ပဏီများ အနီးကပ်ပါဝင်နေသည်။ ထို့ကြောင့် ဇီဝစွမ်းအင်များထုတ်ရန် တာစူလျက်ရှိသည်။ ကမ္ဘာ့စွမ်းအင်၏ ၅၀ ရာခိုင်နှုန်းကို နိုင်ငံ ၁၇ နိုင်ငံက အသုံးပြုနေစဉ် ကျန် ၁၇၅ နိုင်ငံက ကျန်တစ်ဝက်ကိုသာ အသုံးပြုနေရသည်။ ဇီဝလောင်စာအတွက် သီးနှံစိုက်ပျိုးမြေ၏ ၂ ရာခိုင်နှုန်း (၂၅ မီလီယံခန့်)ကို အသုံးပြုလျက်ရှိသည်။ ဇီဝလောင်စာ ထုတ်လုပ်ရန်အတွက် တောင်အမေရိက၊ အာဖရိကနှင့် အာရှဒေသများမှ စိုက်ပျိုးမြေများကို အသုံးပြုလျက်ရှိသည်။ မှတ်တမ်းများအရ စိုက်ပျိုးမြေ မတရားသိမ်းပိုက်မှုများသည် အတားအဆီးမရှိဖြစ်နေသည်။ ၂၀၁၀ ခုနှစ်တွင် ၁၄၀ မီလီယံကေရှိ စိုက်ပျိုးမြေများ မတရားအသိမ်းခံခဲ့ရပြီး အာဖရိက sub-saharan ဒေသတွင် ၇၅ ရာခိုင်နှုန်းခန့်ရှိသည်။ စိုက်ပျိုးမြေမတရားသိမ်းယူမှုနှင့် ဆိုးရွားသော ဆာလောင်ငတ်မွတ်မှုတို့သည် တိုက်ရိုက် ဆက်စပ်လျက်ရှိသည်။

ဇီဝ လောင်စာများသည် GE သီးနှံနှင့် ဆက်စပ်လျက်ရှိသည်။ GE သီးနှံများကို ၁၈၀ မီလီယံဟက်တာထက် ပိုမိုစွာ စိုက်ပျိုးလျက်ရှိသည်။ GE သီးနှံများတွင် ထိပ်ဆုံးရောက် သီးနှံ လေးမျိုးမှာ ပဲပုပ် (၆၅ ရာခိုင်နှုန်း)နှင့် ပြောင်း၊ ဝါနှင့် ကနိုလာသီးနှံတို့ ဖြစ်သည်။ ၎င်းသီးနှံများကို ဇီဝလောင်စာ၊ တိရစ္ဆာန်အစာ သို့မဟုတ် ငွေပေါ်သီးနှံများအဖြစ် ကျယ်ပြန့်စွာ ဦးတည်စိုက်ပျိုးကြသည်။ ကုမ္ပဏီများက GE သီးနှံများသည် ဆာလောင်မှုအတွက် လိုအပ်သည်ဟု ပြောဆိုသော်လည်း လက်တွေ့တွင် ထိုသို့ဖြစ်ကြောင်း အထောက်အထား မတွေ့ရပေ။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုလည်း မဖြေရှင်းနိုင်ပေ။ အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဘရာဇီးတို့တွင် ပေါင်းသတ်ဆေးဒဏ် ခံနိုင်ရည်ရှိသည့် GE ပဲပုပ်သီးနှံကို စိုက်ပျိုးခဲ့ရာ ဂလိုင်ဖိုဆိတ်ကဲ့သို့ ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသော ပေါင်းပင်များ ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ ပို၍ အဆိပ်ပြင်းသော ပေါင်းသတ်ဆေးများကို အသုံးပြုနေရပြီဖြစ်သည်။

Golden Rice ဟုခေါ်သော ဗီဇပြုပြင်ပြီးသီးနှံတစ်မျိုးဖြစ်သည့် စပါးသီးနှံမျိုးပြားသည် ဗီတာမင်အေ ဖြည့်စွက်ထားပြီး ဗီတာမင်အေချို့တဲ့မှုအတွက် ဖြည့်စွက်နိုင်ကြောင်း ရောင်းအားမြှင့်လျက် ရှိသည်။ အဆိုပါ ဗီတာမင်အေချို့တဲ့မှု၏ အကြောင်းအရာများအနက်မှ တစ်ခုမှာ ကျေးလက်ဒေသရေိယာများတွင် ဇီဝမျိုးစုံ မျိုးကွဲများ ပျက်သုဉ်းမှုများပြီး ယခင်ကရရှိခဲ့သည့် 'အာဟာရမျှတသော စားသောက်စုံမှုပုံစံ' ပျက်စီးသွားခြင်းကြောင့် ဖြစ်သည်။ Golden Rice ထက် အရွက်စား ဟင်းသီးဟင်းရွက်များ၊ ပီလောပီနံ၊ သရက်နှင့် အခြားသစ်သီးများသည် ဗီတာမင် ပိုမို ပါဝင်ကြသည်။ ထို့ပြင် တောင်သူများသည် စပါးကို စိုက်ပျိုးရာတွင် ဘဲ၊ ငါးစသည့် အခြားလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ပါက ဗီတာမင်အေနှင့် အခြားအာဟာရဓာတ်များစွာ လုံလောက်စွာရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စိုက်ပျိုးရေးဆိုင်ရာ ဗီဇကွဲမှုများကို ပြန်လည်စုစည်းရန် လိုအပ်လျက်ရှိသည်။ အပင်ဗီဇကွဲများသာမက မီးဖိုချောင်သုံးသီးနှံ ဗီဇကွဲများနှင့် ဆေးဖက်ဝင် ဗီဇကွဲများလည်း ပါဝင်ရန် လိုအပ်သည်။

စိုက်ပျိုးရေးသည် ပြင်ပအခြေအနေများနှင့် ပတ်သက်မှု ရှိနေသည်။ ဥပမာ- ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာများ၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းများ၊ ရေညစ်ညမ်းမှုများ၊ ဇီဝမျိုးကွဲများ ဆုံးရှုံးနေမှုများ၊ မြေဆီဆုံးရှုံးမှုများ၊ ပြည်သူ့ကျန်းမာရေး သက်ရောက်မှုများနှင့် အခြား ပြင်ပအခြေအနေများကို ထည့်သွင်းရေတွက်ပါက လက်ရှိစားနပ်ရိက္ခာကုန်ကျစရိတ်သည် အမှန်တကယ် မြင့်မားလာမည်ဖြစ်သည်။

လာမည့် ဆယ်စုနှစ်များအတွက် စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှုမှာ စားနပ်ရိက္ခာ ထုတ်လုပ်မှုသည် စစ်မှန်စွာနှင့် ရေရှည်တည်တံ့စွာ တိုးတက်ထုတ်လုပ်နိုင်ရန် ဖြစ်သည်။ ထိုသို့ ထုတ်လုပ်ရာတွင် လက်ရှိစိုက်ပျိုးမြေ ဧရိယာပေါ်တွင် ရာသီဥတု ပြောင်းလဲမှု၊ လူမှုရေး မငြိမ်မသက်မှုနှင့် ငွေရေးကြေးရေးဖြစ်စဉ်များအတွင်း စွမ်းအင်သုံးစွဲမှု၊ ရေနှင့် နိုက်ထရိုဂျင်ကို အနည်းဆုံး အသုံးပြုခြင်းဖြင့် ထုတ်လုပ်ရမည်ဖြစ်သည်။

အနာဂတ် စိုက်ပျိုးရေးနည်းစနစ်

ကျွန်ုပ်တို့သည် စိုက်ပျိုးရေးဆိုင်ရာစနစ်များကို ပြန်လည်စဉ်းစားသင့်ပြီး ပြီးပြည့်စုံသော စံနမူနာစနစ်တစ်ခု လိုအပ်နေသည်။ အနာဂတ် စိုက်ပျိုးရေးနည်းစနစ်သည် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေမှုမှ လျှော့ချခြင်း၊ နှစ်လိုဖွယ် သဘာဝ ဖြစ်စေခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျော့ကျစေခြင်း၊ ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အခြား ထိတ်လန့်မှုများကို ပြန်လည်ကုစားနိုင်ခြင်းနှင့် ဒေသဆိုင်ရာ တီထွင်ဆန်းသစ်မှုများ အပါအဝင် ဒေသစားနပ်ရိက္ခာစနစ်များအတွက် အခြေခံကောင်းဖြစ်ခြင်းတို့ ဖြစ်ရမည်။

ကျွန်ုပ်တို့ရှာဖွေနေသောစနစ်သည် ထုတ်လုပ်မှုမြင့်မားခြင်းနှင့် စွမ်းရည်ရှိခြင်း၊ ပြန်လည်အသုံးပြုနိုင်စွမ်းမြင့်သည့် ဗီဇမျိုးကွဲများဖြစ်ခြင်း၊ ပြင်ပသွင်းအားစုများကို အသုံးပြုမှုနည်းပါးခြင်း၊ ခိုင်မာစေခြင်း၊ ဒေသအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုခြင်း၊ မြင့်မားသော စုပေါင်းလုပ်ဆောင်နိုင်ခြင်းတို့ ပါဝင်ရမည်။ နည်းစနစ်အသစ်များသည် စိုက်ပျိုးရေးဂေဟဗေဒ(agroecology)ကို အခြေခံရမည်။

Agroecology သည် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို ဂေဟဗေဒ သိပ္ပံပညာရပ်ဖြင့် ချဉ်းကပ်ခြင်းဖြစ်သည်။ Agroecology ဖြင့် ချဉ်းကပ်ရာတွင် အောက်ခြေမှအထက်သို့ ပုံစံဖြင့် တည်ဆောက်ရန်လိုအပ်ပြီး အထူးသဖြင့် ကျေးလက် ဒေသများတွင် လူမှုရေးလှုပ်ရှားမှု အသွင်များဖြင့် ဆောင်ရွက်ရန် လိုသည်။ ကျေးလက်နှင့် မြို့ပြလူ့အဖွဲ့အစည်းများအကြား မဟာမိတ်အဖွဲ့အစည်းများ တည်ထောင်ရန် လိုအပ်သည်။ Agroecology သည် လုပ်ကွက်ငယ် တောင်သူများ၊ မြေယာမဲ့ ပုဂ္ဂိုလ်များအတွက် မြေ၊ ရေ၊ မျိုးစေ့နှင့် အခြား စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုသော အရင်းအမြစ်များအား အထိရောက်ဆုံး အသုံးပြုနိုင်ရန်နှင့် စီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် တိုက်တွန်းအားပေးသည့် စားနပ်ရိက္ခာပြည့်စုံလုံလောက်ရေး နယ်ပယ်၏ အရေးကြီးသော မဏ္ဍိုင်တစ်ခုဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

"ကျွန်ုပ်တို့သည် စိုက်ပျိုးရေးဆိုင်ရာစနစ်များကို ပြန်လည်စဉ်းစားသင့်ပြီး ပြီးပြည့်စုံသော စံနမူနာစနစ်တစ်ခု လိုအပ်နေသည်။ အနာဂတ် စိုက်ပျိုးရေးနည်းစနစ်သည် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေမှုမှ လျှော့ချခြင်း၊ နှစ်လိုဖွယ်သဘာဝ ဖြစ်စေခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျော့ကျစေခြင်း၊ ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အခြားထိတ်လန့်မှုများကို ပြန်လည်ကုစားနိုင်ခြင်းနှင့် ဒေသဆိုင်ရာတီထွင်ဆန်းသစ်မှုများ အပါအဝင် ဒေသစားနပ်ရိက္ခာစနစ်များအတွက် အခြေခံကောင်းဖြစ်ခြင်းတို့ ဖြစ်ရမည်"

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၉ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် သမီးကြီးဖြစ်သူ **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာဃသီးနှံပွဲရုံ)အား **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ ဦးလှထွန်း-မေမေ ဒေါ်နန်းညွန့်တင်
စိုင်းဝဏ္ဏထွန်း-မဌေးအေးလွင်
နန်းကေဇာလှိုင်ထွန်း
နန်းသွယ်မီလှိုင်ထွန်း

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၉ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၉)ဖြင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာဃသီးနှံပွဲရုံ)အား **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့** ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိခင်ကြီး - သုဓမ္မသင်္ဂီဒေါ်စိန်
ချစ်ခင်ပွန်း - ဦးတင်ရွှေ (Shwe Myanmar Beverages Co.,Ltd)
ချစ်သားများ - စိုင်းအောင်သုတမင်း၊ စိုင်းလှိုင်ဘုန်းအောင်၊ စိုင်းအောင်ကောင်းမြတ်

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် **ဦးဝေလွင်** (ဝင်းသော်တာဖြိုးသကြားစက် / ဘောဂဝတီသီးနှံအခြောက်ခံစက်/Royal Top Co.,Ltd) အား **သီရိသုဓမ္မဇောတိကဓဇဘွဲ့** ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့် လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်မော်မော်သက်
ချစ်သား - မောင်ကောင်းမြတ်မင်း
ချစ်သမီးကြီး - မအိသဥ္ဇာလွင်
ချစ်သမီးငယ် - မအိနေခြည်လွင်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး **ဒေါ်စန်းစန်းရီ** (ဥက္ကဋ္ဌ၊ Super One Holdings Co., Ltd.)အား **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ကျောက်တံခါးမြို့နယ်သူ မြို့နယ်သားများနှင့်အတူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။ ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်တောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ရာဇသင်္ဂဟလမ်းနေ **ဦးကျော်ဇေယျ** (Managing Director-Diamond Wall Construction Co.,Ltd) ဗသက(၈၉) အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့မင်္ဂလာအချိန်အခါသမယတွင် **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာ အကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗသက(၈၉)၊ စည်သူတပ်ခွဲ
အရာရှိများနှင့်မိသားစုများ

ပျောက်ဆုံးကြောင်း

ကျွန်မ မမာမာအောင် ၁၂/ကမရ(နိုင်)၀၁၃၅၂၃၏ နိုင်ငံကူးလက်မှတ်အမှတ်MA -030600 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၁၃၉၇၉၉၄**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/1962၊ Toyota Townace CM85 P/U(4× 2) (ကမ-၃)အမည်ပေါက်သူ ဦးမင်းသိန်းညွန့် ၃/ကကရ(နိုင်)၀၁၆၅၅၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် **သူရဲကောင်းမှတ်တမ်းဝင်၊ ခိုလုံလီရှော ဥက္ကဋ္ဌနှင့်(၂၁)ရာစု ပင်လုံညီလာခံ ကိုယ်စားလှယ် ဦးကျော်မြင့်၏ဇနီး ဒေါ်ဝင်းမြင့် မန်နေဂျင်းဒါရိုက်တာ (Royal Pansay Co.,Ltd)အား** (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယတွင် **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

ချစ်ခင်ပွန်း-ဦးကျော်မြင့်

သူရဲကောင်းမှတ်တမ်းဝင်၊ ခိုလုံလီရှောတိုင်းရင်းသားဥက္ကဋ္ဌနှင့်

(၂၁)ရာစု ပင်လုံညီလာခံကိုယ်စားလှယ်

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် **ဦးကျော်မြင့် (သူရဲကောင်းမှတ်တမ်းဝင်၊ ခိုလုံလီရှော တိုင်းရင်းသားဥက္ကဋ္ဌနှင့် ပင်လုံညီလာခံကိုယ်စားလှယ်) ဇနီး ဒေါ်ဝင်းမြင့် (မန်နေဂျင်းဒါရိုက်တာ၊ Royal Pansay Co.,Ltd)အား သီရိသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်တော်ကို ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

ချစ်ညီမ - ဒေါ်သိင်္ဂီမြင့်(HOT POT KING)-ဦးဇော်ကိုကိုဦး LL.B (Law) (Lucky Hotel Mandalay)

ချစ်တူမ - မြတ်နိုးဦး(ခ)Waddy Li (Grade-6, AIS,mdy)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
၁	၁၀၀/မမ/CE	Neoprene Bearing Pad (248-Nos) ဝယ်ယူရန်
၂	၁၀၁/မမ/CE	FFU Synthetic Sleeper (6949-Nos) ဝယ်ယူရန်
၃	၁၀၂/မမ/CE	**တိုင်းအမှတ်(၄)ကလော** သာစည်-ရွှေညောင်လမ်းပိုင်းရှိ အောင်ပန်း-ကမ်းနားကြား မိုင်(၃၈၀/၄-၅)ရှိ တံတားအမှတ် (၃၀၅) (3 x20'-0") ခန်းဖွင့်တံတား၏ ရေလည်တိုင်အမှတ်(၁) နှင့် ကမ်းကပ်ခုံအမှတ်(၂)တို့ကို ဖြိုဖျက်၍ အသစ်တည်ဆောက်ခြင်းလုပ်ငန်း
၄	၁၀၃/မမ/CE	**တိုင်းအမှတ်(၇)ရန်ကုန်** မလွှကုန်းယာဒ်ဝင်း Pit Line စစ်ဆေးရေးကျင်း (၉)လမ်း အကြီးစားပြုပြင်ခြင်း (၁၂၀၀-ပေ)
၅	၁၀၄/မမ/CE	ရန်ကုန်-ပြည်လမ်းပိုင်း၊ သနပ်ချောင်းဘူတာနှင့် ဖလုံဘူတာကြား မိုင်(၄၉/၁၉-၂၀)ရှိ တံတားအမှတ် (၁၃၈)လက်ရှိ 20'-0" Span Girder အစား 40'-0" Span Steel Girder ပြောင်းလဲတပ်ဆင်ခြင်းနှင့် ရန်ကုန်ဘက်ခြမ်း Abutment ပြုပြင်တည်ဆောက်ခြင်း
၆	၁၀၅/မမ/CE	**ရန်ကုန်ဘူတာကြီး (Development)** ရန်ကုန်ဘူတာကြီး လက်မှတ်တန်းစီ နေရာတွင် အဆင်ပြေစေရေး အတွက် စတီးလက်ရမ်း များ တပ်ဆင်ပေးခြင်းလုပ်ငန်း

တင်ဒါပိတ်မည့် နေ့/အချိန် -အမှတ်စဉ် (၁) (၂၂.၁.၂၀၁၉)(အင်္ဂါနေ့)(၁၄:၃၀)နာရီ
-အမှတ်စဉ် (၂)မှ (၆) (၇.၂.၂၀၁၉)(ကြာသပတေးနေ့)(၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၇.၁.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

နှစ်သစ်မင်္ဂလာ
အထူးလျှော့ဈေးဖြင့်
ရောင်းချပေးမည်။
ကနောင်မင်းသားကြီးလမ်း၊
လှိုင်သာယာ။
09-973262929
09-5011446

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ် အင်္ဂလိပ်စာဘာသာ ရပ်နောက်ဆုံးနှစ်မှ မအေးငြိမ်းချမ်းမြေ့သူ (၄အ-၄၁)၏ ဖခင် ဦးဇော်ထက်နှင့် ဦးဇော်ထက်ဦး ၁၃/နမတ(နိုင်)၀၀၀၃၅၅ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျောက်မဲမြို့၊ ရပ်ကွက် (၂)၊ နယ်မြေ (၁၂)နေ နန်းခင်ခင်သိန်း ၁၃/ကမန(နိုင်) ၁၃၃၃၁၂၏ ဖခင်အမည်မှန်မှာ ဦးအိုက်ညွန့်(ခ)ဦးရှီလိ ၁၃/ကမန(နိုင်)၀၄၉၄၀၇ ဖြစ်ပါကြောင်း။

ဦးအိုက်ညွန့်(ခ)ဦးရှီလိ

ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အမက (၆)၊ ဆဌမတန်း(A) မှ မောင်ထူးဒီလင်းထက်၏ ဖခင်အမည်မှန်မှာ ရေဆာမ်လားလ် ၁၃/ကမန(နိုင်)၀၆၇၅၆၁ ဖြစ်ပါကြောင်း။

ရေဆာမ်လားလ်

မွေးသက္ကရာဇ်အမှန်

ကျောက်မဲမြို့၊ ပန်စံအုပ်စု၊ တုန်ခံကျေးရွာနေ ဦးအိုက်ကွယ်-ဒေါ်အေးကောင်းတို့၏သမီး နန်းမြဟန် ၁၃/ကမန(နိုင်) ၁၁၃၇၀၅၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၃-၁၉၉၂) ဖြစ်ပါကြောင်း။

နန်းမြဟန်

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8G/4787 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင့်ဦးလွင်)

ဒေါ်ကြူကြူအောင် (၁၂/သဃက(နိုင်)၁၂၅၂၉၅)၊ အမှတ်(၅/ခ)၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် မြေအတွင်း ၂၃ တိုက်သစ် ဆောက်လုပ်နေသူနှင့်အများအသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးလှဝင်း(၁၂/သဃက(နိုင်)၁၃၂၄၈၇)၊ အမှတ်(၅/က)၊ သီရိမာလာလမ်း (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းသိစေအပ်သည်မှာ

ကျွန်ုပ်၏အမှုသည်ဦးလှဝင်းနှင့် ဒေါ်ကြူကြူအောင်တို့သည် ခြံချင်းကပ်လျက်ရှိကြပြီး၊ ဒေါ်ကြူကြူအောင်မှ ၂၃တိုက်သစ်ဆောက်လုပ်လို၍ ဘယ်ညာမြေကွက်များကန့်ကွက်ရန်ရှိမရှိနှင့် စပ်လျဉ်းပြီးရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီး ယာ/အုံ ဌာနသို့ တင်ပြရန်ရှိသည့်အတွက် ခြံချင်းကပ်ဦးလှဝင်း၏မြေ ဒေါ်ကြူကြူအောင်၏ ခြံဝင်းအတွင်း ပါဝင်နေခြင်းအပေါ် မကန့်ကွက်ပါရန်နှင့် ဒေါ်ကြူကြူအောင်မှ ဆောက်လုပ်ခွင့်ကျပြီး အိမ်ဟောင်းဖျက်သည့်အချိန်တွင် ဦးလှဝင်း၏ အရောင်းအဝယ်စာချုပ်ပါမြေအနက်၊ ဒေါ်ကြူကြူအောင်၏မြေအတွင်း ပါဝင်နေသည့် မြေအားသေချာစွာ တိုင်းတာပြီး လက်ရောက်ပေးအပ်ပေးပါမည်ဟု သက်သေခံများရှေ့နှုတ်ကတိအကြိမ်ကြိမ်ပေးခဲ့၍ ယုံကြည်ပြီး ဒေါ်ကြူကြူအောင် အသင့်ရိုက်လာသည့် (၅-၆-၂၀၁၈)ရက်စွဲပါ "နှစ်ဦးသဘောတူညှိနှိုင်းဆောင်ရွက်ခြင်း" စာချုပ်တွင် မြေပြန်လည်ပေးအပ်ပြီးသကဲ့သို့ ဖော်ပြထားသည့်စာချုပ်အပေါ်၊ လက်မှတ်ရေးထိုးပေးခဲ့သလို၊ (ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ (၅-၆-၂၀၁၈)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေညှိနှိုင်းမှုမှတ်တမ်း"တွင်လည်း လက်မှတ်ရေးထိုးပေးခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ ဒေါ်ကြူကြူအောင်သည် ကျွန်ုပ်အမှုသည် (ဟဂျ်)သွားနေစဉ် အိမ်ဟောင်းအားဖျက်ပြီး ၂၃ တိုက်သစ်အားအခိုင်အမာ ဆောက်လုပ်နေ၍ကျွန်ုပ်အမှုသည်မှ ၎င်း၏မြေပါဝင်နေမှုမပေးရသေးဘဲ ဆောက်နေခြင်းအား တားမြစ်ပြီးမြေပါဝင်နေမှုစာချုပ်ပါနှင့် နှုတ်ကတိများပါအတိုင်းပေးပါရန် ပြောကြားသော်လည်းယနေ့အထိ တိုင်းတာပေးအပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်အမှုသည်၏ပါဝင်နေသည့် မြေဘက်ကပ်၍ အခိုင်အမာတိုက်ဆောက်လုပ်နေမှုအား ရပ်ဆိုင်းပါရန်နှင့် ဤသတင်းစာပါပြီး(၃)ရက်အတွင်း ဒေါ်ကြူကြူအောင်မြေအတွင်း ပါဝင်နေသည့်ကျွန်ုပ်အမှုသည်၏ မြေအားသေချာစွာ တိုင်းတာကာ ညှိနှိုင်းစဉ်က ကတိများအတိုင်းလက်ရောက်ပေးအပ်စေလိုပါသည်။ ဒေါ်ကြူကြူအောင် အနေဖြင့် အထက်ဖော်ပြပါရက်စွဲအတိုင်း တောင်းဆိုမှုအား လိုက်နာဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက ကျွန်ုပ်အမှုသည်၏ မြေအား လှည့်ဖြားရယူနိုင်ရန်၊ လှည့်ဖြားစာချုပ်ချုပ်ဆိုရယူခြင်း လှည့်ဖြားစာချုပ်များရယူကာ ရန်ကုန်မြို့တော်စည်ပင်မှ ခွင့်ပြုမိန့်ကျအောင်ဆောင်ရွက်ခြင်း၊ ကျွန်ုပ်အမှုသည်ပိုင်ဆိုင်သည့် မြေအကျယ်အပေါ်ပြန်လည်ပေးအပ်ပါမည်ဟု ဆိုသည့်ကတိအား ဖေါက်ဖျက်ကာကျူးကျော်တိုက်သစ် ဆောက်လုပ်နေခြင်းများအပေါ် သက်ဆိုင်ရာ၊ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းအား ဒေါ်ကြူကြူအောင်နှင့် အများအားသိစေရန် ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ချက်အရ
ဒေါ်မြမြလွင်
(တရားလွှတ်တော်ရှေ့နေ)
အမှတ် - ၃၅၈၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)။ ဖုန်း-၀၉-၅၀၅၀၂၀၃

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးနန္ဒာ မိုးကုတ်မြို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် မိုးကုတ်မြို့ မြို့မရပ်နေ သုဓမ္မသိင်္ဂီ ဒေါ်ကာလာဝတီ(ခ) ဒေါ်စန်းစန်း၏ခင်ပွန်း **ဦးနန္ဒာ** (မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီအဖွဲ့ဥက္ကဋ္ဌ)(MD-နန္ဒာအောင်မိုးကုတ်ဂျမ်စ်ကုမ္ပဏီ)အား " **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** " ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

သားသမက် - ဦးပါရာကပ်စ်(ခ)အောင်ဇော်ဝင်း
သမီး - ဒေါ်လက်ချ်မီး(ခ)သက်သက်
မြေး - မောင်ရီဝပ်စ်(ခ)မျိုးသက်ခိုင်-မဒူရ်ဂါ
မြစ် - နိမ်ကူမာရ်

အထူးလိုက်လှဲစွာ
ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ နတ်တော်လပြည့်ကျော်(၁၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ **ဒေါ်ခင်ငြိမ်းဦး (ခ) ဒေါ်စန်းအား သီဟသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Myanmar Naing Group Co., Ltd.
Ngwe Tagun Services Co., Ltd.

ပျောက်ဆုံးကြောင်း

လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာနေ မနန်းဆိုင်ထွေး ၁၃/လရန(နိုင်) ၁၃၆၆၅၅၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၃၁၀၇၇၅၉

မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

လားရှိုးမြို့၊ မူလွန် (၂၇)ကျောင်း ပဉ္စမတန်းမှ မောင်ထိန်နန်နော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၂၀၀၇ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးလဗျန်နော်ဂျာနှင့် ဒေါ်မာတောမ် ဖြစ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(ကုန်လုပ်ငန်းဌာန)

(၁၇)ကြိမ်မြောက် ဝန်ထမ်းဟောင်းများတွေ့ဆုံ ဆွမ်းကပ်လှူဒါန်းပွဲကို ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ ဆိပ်ကမ်းလုပ်သားများဓမ္မာရုံ၌ ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်၊ တရားတော်နာယူပြီး နံနက် ၈ နာရီတွင် ကျွေးမွေးဧည့်ခံမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဆောင်ဝန်ထမ်းဟောင်းများ

မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အမက (မူလွန်) အင်းပိုင်းကျောင်း သတ္တမတန်းမှ မစုငွေလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ကွန်လှ ၁၀/ပမန(နိုင်)၂၂၁၆၃၄ ဖြစ်ပါသည်။

ဒေါ်ကွန်လှ

တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်၊ ဆံတိုက်ပိုင်းနေ နန်းလဲ့လဲ့လင်း၏ ဖခင် ဦးစိန်အောင်ကြည် ၁၀/ပမန(နိုင်) ၀၀၁၉၇၈ နှင့် ဦးစိန်ကြီးအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်စမ်းလဲ့ရီဝင်းနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဒေါ်အိသန္တာအောင် ၁၂/ဥကတ(နိုင်)၁၉၀၅၇၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဒေါ်အိသန္တာအောင်သည် Facebook စာမျက်နှာပေါ်တွင် Ei Thandar Aung Facebook Account ဖြင့် ဒေါ်စမ်းလဲ့ရီဝင်း (ဘ) ဦးဉာဏ်ဝင်း ၁၄/ဟသတ(နိုင်)၃၆၂၀၁၉ Facebook Account အမည် စမ်းစမ်းလဲ့ရီဝင်း၊ ပြည်တော်သာလမ်း၊ ကနောင်စုရပ်၊ ဟင်္သာတမြို့နှင့် စုမဲများ ရောင်း/ဝယ်ပြုလုပ်ခဲ့ကြပြီး ဒေါ်စမ်းလဲ့ရီဝင်းသည် ဒေါ်အိသန္တာအောင်အား ပေးရန်ရှိသည့်ငွေများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတော့ပါ။ ထို့ပြင် ၎င်းမှ ဒေါ်အိသန္တာအောင်၏ Facebook Account အား အသုံးပြုခွင့်ပေးပါရန်နှင့် ပေးရန်ရှိသည့်ငွေများကိုလည်း ပြန်လည်ပေးဆပ်ပါမည်ဟု ယုံကြည်အောင်ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ Facebook Account အား သုံးခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် မူလရရန်ရှိသည့်ငွေများကိုလည်း ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ ဒေါ်အိသန္တာအောင်၏ Facebook Account အား အလွဲသုံးစားပြု၍ ငွေများကို ထပ်မံလိမ်လည်ရယူသွားပြီး လုံးဝအဆက်အသွယ်မရတော့ကြောင်း ဒေါ်အိသန္တာအောင်၏ ပြောကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်စမ်းလဲ့ရီဝင်းနှင့် ဖြေရှင်းရန်ဆောင်ရွက်နေပါသဖြင့် ၎င်းနှင့်စုမဲများ ရောင်း/ဝယ် လုပ်ကိုင်ခဲ့ကြသော အဖွဲ့ဝင်များအနေဖြင့် သည်းခံစောင့်ဆိုင်းပေးပါရန်နှင့် ဒေါ်အိသန္တာအောင်အား Facebook လူမှုကွန်ရက်စာမျက်နှာတွင် လည်းကောင်း၊ ပြင်ပလူမှုပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် ပြုမူပြောဆိုဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်၊ အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အိသန္တာအောင်
၁၂/ဥကတ(နိုင်)၁၉၀၅၇၈

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇေဝင်းထွန်း
အထက်တန်းရှေ့နေ (စဉ်-၄၈၈၅၄)
အမှတ် (၁၈၉/၁၉၅)၊ ၁၀-လွှာ(အေ)၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၅၀၂၄၁၆၀၀

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ် လူနေရပ်ကွက်၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၅၀၈၃၊ ၅၀၈၄)၊ မြေကွက်တည်နေရာအမှတ် ဥ-၅၀၈၃၊ ၅၀၈၄၊ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့ရှိ TZTM ကုမ္ပဏီ အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေအား ဦးအင်စော့ဟုတ် ၁၂/လသန(ဧည့်) ၀၀၀၉၉၅ (ဘ)ဦးကျင်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ် လူနေရပ်ကွက်၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၅၀၈၁၊ ၅၀၈၂)၊ မြေကွက်တည်နေရာအမှတ် ဥ-၅၀၈၁၊ ၅၀၈၂ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့ရှိ TZTM ကုမ္ပဏီ အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေအား ဦးအင်စော့ဟုတ် ၁၂/လသန(ဧည့်) ၀၀၀၉၉၅ (ဘ)ဦးကျင်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ဘေးကင်းရန်ကွာ သက်ရှည်ကျန်းမာကြောင်း ကူညွှန်ပတ္တမြားရတု စတီးစေတီတော် ရွှေထီးတော်တင်ပွဲမင်္ဂလာ၊ ဓမ္မဒီပဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမင်္ဂလာ ဓမ္မဒီပကျောင်း (စာသင်တိုက်)၏ ရွှေရတုမင်္ဂလာ စာအောင်သံဃာ (၄၇)ပါးတို့အား ဂုဏ်ပူဇော်မင်္ဂလာ

ပင့်လျှောက်ဖိတ်ကြားလွှာ

မြင်းခြံမြို့ တန်ဆောင်းကြီးကျောင်းတိုက်၏ မဟာနာယက၊ သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ-ဘွဲ့တံဆိပ်တော်ရ ဓမ္မဒီပဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်၊ ပတ္တမြားရတုမင်္ဂလာ ဓမ္မဒီပကျောင်း (စာသင်တိုက်)၏ ရွှေရတုမင်္ဂလာ စာအောင်သံဃာ (၄၇)ပါးတို့အား ဂုဏ်ပူဇော်မင်္ဂလာတို့ကို ၁၃၈၀ပြည့်နှစ် ပြာသိုလဆန်း ၇ ရက်မှ ၁၂ရက်ထိ၊ (၆)ညတိုင်တိုင် ဓမ္မသဘင်တရားပွဲများဖြင့်လည်းကောင်း၊ ၁၃ ရက်မှ လပြည့်ကျော် ၁ ရက်ထိ (၄)ရက်ပတ်လုံး ဝါဒိတသဘင်၊ နစ္စသဘင်တို့ဖြင့်လည်းကောင်း ဆင်ယင်၍ (၈)ရက်တိုင်တိုင်နေ့စဉ် ပင့်သံဃာအပါး(၅၀)နှင့် ဓမ္မဒီပကျောင်းရှိ သံဃာတော်အပါး(၉၀)ကျော်တို့အား နေ့ဆွမ်းကပ်ခြင်း၊ အနေကဇာတင်ခြင်း၊ လှူရန်လှူခြင်း၊ တပည့်ကြီး(၁၅၄)ပါးတို့အား လဟုဘဏ်ပစ္စည်းတို့ကို ခွဲဝေလှူဒါန်းခြင်းမင်္ဂလာပြုလုပ်မည်ဖြစ်ပါသောကြောင့် ၁၃၈၀ပြည့်နှစ် ပြာသိုလဆန်း (၁၄)ရက်ညရောက် (ပင့်စာမရသည်ဖြစ်စေ) ဓမ္မဒီပကျောင်း (စာသင်တိုက်)၌ သီတင်းသုံးဖူးသော ရဟန်းတော်များ ကြွရောက်ပါရန်နှင့် ပြည်တွင်း ပြည်ပရောက် ဓမ္မဒီပကျောင်းဒါယကာ ဒါယိကာမများ၊ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ ဆွမ်းပဒေသာကုသိုလ်ရှင်များ၊ ဆေးပဒေသာကုသိုလ်ရှင်များ၊ လျှပ်စစ်မီးပဒေသာ ကုသိုလ်ရှင်များ၊ ဦးသုန္ဒရစာပေဆုပဒေသာကုသိုလ်ရှင်များ ကြွရောက်ကြပါရန် ပင့်လျှောက်/ဖိတ်ကြားအပ်ပါကြောင်း-

ဓမ္မဒီပဓမ္မာနုဂ္ဂဟာသာသနာပြုအဖွဲ့
ဓမ္မဒီပကျောင်းစာသင်တိုက်
အမှတ် ၁၂ရပ်ကွက်၊ မြင်းခြံမြို့
ဖုန်း-၀၉-၂၀၂၅၂၉၅၊ ၀၉-၄၂၁၀၀၁၁၅၀

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၈ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၇၅)နှစ်ပြည့်ဝန်ထမ်းဟောင်းများ (၁၉) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီတွင် ဗဟန်းမြို့နယ်၊ အမှတ် (၃၈) ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍-

(၁) ယခင်နှစ် ကန်တော့ခံဝန်ထမ်းဟောင်းများနှင့် ၂၀-၁-၂၀၁၉ရက်တွင် အသက် (၇၅)နှစ်ပြည့်သည့် ဝန်ထမ်းဟောင်းများ၊ အသင်းဝင်များ၊ ဝန်ထမ်းဟောင်းများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ ယင်းတို့၏ မိသားစုဝင်များ တက်ရောက်ကြပါရန်။

(၂) ၂၀-၁-၂၀၁၉ရက်တွင် အသက် (၇၅)နှစ်ပြည့်မည့် ဝန်ထမ်းဟောင်းများသည် ၂၀-၁-၂၀၁၉ ရက်မတိုင်မီ အမှုဆောင်အဖွဲ့ထံ အကြောင်းကြားကြပါရန်။

(၃) အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၅၄၅၅၊ ဦးအေးမောင်သန်း ဖုန်း-၀၉-၅၁၂၁၅၉၉၊ ဦးသိန်းဟန် ဖုန်း-၀၉-၅၂၇၅၄၆၈ တို့ထံ ဆက်သွယ်ပေးပို့လှူဒါန်းကြပါရန်။

အသင်းသားများမပျက်မကွက် တက်ရောက်ကြပါရန်
(သီးခြားဖိတ်စာမပို့ပါ)

အမှုဆောင်အဖွဲ့

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့
ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားရေးအဖွဲ့အနေဖြင့် ဒေသခံများ၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားမဝင် သတ္တုတူးဖော်ခြင်းများလျော့နည်းပပျောက်စေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးမှခွင့်ပြုပေးနိုင်သည့် အောက်ပါလုပ်ငန်းများအား လျှောက်ထားနိုင်ပါသည်။

(က) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန်၊
(ခ) ဓာတ်သတ္တုအသေးစား/လက်လုပ်လက်စားထုတ်လုပ်ရန်၊
(ဂ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန်၊
(ဃ) ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းများလုပ်ကိုင်ရန်၊

၂။ လျှောက်ထားရာတွင်
(က) အသေးစာလုပ်ကွက်လျှောက်ထားသောကုမ္ပဏီသည်-
(၁) မန္တလေးတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဖြစ်ရမည်။
(၂) ကုမ္ပဏီတစ်ခုလျှင် တိုင်းဒေသကြီးအတွင်း ဓာတ်သတ္တုအမျိုးအစား တစ်မျိုးအတွက် အသေးစားလုပ်ကွက်တစ်ကွက်သာလျှောက်ထားခွင့်ပြုမည်။
(ခ) လက်လုပ်လက်စားလုပ်ကွက်လျှောက်ထားရာတွင်
(၁) ဒေသခံနိုင်ငံသားအိမ်ထောင်စုတစ်စုလျှင် လုပ်ကွက်(၁)ကွက်သာ လျှောက်ထားခွင့်ပြုမည်။
(၂) ဒေသခံတစ်ဦးချင်းစီအတွက်သာ ခွင့်ပြုမည်ဖြစ်၍ ကုမ္ပဏီနှင့်ဒါရိုက်တာအဖွဲ့ဝင်များ/ အဖွဲ့အစည်းများ/ လုပ်ကွက်လက်ဝယ်ရရှိပြီးသူများ လျှောက်ထားခွင့်မပြုပါ။

၃။ ဓာတ်သတ္တုအသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်း လျှောက်ထားလိုသည့် နိုင်ငံသား(သို့မဟုတ်) နိုင်ငံသားအဖွဲ့အစည်းများသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများတွင်ပါရှိသည့် အောက်ပါလျှောက်လွှာပုံစံများနှင့်အညီ လျှောက်ထားနိုင်ပါသည်-

(က)	ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်လျှောက်လွှာ	ပုံစံ (၁၂)
(ခ)	ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်လွှာ	ပုံစံ (၃၃)
(ဂ)	ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်လွှာ	ပုံစံ (၄၀)
(ဃ)	ဓာတ်သတ္တုအသေးစား/လက်လုပ်လက်စား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ	ပုံစံ (၄၄)
(င)	ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်လွှာ	ပုံစံ (၅၃)

၄။ လျှောက်လွှာတွင် ပူးတွဲတင်ပြရမည့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်၍ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)မန္တလေးမြို့သို့ ၁၄-၁-၂၀၁၉ရက်မှစတင်၍ စာတိုက်မှမှတ်ပုံတင်၍ဖြစ်စေ၊ အမြန်ချောစာပို့ခြင်းဖြင့်ဖြစ်စေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် အသေးစိတ်အချက်အလက်များအား သိရှိမေးမြန်းလိုပါက တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ မန္တလေးမြို့ ဖုန်း-၀၂-၂၈၃၂၁၁၀၊ ၀၂-၄၀၆၁၄၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့

ဖောင်းကြွနံ့ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/2231 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ရွှေဘိုတက္ကသိုလ်
သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရွှေဘိုတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါပညာသင်နှစ်များ၏ ဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ကြသူများသည် ရွှေဘိုတက္ကသိုလ် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို ၂-၁-၂၀၁၉ရက်မှ ၂၂-၁-၂၀၁၉ရက်အထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

စဉ်	ပညာသင်နှစ်	ဘွဲ့	စာစစ်ဌာန
၁။	၂၀၁၇-၂၀၁၈	ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့)	ရွှေဘိုတက္ကသိုလ်
၂။	၂၀၁၇-၂၀၁၈	ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)	ရွှေဘိုတက္ကသိုလ်
၃။	၂၀၁၇-၂၀၁၈	ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)	ရွှေဘိုတက္ကသိုလ်

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ (၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ) ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ရွှေဘိုတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ ရွှေဘိုတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်နှင့်နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကိုလက်ခံမည်မဟုတ်ပါ။)

၅။ လျှောက်ထားသူများသည် ရွှေဘိုတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်-
(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ
(၂) ပြီးခဲ့သည့် (၁)လအတွင်း မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(ဝတ်စုံပြည့်)တို့ဖြင့် ရိုက်ကူးထားသော (၂"×၁½")အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

နံနက်ပိုင်း (အစမ်းလေ့ကျင့်ခြင်း)

အစမ်းလေ့ကျင့်ရက်	-	၁၅-၂-၂၀၁၉ရက် (သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	-	နံနက် ၉း၀၀နာရီ
မဟာဘွဲ့ (၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ
ဂုဏ်ထူးဘွဲ့ (၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ၊ သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ
ရိုးရိုးဘွဲ့(၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ၊ သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ

မွန်းလွဲပိုင်း(အစမ်းလေ့ကျင့်ခြင်း)

အစမ်းလေ့ကျင့်ရက်	-	၁၅-၂-၂၀၁၉ရက်(သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	-	မွန်းလွဲပိုင်း ၂း၀၀နာရီ
မဟာဘွဲ့ (၂၀၁၇-၂၀၁၈)	-	ဓာတုဗေဒ၊ မြန်မာစာ၊ သင်္ချာ
ဂုဏ်ထူးဘွဲ့(၂၀၁၇-၂၀၁၈)	-	အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ မြန်မာစာ၊ သင်္ချာ၊ ဘူမိဗေဒ
ရိုးရိုးဘွဲ့(၂၀၁၇-၂၀၁၈)	-	အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ မြန်မာစာ၊ သင်္ချာ၊ ဘူမိဗေဒ

ဘွဲ့နှင်းသဘင် အပိုင်း -၁ (နံနက်ပိုင်း)

ဘွဲ့ကျင်းပမည့်ရက်	-	၁၆-၂-၂၀၁၉ရက် (စနေနေ့)
ဘွဲ့ကျင်းပမည့်အချိန်	-	နံနက် ၉း၀၀နာရီ
မဟာဘွဲ့(၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ
ဂုဏ်ထူးဘွဲ့ (၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ
ရိုးရိုးဘွဲ့ (၂၀၁၇-၂၀၁၈)	-	ပထဝီဝင်၊ ရူပဗေဒ

ဘွဲ့နှင်းသဘင် အပိုင်း-၂ (မွန်းလွဲပိုင်း)

ဘွဲ့ကျင်းပမည့်ရက်	-	၁၆-၂-၂၀၁၉ရက် (စနေနေ့)
ဘွဲ့ကျင်းပမည့်အချိန်	-	မွန်းလွဲပိုင်း ၂း၀၀နာရီ
မဟာဘွဲ့ (၂၀၁၇-၂၀၁၈)	-	သတ္တဗေဒ၊ ရုက္ခဗေဒ
ဂုဏ်ထူးဘွဲ့ (၂၀၁၇-၂၀၁၈)	-	သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ
ရိုးရိုးဘွဲ့ (၂၀၁၇-၂၀၁၈)	-	သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒ

ဘွဲ့နှင်းသဘင် အပိုင်း-၃(နံနက်ပိုင်း)

ဘွဲ့ကျင်းပမည့်ရက်	-	၁၇-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)
ဘွဲ့ကျင်းပမည့်အချိန်	-	နံနက် ၉း၀၀နာရီ
မဟာဘွဲ့ (၂၀၁၇-၂၀၁၈)	-	ဓာတုဗေဒ
ဂုဏ်ထူးဘွဲ့(၂၀၁၇-၁၀၁၈)	-	အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ
ရိုးရိုးဘွဲ့(၂၀၁၇-၂၀၁၈)	-	အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ

ဘွဲ့နှင်းသဘင် အပိုင်း-၄ (မွန်းလွဲပိုင်း)

ဘွဲ့ကျင်းပမည့်ရက်	-	၁၇-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)
ဘွဲ့ကျင်းပမည့်အချိန်	-	မွန်းလွဲပိုင်း ၂း၀၀နာရီ
မဟာဘွဲ့(၂၀၁၇-၂၀၁၈)	-	မြန်မာစာ၊ သင်္ချာ
ဂုဏ်ထူးဘွဲ့(၂၀၁၇-၂၀၁၈)	-	မြန်မာစာ၊ သင်္ချာ၊ ဘူမိဗေဒ
ရိုးရိုးဘွဲ့(၂၀၁၇-၂၀၁၈)	-	မြန်မာစာ၊ သင်္ချာ၊ ဘူမိဗေဒ

၇။ ဘွဲ့ဝတ်စုံငှားရမ်းထောက်ခံစာကို ၁၃-၂-၂၀၁၉ ရက်မှ ၁၄-၂-၂၀၁၉ ရက်များတွင် ရွှေဘိုတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)

၈။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မတိုင်ခင်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပပြီးစီးမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(မြမြဝင်း)
မော်ကွန်းထိန်း
ရွှေဘိုတက္ကသိုလ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနမှ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ် (Atlas) ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ (၁)ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား ၈-၂-၂၀၁၉ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြေတိုင်းဦးစီးဌာန၊
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၁၂၈၄၊ အကျယ်အဝန်း(ပေ ၄၀×ပေ ၆၀)ရှိမြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဒေါ်ခင်သန်း (EC -၀၂၂၂၇၁) ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးသိန်းနိုင်ထွန်း ၁၂/ဒဂရ(နိုင်)၀၃၄၂၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်းက အပြီးအပိုင်ဝယ်ယူရန် ၂-၁-၂၀၁၉ရက်တွင်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင့်ဝါထွန်း LL.B,D.B.L, D.L (101)WIPO Switzerland
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၁)
အမှတ်-၁၉၂၊ ပထမထပ်၊ ဘားလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၄၉၈၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဤတက္ကသိုလ်၏ (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းနားကို ၂၃-၂-၂၀၁၉ရက်တွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၂-၂-၂၀၁၉ရက်တွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့တက်ရောက်ယူမည့် ဦးရေမှာ ၁၄၇ဦးရှိပါ၍ မှတ်တမ်းဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက် - ၄-၂-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၃း၀၀နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးဖုန်း-၀၂-၅၈၀၃၇၊ ၀၂-၅၇၀၁၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(အေးအေးစန်း)
အတွင်းရေးမှူး
ဓာတ်ပုံတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စတုတ္ထအကြိမ်မြောက် စိုက်ပျိုးရေး ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကြေညာချက်

စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံများ၏ စတုတ္ထအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် စိုက်ပျိုးရေးဒီပလိုမာသင်တန်း နောက်ဆုံးနှစ်အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါသည်။

စိုက်ပျိုးရေး သိပ္ပံ	အစမ်းလေ့ကျင့်မည့် ရက်၊ အချိန်	အခမ်းအနားကျင်းပမည့် ရက်၊ အချိန်
ပျဉ်းမနား	၂၅-၁-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၆-၁-၂၀၁၉ရက်၊ နံနက် ၉း၀၀
ကျောက်တော်	၂၈-၁-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၉-၁-၂၀၁၉ရက်၊ နံနက် ၉း၀၀
ပုသိမ်ကြီး	၁-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၂-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ရွှေဘို	၂-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၃-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
မြစ်ကြီးနား	၃-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၄-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ဟဲဟိုး	၈-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၉-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ဒီးမော့ဆို	၉-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၁၀-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
သာယာဝတီ	၁၅-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၁၆-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
မြောင်းမြ	၁၆-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၁၇-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
သထုံ	၂၂-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၃-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ခွဲကပင်	၂၃-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၄-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ထားဝယ်	၂၅-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂၆-၂-၂၀၁၉ရက်၊ နံနက် ၉း၀၀
ပွင့်ဖြူ	၁-၃-၂၀၁၉ရက်၊ နံနက် ၉း၀၀	၂-၃-၂၀၁၉ရက်၊ နံနက် ၉း၀၀
လုံပီး	၃-၃-၂၀၁၉ရက်၊ နံနက် ၉း၀၀	၄-၃-၂၀၁၉ရက်၊ နံနက် ၉း၀၀

(၁) သက်ဆိုင်ရာ စိုက်ပျိုးရေးသိပ္ပံများသို့လိပ်မူပြီး လျှောက်ထားရမည်။ အမည်၊ အောင်မြင်သည့် ခုံအမှတ်တို့ကို တိကျစွာဖော်ပြပြီး နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပါရှိရမည်။

(၂) အခမ်းအနားတက်ရောက်မည် (သို့) အဝေးရောက် အောင်လက်မှတ်ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ အခမ်းအနားတက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက အောင်လက်မှတ်ကို အဝေးရောက်အောင်လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၃) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ကျောင်းအုပ်ကြီးထံလိပ်မူ၍ ငွေပို့လွှာအောက်ခြေတွင် အောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကြေးပေးပို့ခြင်းဟု ဖော်ပြလျက်ပေးပို့နိုင်ပါသည်။

(၄) အခမ်းအနားတက်ရောက်သူများသည် အခမ်းအနားလေ့ကျင့်သည့်ရက်တွင် နှစ်သက်ရာ မြန်မာ၊ တိုင်းရင်းသား၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။

(၅) ဒီပလိုမာဝတ်ရုံများကို သက်ဆိုင်ရာသိပ္ပံများတွင် အစမ်းကျင်းပမည့်ရက်မတိုင်မီ ဝတ်ရုံကြေးပေးသွင်း၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။
အခမ်းအနားကြေး(တက်ရောက်)-ကျပ် ၃၀၀၀
အခမ်းအနားကြေး(အဝေးရောက်) -ကျပ် ၁၅၀၀

(၆) အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၅၈၈၊ ၀၆၇-၄၁၀၅၇၉ နှင့် သက်ဆိုင်ရာစိုက်ပျိုးရေးသိပ္ပံများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဖဲဆောင်)
ညွှန်ကြားရေးမှူး
ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်
စိုက်ပျိုးရေးသိပ္ပံဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သစ္စာ(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ မြေကွက်အမှတ်(၁၉၂)၊ အမည်ပေါက်-ဦးထွန်းရှိန်၊ မြေကွက်အမှတ်(၁၉၄)၊ အမည်ပေါက် - ဦးငွေတိုး၊ အကျယ်အဝန်း အလျား(၄၀ပေ)×အနံ (၆၀ပေ) စီရှိ ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဇွဲရန်အောင်လှ (၁၂/မရက(နိုင်)၁၄၂၀၁၃) နှင့် ဒေါ်ပိုင်းစုခိုင်သိန်း (၁၂/ကတတ(နိုင်)၀၂၈၈၂၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၃၁၇ ၆၅၀ ၁၇

အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ညီလေး ကိုအေးမင်း(ထားဝယ်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာချီးမြှင့်သော သုခမ္မမဏိဓာတဝရဘွဲ့ ရရှိသဖြင့် လိုက်လိုက်လှဲလှဲဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး သာသနာ့အကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တပ်ကြပ်ကြီး(ငြိမ်း) တင်မောင်လွင်
မိသားစု မြိတ်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား၏ (၁၁၈)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၅ရက် (အင်္ဂါနေ့)မှ ၁၉-၁-၂၀၁၉ရက် (စနေနေ့)အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ၂၀-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ (၁၀၈)ပါးနှင့် သီလရှင်အပါး ၉၀တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ ငွေပဒေသာပင်များ၊ နဝကမ္မဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူဓမ္မမိတ်ဆွေများအနေဖြင့် ငါးထပ်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၄၂၁၇၇နှင့် ၀၉-၇၆၃၃၉၀၅၉၀၊ ၀၉-၄၅၄၅၃၃၆၆၂သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဂေါပကအဖွဲ့

သန်လျင်အထက(၁) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမကြီး (၁၅၆)ဦးအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ(၁၃)ရက် တနင်္ဂနွေနေ့နံနက် (၈)နာရီတွင် ရတနာရှင်းသန့် ခန်းမဆောင်သစ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါပူဇော်ပွဲသို့ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ(မပျက်မကွက်)ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဦးတင်ဝင်း ဖုန်း-၀၉ ၄၂၀၃၀၉၅၅ ၊ ဥက္ကဋ္ဌဒေါက်တာဦးဝင်း ဖုန်း - ၀၅၆၂၂၅၄၂ ၊ အတွင်းရေးမှူး ဦးမောင်မောင်တိုး ၀၉၅၀၁၁၇၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

လေးစားဂုဏ်ယူပါကြောင်း

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါ ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းနှင့် တပ်မတော်အနေဖြင့် သန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းမည်ဟူသည့်သန္နိဋ္ဌာန်ကို မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းအနေဖြင့် များစွာလေးစားဂုဏ်ယူပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း(အထက-၂ ဒဂုံ/အထက-၃ ဒဂုံ)

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း အကြိမ် (၂၀) မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးအား ပူဇော်ကန်တော့ပွဲ နှိုးဆော်ခြင်း

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပသော အကြိမ် (၂၀)မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၁၉-၁-၂၀၁၉ရက်နှင့် သုတေသနစာတမ်းဖတ်ပွဲအား ၁၇-၁-၂၀၁၉ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ စုံညီစွာတက်ရောက်နိုင်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် လေးစားစွာအသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဒေါက်တာချိုချိုစံ ၁၂/ကမရ(နိုင်)၀၃၂၉၁၄၊ ဖုန်း-၀၉-၄၂၀၇၀၉၀၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဆပ်ကော်မတီ
စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအတိုင်းကျင်းပမည်ဖြစ်ပြီး အသင်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများကိုပြင်ဆင်ခြင်းကိုဆောင်ရွက်မည်ဖြစ်ပါသည်။

- **ကျင်းပမည့်နေ့ရက် - ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်။(စနေနေ့)**
- **ကျင်းပမည့်အချိန် - နံနက် (၁၀ း ၀၀) နာရီ**
- **ကျင်းပမည့်နေရာ - မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းခန်းမ၊ အတွက်အမှတ်-(၂၁)၊ ပြည်ထောင်စုလမ်းမကြီး၊ မူဆယ်မြို့။**

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အသင်းဝင်များအနေဖြင့် ဖိတ်စာရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်- ၀၈၂-၅၀၆၄၈ ၊ ၅၂၉၈၄
၀၉၅၂၃၃၂၅၀

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆) ရပ်ကွက်၊ ရဲရန်နိုင်လမ်း၊ မြေကွက်အမှတ် (၁၃၁) ၊ အကျယ်အဝန်း (၄၄ပေ× ၆၀ပေ)ရှိ ဒေါ်ခင်လေးတင့် (၁၂/ဥကမ(နိုင်)၀၇၄၇၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဒေါ်ခင်လေးတင့်ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ် ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm	ဖုန်း- ၀၉၅၅၀၆၁၃၄၆၊ ၀၉၅၅၀၄၂၆၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၆)၊ အိမ်အမှတ် (၀မ/၃၄)နေ ဦးခင်မောင်ထွေး ၁၃/တကန(နိုင်)၀၄၇၇၆၁-ဒေါ်ဝင်းရီ ၁၃/တကန(နိုင်)၁၃၇၂၈၄တို့၏သား စိုင်းသီဟ ၁၃/တကန(နိုင်)၂၅၃၉၄၂သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးခင်မောင်ထွေး-ဒေါ်ဝင်းရီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၇)၊ အိမ်အမှတ် (၀တ/၃၄၈)နေ ဦးဆန်းဝင်း ၂/လကန(နိုင်)၀၀၉၈၅၆-မသန်းသန်းဝေ ၂/လကန(နိုင်)၀၂၁၉၆၀တို့၏သား မောင်ဝေယံထွန်း ၁၃/တကန(နိုင်)၃၅၅၄၉၀ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏ သဘောဆန္ဒဖြင့် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးဆန်းဝင်း-မသန်းသန်းဝေ

(၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကယားပြည်နယ်သူ/သားများ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရက် - ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉း၀၀နာရီ

ကယားရိုးရာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံပါမည်။

(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ ကျင်းပရေးကော်မတီ (ရန်ကုန်)

ဖုန်း-၀၉-၅၀၀၆၃၆၇၊ ၅၃၄၇၉၀၄၊ ၅၁၁၅၂၄၁၊ ၅၆၀၀၁၁၂၊ ၅၀၁၉၀၅၁၊ ၅၁၀၀၉၀၉

MEIC/MEIS (မြန်မာ့ထုတ်ကုန်သွင်းကုန်လုပ်ငန်း) ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ထမ်းဟောင်းများ (၁၂)ကြိမ်မြောက် ပြန်လည်ဆုံစည်းပွဲကျင်းပမည်

ကျင်းပမည့်ရက် - ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
ကျင်းပမည့်နေရာ - (သီရိရတနာခန်းမ) နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်း

ဝန်ထမ်းဟောင်းများအားလုံးတက်ရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။
(သီးခြားဖိတ်စာမပို့ပါ။)

ဆက်သွယ်ရန်

ဦးဝင်းကြည် MD (ငြိမ်း) ဖုန်း-၀၉-၇၇၇၄၅၈၂၄၁	ဦးစိုးညွန့် ဒု-ညွှန်မှူး(ငြိမ်း) ဖုန်း-၀၉-၂၆၂၉၉၁၁၇၅
ဦးသောင်းစိန် MD (ငြိမ်း) ဖုန်း-၀၁-၅၄၂၆၈၄	ဦးလှငွေ လ/ထညွှန်မှူး(ငြိမ်း) ဖုန်း-၀၉-၇၉၉၁၅၄၁၈၇
ဦးကိုကိုကြီး GM (ငြိမ်း) ဖုန်း-၀၉-၅၁၅၀၀၄၆	ဦးမြင့်စိုး လ/ထညွှန်မှူး(ငြိမ်း) ဖုန်း-၀၉-၂၅၀၃၅၆၉၄၄
ဦးခင်စိုး DGM (ငြိမ်း) ဖုန်း-၀၉-၄၄၈၀၀၀၅၃၈	ဦးမျိုးညွန့် လ/ထမန်နေဂျာ(ငြိမ်း) ဖုန်း-၀၉-၇၈၉၄၅၅၉၇၉
ဦးကျော်ဝင်း လ/ထညွှန်မှူး(ငြိမ်း) ဖုန်း-၀၉-၄၂၈၆၃၄၈၄၃	ဦးလှကြည် ဦးစီး/ရုံး(ငြိမ်း) ဖုန်း-၀၉-၂၅၄၂၇၁၇၇၂
ဦးတင်အောင် မန်နေဂျာ(ငြိမ်း) ဖုန်း-၀၉-၅၁၀၈၉၀၇	ဦးသန်းကြွယ် လ/ထမန်နေဂျာ(ငြိမ်း) ဖုန်း-၀၉-၄၄၈၀၃၉၆၄၂

အကျိုးတော်ဆောင်အဖွဲ့၊ ရန်ကုန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/5536 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/6551 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

ဒေါ်နန်းရွှေငွေ ၁၃/တကန(နိုင်)၁၃၀၇၁၈ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အိမ်အမှတ်(၂၆၃) နေ ဒေါ်နန်းမတ် ၁၃/နစန(နိုင်)၀၃၁၇၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ် (၉၄/၁၄)၊ မြေတိုင်းအခေါ် တောင်ကြီးမြို့၊ အကွက်အမှတ် (၉)၊ အကွက်အမည် အစိုးရရပ်၊ ဦးပိုင်အမှတ် (၁၈-စ)၊ ဧရိယာ ၀ဒသမ၀၇၄ဧကရှိ အိမ်မြေဥပစာ (ဂရန်မြေကွက်၊ မြေငှားဂရန်အမှတ်တွဲအမှတ် -၂၈၈/၂၀၁၀)နှင့် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ် (၉၄/၁၄)၊ မြေတိုင်းအခေါ် တောင်ကြီးမြို့၊ အကွက်အမှတ် (၉)၊ အကွက်အမည် အစိုးရရပ်၊ ဦးပိုင်အမှတ် (၁၈-ဆ)၊ ဧရိယာ ၀ဒသမ၀၆၄ဧကရှိ အိမ်မြေဥပစာ (ဂရန်မြေကွက်၊ မြေငှားဂရန်အမှတ်တွဲအမှတ် ၂၀၅/၂၀၁၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်နန်းရွှေငွေ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်နန်းနီတျာဝင့်(မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၆၅/၂၀၁၈၊ ၆၆/၂၀၁၈) (နေ့စွဲ၊ ၄-၄-၂၀၁၈)မှတစ်ဆင့် ဒေါ်နန်းမတ်အား ၃-၁၂-၂၀၁၈ရက်စွဲပါ နှစ်ဦးသဘောတူအိမ်မြေဥပစာအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့လွှဲပြောင်းရောင်းချရာတွင် ဝယ်ယူသူ ဒေါ်နန်းမတ်က ရောင်းကြေးတန်ဖိုးငွေများအားလုံးကို အပြေအကျေပေးချေသဖြင့် ဒေါ်နန်းရွှေငွေ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နန်းနီတျာဝင့်က ရောင်းသူကိုယ်စား လက်ခံရယူပြီးနောက် လွှဲပြောင်းရောင်းချသည့် အိမ်မြေဥပစာတို့ကို အလွတ်လက်ရောက်ပေးအပ်ခြင်း၊ အဆိုပါအိမ်မြေဥပစာနှင့်စပ်လျဉ်းသည့် မြေငှားဂရန်အမှုတွဲမူရင်းများ၊ ဒေါ်နန်းရွှေငွေက ဒေါ်နန်းနီတျာဝင့်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းအမှတ် (၆၅/၂၀၁၈၊ ၆၆/၂၀၁၈)တို့ကို ပြန်လည်ပေးအပ်သဖြင့် ဒေါ်နန်းမတ်က လက်ခံရယူထားခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ် (၁)တွင် ဖော်ပြထားသော ဒေါ်နန်းရွှေငွေ အမည်ပေါက် ဂရန်မြေကွက်ဥပစာများနှင့်စပ်လျဉ်း၍ ဒေါ်နန်းရွှေငွေ၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်နန်းနီတျာဝင့်နှင့် ဒေါ်နန်းမတ်တို့က တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကြမည်ဖြစ်၍ ဒေါ်နန်းရွှေငွေနှင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်အကယ်၍ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လက်ခံဖြေရှင်းတော့မည်မဟုတ်ဘဲ ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နန်းရွှေငွေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုကိုလေး (LL.B)	**ဒေါ်ချောစုလင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(လိုင်စင်အမှတ်-၃၆၇၂၊	**(လိုင်စင်အမှတ်-၉၄၆၀၊**
နေ့စွဲ ၂၇-၅-၁၉၈၆)	**နေ့စွဲ၃၁-၁၂-၂၀၁၃)**
အမှတ် (၂၄၉)၊ ကျောက်တလုံးလမ်း၊	**အမှတ်(ည/၃၄)၊ဦးကြီးခမ်းလော်လမ်း၊**
ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့	**ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၄)ရှိ စတုတ္ထထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂½'× ၅၀')ရှိ ရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်စဝေနွယ်(၁၀/မလမ(နိုင်)၁၃၂၀၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဒေအးမြမွန် (LL.B, LL.M)

အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)

အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၃၁၇ ၆၅၀ ၁၇

မြေပေးမိန့်/ မြေငှားဂရန်/ အသစ် / သက်တမ်းတိုးလျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသည့်မြေ၏ မြို့နယ်/ မြို့	ရပ်ကွက် ကျေးရွာ	အကွက်အမှတ်	ဦးပိုင် အမှတ်	ဧရိယာ (ဧက)	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်ခင်စန်းဦး	ပုသိမ်	အမှတ် (၁၃)	၁၆၃-စီ ရုံးရပ်ကွက်	ဘီ-၁၆	၀.၀၈၃	မြေပေးမိန့်
၂။	ဒေါ်ညွန့်စိန်	ပုသိမ်	အမှတ် (၅)	၆၈-က ထောင်ကြီး	၄၆-ခ	၀.၀၅၇	ဂရန်သက်တမ်းတိုး
၃။	ဦးဝင်းအောင်	ပုသိမ်	အမှတ် (၂)	၆၂ အုန်းတော	၃၇	၀.၀၄၂	ဂရန်သက်တမ်းတိုး
၄။	ဒေါ်ကျင်ကျင်ဝင်း	ပုသိမ်	အမှတ် (၁၅)	၁၆၃-ဘီ ထန်းကုန်းကွင်း	၄၇/က-၂	၀.၁၂	မြေပေးမိန့်
၅။	ဦးစရာဂျူး	ပုသိမ်	အမှတ် (၁၃)	၅၂ ကင်မလင်းကျွန်း	H-၆၆၊H-၇၃	၀.၁၉၂	မြေပေးမိန့်
၆။	ဒေါ်ခင်ချိုဝင်း	ပုသိမ်	အမှတ် (၂)	၄၉ ရွှေစည်းခုံ	၁၅	၀.၀၅၅	မြေပေးမိန့်
၇။	ဦးကျော်မိုးအေး	ပုသိမ်	အမှတ် (၁၃)	၅၂ ကင်မလင်းကျွန်း	I-၃၃	၀.၀၈၃	မြေပေးမိန့်
၈။	ဒေါ်နီလာအောင်	ပုသိမ်	အမှတ် (၂)	၄၉ ရွှေစည်းခုံ	၁၁	၀.၀၂၇	မြေပေးမိန့်
၉။	ဦးစိုးအောင်	ပုသိမ်	အမှတ် (၁၃)	၁၆၃-စီ ရုံးရပ်ကွက်	ဘီ၂၃-၂၄	၀.၁၆၅	မြေပေးမိန့်

အဆိုပါ လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6679 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၃၈)ရှိ TZK HOTEL & TOURS CO.,LTD.(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၅၈၉၉/၂၀၁၃-၂၀၁၄)က ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၃၆၇၃/၂၀၁၈ဖြင့် မိမိတို့ကုမ္ပဏီ၏မူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် - ၄ / ၁၃၆၇၃/ ၂၀၁၈

အထက်ဖော်ပြပါ Nyaung Oo Phee (ညောင်ဦးဖီး) အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီကလုပ်ကိုင်ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းအပြင် ဟိုတယ်လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ကော်ဖီဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းများအပါအဝင် လုပ်ငန်းအသီးသီးတွင် အသုံးပြုပြီး ယင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီက မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်ကမျှ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

အဆိုပါတားမြစ်ချက်ကိုလိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း
B.A, (Law), LL.B (စဉ်-၃၅၅၇)
တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်

ဒေါ်ကြည်ကြည်ရွှေ
B.A, (Law), LL.B (စဉ်-၂၃၆၇)
တရားလွှတ်တော်ရှေ့နေ

အမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄
E-mail:thettun.law@gmail.com

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်းရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေသမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
09254009334, 09254009335, 09254009336

"အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ , ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်အရှင်မြတ် ဦးဆောင်၍ "အရဟံ စေတီ" တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတော်တင်လှူပါမည်။ တစ်ဦးလျှင် ကျပ်တစ်သိန်း မှဖြင့်ကုသိုလ်ပါဝင်နိုင်ပါသည်။ [စေတနာ သဒ္ဓါထက်သန်ပါက ပိုမိုလှူဒါန်းနိုင်ပါသည်။]

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူး ဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်။ ဖုန်း ၀၉ ၇၈ ၇၈ ၇၇ ၉၆၉ [ဘဏ်မှ လွှဲပို့လိုပါက မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ်အကောင့်အမည် အရှင်အာစာရာလင်္ကာရ ၀ ၇၀ ၃၀ ၁၀ ၁၆၀၀ ၅၁ ၄၀၀ ၁]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/2299 Toyota Crown GRS 182 S/L(4×2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၁၂/ဥကတ(နိုင်)၀၃၃၀၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာ အမှတ် ၂၈၆၊ သီဂီ(၁)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်သန်းအေး ၁၂/သကတ(နိုင်)၀၁၈၁၄၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းအေးထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၄၀၆/၂၀၁၈(၁၅-၂-၂၀၁၈)အရ ပိုင်ဆိုင်လာသူ ဦးဆန်းလွင် ၁၂/သကတ(နိုင်)၀၀၀၉၅၀ မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါ နှစ်(၆၀) ဂရန်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အခြားတစ်ဦးတစ်ယောက်သို့ လွှဲပြောင်းရောင်းချ၊ ပေါင်နှံထား ပေးကမ်း၊ စွန့်လွှတ်၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့ ကင်းရှင်းပါကြောင်း ၁-၂-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလက ဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် သကတ/၅-၀၀၂၀/၉၃(၂၃-၈-၁၉၉၃)ဖြင့် ဒေါ်သန်းအေးအမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆုရရှိသူ ကျောင်းသား ကျောင်းသူများ မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	-	၁၃-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နှင့် ၁၄-၁-၂၀၁၉ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ
ကျင်းပမည့်နေရာ	-	နှင်းဆီခန်းမ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပြည်လမ်း၊ ကမာရွတ်

အမှုဆောင်အဖွဲ့
မိဘဆရာအသင်း
ရန်ကုန်ပညာရေးတက္ကသိုလ်
လေ့ကျင့်ရေးအထက်တန်းကျောင်း

မှတ်ချက်။ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဆုရရှိသူများသည် ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းအချိန်တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဝတ်စုံဖြင့် လာရောက်ပါရန် အသိပေးအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၇)ဈေးပိုင်း၊ ဦးပိုင်အမှတ် (၁၇-ခ)၊ ဧရိယာ ၀ ဒသမ ၀၃၂ဧကရှိ ဒေါ်စန်းစန်းမြင့်အမည်ဖြင့် နှစ်(၃၀) လူနေမြေငှားဂရန်ကျပြီးမြေကို ဦးဝွမ်းစိန်၏သား ဦးညွန့်လွင် ၁၄/ပသရ(နိုင်)၀၇၄၇၇၅ အမည်ဖြင့် အမည်ပြောင်း လူနေမြေငှားဂရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများယူဆောင်၍ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၂၈၂၆၊ ၂၈၂၇)၊ မြေကွက်တည်နေရာအမှတ် (၁၅/၁၇)၊ အနော်ရထာလမ်း၊ ကျွန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ အမည်ပေါက် ဒေါ်အေးကြည်ပါမစ်မြေအား မြေချပါမစ်ပျောက်ဆုံးကြောင်း ဒလမြို့နယ် ကျွန်စစ်သား ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊ ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံစာ၊ ဒလမြို့မရဲစခန်းထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း ဦးနေဝင်းနှင့် ဦးသန်းတို့၏ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ မြေကွက်အမှတ် (၂၈၂၆)၊ အကျယ်အဝန်း (၂၅'×၅၀')အား အမည်ပေါက်ဒေါ်အေးကြည် ၁၂/ဒလန(နိုင်)၀၂၃၄၅၀မှ သားဖြစ်သူ ဦးနေဝင်း ၁၂/ဒလန(နိုင်)၀၂၄၃၃၈အား ပေးကမ်းသည့် ၁၅-၇-၂၀၁၅ရက်စွဲပါ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်း ကတိစာချုပ်၊ မြေကွက်အမှတ်(၂၈၂၇)၊ အကျယ်အဝန်း (၂၅'×၅၀')အား အမည်ပေါက် ဒေါ်အေးကြည် ၁၂/ဒလန(နိုင်)၀၂၃၄၅၀ထံမှ ဒေါ်နော်သန်းသန်းအေး (TTE -၁၄၃၈၈၈) ဝယ်ယူထားသော ၁၄-၁၀-၁၉၉၅ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဒေါ်သန်းသန်းအေးထံမှ ဦးဝင်းကြည်(ခ)ဦးဝင်းနိုင် (Q/RGN -၀၀၈၁၆၆) ဝယ်ယူထားသော ၁၁-၂-၁၉၉၈ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဦးဝင်းကြည် (ခ) ဦးဝင်းနိုင်ထံမှ ဒေါ်စန်းစန်းမော် ၁၄/ပသန(နိုင်)၀၀၇၁၆၉ ဝယ်ယူထားသော ၁၀-၇-၂၀၁၈ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်၊ ဒေါ်စန်းစန်းမော် ကွယ်လွန်ပါသဖြင့် ၎င်း၏ခင်ပွန်း ဦးသန်းမှ ဒေါ်စန်းစန်းမော်၏ သေဆုံးမှုလက်မှတ်၊ ကွယ်လွန်သူ ဒေါ်စန်းစန်းမော်၏ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်းနှင့် ဒေါ်စန်းစန်းမော်၏ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ယင်းမြေကွက်အကျယ်အဝန်း (၂၅'×၅၀')ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးသန်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်း ၂၀-၁-၂၀၁၇ရက် ကျမ်းကျိန်လွှာ၊ ဦးဇော်လွင်၊ ဦးမြဝင်းတို့၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်တို့တင်ပြကာ မြေကွက်အမှတ် (၂၈၂၆၊ ၂၈၂၇) (၅၀'×၅၀')အား ဦးနေဝင်း၊ ဦးသန်းတို့ပူးတွဲ၍ ဂရန်သစ်လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ မြေအကျယ်အဝန်းပေ(၅၀×၅၀)ရှိပါသည်။ မြေပြင်တွင် လျှောက်ထားသူ ဦးသန်းကိုယ်တိုင်နေထိုင်သော တစ်ထပ်တိုက်နှင့် လျှောက်ထားသူ ဦးနေဝင်းနေထိုင်သော သွပ်မိုးပျဉ်ကာအိမ်နှင့် ဦးနေဝင်း၏မိခင်ဖြစ်သူ ဒေါ်အေးကြည် နေထိုင်သော ဓနိမိုး ဓနိကာအိမ်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ဦးနေဝင်း ၁၂/ဒလန(နိုင်)၀၂၄၃၃၈၊ ဦးသန်း ၁၄/ပသန(နိုင်)၀၀၇၁၆၈ တို့မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွာနုတ္တာသားဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ ကန်ဘဲ့ကျေးရွာနေ ဦးဇော်ဝင်း (၁၂/ဗတထ(နိုင်) ၀၂၂၅၃၈)နှင့် ဇနီးဖြစ်သူဒေါ်အေးအေး (၁၂/ကတတ (နိုင်) ၀၀၃၉၂၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးဇော်ဝင်းနှင့်ဇနီးဒေါ်အေးအေးတို့တွင် ဦးမင်းသစ်ထွန်းအမည်ရှိ တစ်ဦးတည်းသောသား မွေးဖွားခဲ့ရာ ဦးမင်းသစ်ထွန်းသည် ယခုအခါအသက်(၃၃)နှစ်ရှိပြီဖြစ်ပါသည်။ မိဘများဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါ်အေးအေး တို့သည် တစ်ဦးတည်း သောသားဖြစ်သူ ဦးမင်းသစ်ထွန်းအပေါ်လူလားမြောက်၍ ဘွဲ့ရပညာတတ်တစ်ဦးဖြစ်သည်အထိ မိဘဝတ္တရား နှင့်အညီ စောင့်ရှောက်ခဲ့ပါသည်။ သားဖြစ်သူ ဦးမင်းသစ်ထွန်းအား ၎င်းနှစ်သက်မြတ်နိုးသည့် မိန်းကလေးနှင့်ပင် မိမိတို့က အကုန်အကျ ခံ၍ တင့်တယ်စွာ လက်ထပ်ထိမ်းမြား ပေးခဲ့ပါသည်။

သို့ရာတွင် တစ်ဦးတည်းသောသားဖြစ်သူ ဦးမင်းသစ်ထွန်းသည် မိဘများ၏ဩဝါဒကို လုံးဝနာခံမှုမရှိခြင်း၊ မိဘအား တော်လှန်ပြီးရန်သူသဖွယ်ပြုကျင့်ခြင်း၊ မိဘများသဘာဝဘေးအန္တရာယ်ဖြစ်သောနာဂစ်မုန်တိုင်းဝင်ရောက်စဉ်၊ ကန်ဘဲ့ရွာမီးလောင်စဉ် ကိုယ်/နှုတ်နှစ်ပါး စလုံးလုံးဝ ကူညီစောင့်ရှောက်မှုမရှိခြင်း၊ နောက်ဆုံးမိဘနှစ်ပါးစလုံးအပေါ်တွင် အကြိမ်ပေါင်းများစွာကိုယ်ထိ လက်ရောက်သတ်ပုတ်ရိုက်နှက်ရန် ကြိုးစားခဲ့ခြင်းအပြင် မိဘနှစ်ဦးအပေါ် သားသမီးအနေဖြင့် ချစ်ခင်ကြင်နာမှုလုံးဝမရှိခြင်း၊ မိဘပိုင်ငွေကြေး ကို မိဘခွင့်ပြုချက်မရှိဘဲ အလွဲသုံးစားပြုလုပ်ခြင်းစသည့် အချက်တို့ကို ကျူးလွန်ခဲ့ပါသည်။ ယခုနောက်ဆုံးဖခင်ကြီး ဦးဇော်ဝင်း မကျန်းမမာဖြစ်နေစဉ်လည်း လုံးဝပြုစုစောင့်ရှောက်မှု မရှိခဲ့ခြင်းစသည်တို့ကြောင့် မိဘများဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါ်အေးအေးတို့က ယနေ့ (၃-၁-၂၀၁၉)ရက်နေ့မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသော သားဖြစ်သူ ဦးမင်းသစ်ထွန်း (၁၂/ဗတထ (နိုင်) ၀၃၄၃ရ၃)အား သားတစ်ဦးအဖြစ်မှ စွန့်လွှတ်၍ သွာနုတ္တာသားတစ်ဦးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

ထို့ပြင် ဦးမင်းသစ်ထွန်းအမည်ဖြင့် မိဘများကဝယ်ယူပေးခဲ့သော-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီးပေါ်ရှိ (၁၅ ပေ× ၆၀ ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-ရ၈၅(ဃ)ဟုခေါ်တွင်သည့် (၃)ထပ်တိုက်အဆောက်အဦး။

(၂) ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ (၄)ရပ်ကွက်၊ အောင်ဆန်းလမ်းရှိ စည်ပင်သာယာပိုင် မြမာလာဈေးဆိုင်ခန်း၊ ဦးမင်းသစ်ထွန်းအမည်ပေါက် ဆိုင်ခန်းအမှတ်(၁၀)နှင့် (၁၈)ဆိုင်ခန်း (၂)ခန်းတို့အား ယခင်ကပင် ဦးမင်းသစ်ထွန်း အတွက် ရည်ရွယ်၍ ဦးမင်းသစ်ထွန်းအား မိဘများကဝယ်ယူပေးခဲ့သည့်အားလျော်စွာ အဆိုပါပစ္စည်း(၂)ရပ်ကိုလည်း ဦးမင်းသစ်ထွန်း၏ပိုင်ဆိုင်မှုအဖြစ် မိဘများကယနေ့မှစ၍ စွန့်လွှတ်ပေးကမ်းလိုက်ကြောင်း အများသိစေအပ်ပါသည်။ **(အဆိုပါပစ္စည်း (၂)မျိုး၏ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများကို မိဘနှစ်ပါးထံတွင် ဦးမင်းသစ်ထွန်းမှ အချိန်မရွေးလာရောက်ထုတ်ယူနိုင်ပါသည်။)**

သို့ဖြစ်ပါ၍ ဦးမင်းသစ်ထွန်းအနေဖြင့် ယနေ့ (၃-၁-၂၀၁၉)မှစ၍ သွာနုတ္တာသားတစ်ဦးအဖြစ်ကြေငြာပြီးဖြစ်သောကြောင့် ဦးမင်းသစ်ထွန်းလက်ရှိနေထိုင်လျက်ရှိသော မိဘနှစ်ဦးပိုင်မြောင်းမြမြို့ (၈)ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၁၂)နေအိမ်မှ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်းဖယ်ရှားထွက်ခွာသွားရန်နှင့် ပျက်ကွက်ပါကဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ နောက်နောင်ဦးမင်းသစ်ထွန်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသောကိစ္စအဝဝအား မိဘနှစ်ပါးနှင့်လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်ခိုင်ယုယုအောင်
LL.B, B.A (Business Law), D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၃၃)

ဦးစိုးတင့်ရည်
B.A (Law) LL.B
တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
(စဉ်–၁၄၈ရ)

ဦးအောင်ဆန်းဦး
LL.B
အထက်တန်းရှေ့နေ (စဉ်–၄၁၃၅၉)

အမှတ်–၃၁၊ ၃–လွှာ၊ အင်းဝလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၈၆၃၂၆၂၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ် (၁၀)ရပ်ကွက်နေ ဦးကြည်မြင့် ၁၄/လပတ(နိုင်)၀၀၅၆၈၄၊ ဒေါ်ရီရီမြင့် ၁၄/လပတ(နိုင်)၀၀၅၆၉၁ တို့၏သား ဦးအောင်ဗိုလ်ဗိုလ်(ခ) ချစ်တီး ၁၄/လပတ(နိုင်)၁၁၆၇၁၂ သည်မိဘများမှ စီးပွားရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးခဲ့သော်လည်း ၎င်းမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်အပြင် မိဘများအားအရှက်ရစေရန်၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေသည့် ပြုလုပ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေပါသောကြောင့် မိဘတို့၏အမွေခံထိုက်သည့်သားသမီးအဖြစ်မှစွန့်လွှတ်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပြတ်ကြေညာလိုက်ပါသည်။

ဦးအောင်ဗိုလ်ဗိုလ်(ခ)ချစ်တီးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် တစ်စုံတစ်ရာမျှ သက်ဆိုင်မှုမရှိပါကြောင်း အများသိရှိစေရန် ကြေညာပါသည်။

ဦးကြည်မြင့်-ဒေါ်ရီရီမြင့်တို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဦး
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၁/၂၀၁၂)
အမှတ်(၁၂)၊ ရတနာလမ်း၊ (၅)ရပ်ကွက်၊ လပွတ္တာမြို့
ဖုန်း-၀၉-၂၅၀၄၄၇၅၁၄

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ လှူဒါန်းခြင်း

အမှတ်(၂၄၅)၊ ပိတောက်မြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့နေ ဦးမြင့်ကြိုင်-ဒေါ်အမာကြည် သားသမီး မြေး-မသီတာချမ်းမြေ့ဦး မိသားစုတို့မှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ ရန်ကုန်သို့ အလှူငွေကျပ်သိန်း (၂၀)တိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။

လှူဒါန်းမှုအပေါ် နတ်၊ လူသာခုခေါ်စေသော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ ၇-လွှာB၊ အမှတ် ၁၀၅ တိုက်ခန်း၏ (အလျား ၅၂ ပေ× အနံ ၁၂ $\frac{၁}{၂}$ ပေ)ရှိ ရေမီးအစုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးကို ဒေါ်စုစုလွင် ၁၂/ အလန(နိုင်)၀၄၃၂၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကိုမင်းခိုင် ၆/ဘပန(နိုင်)၀၂၁၉၅၈မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ရောင်းချခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၅ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးသန္တာလင်း
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၈)
အမှတ် -၂၂၊ မြခွာညိုလမ်း၊ စက်ကလေးရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၉၆၄၄၅၅၇

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ဆင်ကျုံကျေးရွာ အမက မူလွန် သတ္တမတန်းမှ မပိုင်သော်သော်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်လှသီတာ ၈/စလန(နိုင်)၁၃၇၁၈၈ ဖြစ်ပါကြောင်း။

ဒေါ်လှသီတာ

ကန့်ကွက်နိုင်ပါကြောင်း

